
www.burmeseclassic.com



# ရွှန်းရပိပိုး

ပထမမေတ္တာနှင်းဟား

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ရွှန်းရမိမိုး

ပထမတန်းစား

၂၀၁၄ခုနှစ်၊ ဇူလိုင်လ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ

အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင် (၁၀၂၈၅)၊ စေတနာ Offset

အမှတ်(၉၆)၊ ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်။

၈၉၅.၈၃

ရွှန်းရမိမိုး

ပထမတန်းစား၊ ရွှန်းရမိမိုး (ရန်ကုန်)

စေတနာစာပေ၊ ၂၀၁၄

၂၅၂-စာ၊ ၅×၇

(၁) ပထမတန်းစား

www.burmeseclassic.com

## ချွန်းရမိမိုး ထွက်ပြီးစာအုပ်များ

www.burmeseclassic.com


၁။ လကာျပာအရောင်ရင့်ပါမှ
၂။ ကွန်းဆိုရာမဲ့
၃။ မေတ္တာလှည့်ခန်း
၄။ ယုန်ကလေးနဲ့ ဗိုင်ယာရီ
၅။ မေးစားသမီးပုံပြင်
၆။ သံယောဇဉ်ဦး . . . ရေး
၇။ အချစ်၏ရိုက်ခတ်မှုအရှိန်၏ပဲ့တင်သံ
၈။ အငိုဆုံး . . . ရွှဲ
၉။ လေးပင်လိမ်
၁၀။ အချစ်စစ်တို့၏ ဝိညာဉ်ကကြိုး
၁၁။ မေတ္တာရေတိမ်နစ်မှာစိုး
၁၂။ ဆက်ထုံးမြေသောနေ့
၁၃။ အသည်းတွဲခရီးသည်
၁၄။ ရင်စည်းရိုးနှင့် အချစ်လေပြည်
၁၅။ အက်ဆစ်အတ္တ
၁၆။ ရင်ပိုးမြစ်
၁၇။ ကြည်နူးခြင်းလက်ဆောင်
၁၈။ သစ္စာတော်ဩဘွဲ့ညို
၁၉။ လ အရိုးကြယ်
၂၀။ ချယ်ရီရောင်သတို့သမီး ဆာတူရာချစ်သူ
၂၁။ ပစ္စုပ္ပန်၏ နောက်ကွယ်
၂၂။ ကာရံလွဲချိုးဟာမှသည် အချစ်လမ်းလွှဲဆီသို့
၂၃။ ရှုးလေ့ကား
၂၄။ ဘဝအထောနှင့် နှလုံးသားကဗျာ
၂၅။ သံယောဇဉ်ကို ဖွင့်မပြရက်ခဲ့ပါ
၂၆။ ရင်ကွဲမိုး
၂၇။ ဇယောင်းတိုင်
၂၈။ မညီမျှခြင်း၏ တစ်ဖက်စီမှာ
၂၉။ အဓိပ္ပာယ်မဲ့ မျှော်လင့်ချက်
၃၀။ သံယောဇဉ်ပြွမ်း (ပုလဲရတုအထိမ်းအမှတ်)
၃၁။ ကြယ်ကြွေခြင်းနဲ့ လမင်းလတ်ာ
၃၂။ မှုိင်နှလုံးသား
၃၃။ သက်တံရောင်ခြည် နှလုံးသားစုတ်ချက်များ
၃၄။ အချစ်ဖြင့် ပြီးပြည့်စုံသော
၃၅။ အတူတူမသက်ဆိုင်ခဲ့ရင်
၃၆။ နားလည်ကြေး
၃၇။ မြားနတ်မောင်၏ နှစ်ထယ့်တစ်ရာစုလက်နက်
၃၈။ ဂုဏ်ရွှေကို စောင်ပံခတ်မိတဲ့အခါ
၃၉။ ရာဇဝင်မလှတဲ့ကဗျာ (လင်္ကာသောဝ်)
၄၀။ နှလုံးသား ကံစမ်းမဲ (အောင်တိုင်းကျော်)
၄၁။ ချစ်သူ့ သူရဲကောင်း
၄၂။ မချစ်ဘဲ လက်ထပ်ရဲတယ်
၄၃။ လှပိုကြီးရဲ့ရှုးစာ
၄၄။ အစွန်းရောက်ပန်းပုများ
၄၅။ အချစ်၏ ခြေရင်းဝပ်စင်းရသောအမုန်း
၄၆။ ရစ်ကွက်ထဲက ပင်္ကလာပွဲ (လင်္ကာဆဲဝင်းဗီဇီယိုမှ ဝယ်ယူပြီး)
၄၇။ သံန်းခေါင်ယံတိုင်း တစ်ရေးနိုးတတ်ခဲ့တယ်
၄၈။ နှလုံးသားကို ဆင်ဆာမဖြတ်ပါနဲ့
၄၉။ အချစ်က ခါးသည်
၅၀။ ရွှေရတုဒ္ဒိဟာ
၅၁။ အသည်းတစ်ခြမ်းမှာ မိုးရွာနေတယ်
၅၂။ ချစ်တယ်ဆိုရင် မျက်စိမှိတ်
၅၃။ အချစ်ရစ်ဝန်းနှင့် မကောင်းသူများ (ဇရေမြုဗီဒီယိုမှ ဝယ်ယူပြီး)
၅၄။ ဓုတောင်ဝင်ယောတ်ျား
၅၅။ လရောင်အေးရိပ် ရွှေးတိတ်ပါစေချစ်သူ
၅၆။ ချောင်းသာဖုးစာ
<u>ယခုလ</u>
၅၇။ ပထမတန်းစား


www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ပွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာပြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



နတ်ကနားပွဲကြီးက ခြိမ့်ခြိမ့်ညံနေသည်။

"ကိုကြီးကျော် ... တို့ကိုကြီးကျော်။ ထူးလည်းထူးတယ် မြူးလည်းမြူးတယ် တို့ကိုကြီးကျော်"

သီချင်းသမကလည်း ဗီဇာဟိန်းထက်တောင် ပိုမြိုင်နေသေး။ ဒိုးဝိုင်းကလည်း မြူးမှမြူး။ ကြွမှကြွ။ သီချင်းအဝိုဆောင်းလို့ နတ်ကတော်တွေလည်း ကလိုက်တာမှ ကော့ပျံနေသည်။ သူတို့ နတ်ကနေတာပါ၊ နတ်ဝင်နေတာ မဟုတ်ပါ။ ဒါပေမဲ့ သူတို့အသုံးအနှုန်းကတော့ နတ်ချော့နေတာဟု။

နတ်ကိုယုံကြည်သက်ဝင်ကိုးကွယ်လို့ နတ်ကနားပွဲပေးတာပါ။ စီးပွားလာဘ်လာဘတွေ တိုးတက်ပွားများချင်လို့ ချော့ပြီးပေးတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ပွဲပေးတဲ့သူ တိုးပွားလား၊ မတိုးပွားလားတော့ မသေချာ။ သေချာတာကတော့ နတ်ကတော်တွေကတော့ တိုးတက်ပွားများသွားမှာပါ။ ချက်ချင်းလက်ငင်းကို လာဘ်ရွှင်ငွေဝင်သွားတာပါ။

"ကြက်သမားမှန်ရင်လေ ကိုကြီးကျော်ကို တ,ရမယ်လေ။ အို ... ဘာတဲ့ အရက်သမားမှန်ရင်လေ ဖေကြီးကျော်ကို တရမယ်လေ၊ ဖေကြီးရေ ... ဖေကြီးရဲ့ မြှုးလိုက်ပါဦး၊ ဖေကြီးရေ ... ပွဲရှင်မမကြီး အကျိုးအကြောင်း အဆိုး တွေ ကော့င်းရအောင် စောင့်ရှောက်ပါ ဖေကြီးရေ၊ အို ...တာတဲ့"

ဆိုင်းဝိုင်းနဲ့ အဆိုတော်ကလည်း အဆိုကောင်း အတီးကောင်း၊ အထောက်ကောင်း အပင့်ကောင်း။ မြိုင်ဆိုင်မြူးကြွနေသည်။

အဆိုတော်ရဲ့ အထည့်ကောင်းမှုကြောင့် ကနားရှင် အဒေါ်ကြီးမျက်နှာမှာ ပန်ထားတဲ့ သဇင်ပန်းတွေနဲ့အပြိုင် ဝေဝေဆာလို့။





နတ်ကတော်တွေကလည်း အဒေါ်ကြီးလက်ထဲက တစ်သောင်းတန်တွေကို ကြည့်ကာ ကလို့ကောင်းနေကြသည်။

ပုလင်းတွေဆိုတာ အနီ အပြာ အနက် စုံနေ၏။ ကြက်ကောင်လုံးကြော်ဆိုတာ ဝဲပျံနေသည်။

ရွှေရောင်အိနေတဲ့ နတ်ရုပ်တွေမှာ အဖိုးတန် ဓာပဝါတွေနဲ့။

ဒီကြားထဲ ပွဲရှင်ရဲ့အပေါင်းအဖော်တွေ ဆိုတာလည်း အနည်းဆုံး ငါးထောင်တန်ပဲ ကိုင်သည်။

စိန်တွေ ဖျပ်ဖျပ်သီးနေသည့် လက်တွေက ပိုက်ဆံတွေကို အလှူပေးသလို။

"တစ်ဆုပ်ကြဲရင် တစ်လှည်းဝင်တယ်နော်၊ တစ်အုပ်ကြဲရင်တော့ နိုင်ငံတော်ဝယ်ပစ်လို့ရတဲ့ မင်းစိုးရာဇာထိ က်တက်အောင် မ,မယ့်ဖေဖေကျော်ပါရှင့်၊ ဖေကြီးကျော်ရေ အားကိုးနေတဲ့ ဖေကြီးနှမတွေအတွက် ကြက်ကြော်လေး အာစွတ်တော်မူပါဦး ဖေကြီးရေ"

"ဟယ် ... စားတယ်တော့၊ ဖေကြီးတော့ မြူးနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



ကနားစီးဝင်မို့သည်။ စားမှာပေါ့။ ကြက်ကြော်က ရိုးရိုး ကြက်ကြော်တောင်မဟုတ်။ Junction Square က ကြက်ကောင်လုံးကြော်တွေ။ နတ်တွေခေတ်မီလာပြီ။ Junction Square က Lotteria က ကြက်ကြော်မှဆို၍ အပြေးသွား ဝယ်ထားရတာ။

ဆက်ရတဲ့အရက်က Blue Lable ။ ဒါတောင် သူတို့က ဒီလောက်ပဲသိလို့။ နတ်ကတော်တွေကို ပြောတာပါ။ ဒီလောက်ပဲ သိလို့။ ဒီထက်ကောင်းတာတွေ သိရင်တောင်းဦးမှာ။

ကနားစီးမျက်နှာကြီးက ပြုံးနေသည်။ ဒီတစ်ပွဲတော့ တော်တော်ထောပြီဟု။ သူ့ကောင်မတွေလည်း အဘွားကြီးတွေ သွေးတက်လာအောင် ကပြနေကြတာမှ သွက်နေတာပဲ။

ကနားစီးဦးအိမ်စည်တဲ့။ (တိုက်ဆိုင်မှုရှိရင် တိုက်ဆိုင်မှု သက်သက်ဟုသာ မှတ်ယူပေးရန်) ယောကျ်ားမှ စစ်စစ်ကြီး။ ဒါပေမဲ့ သူ့နတ်ကတော်တွေအကုန် အခြောက်တွေချည်းပဲ။ အခြောက်တောင်မှ ရုပ်ကြမ်းလို့မရ။ အချောအသန့်တွေချည်းပဲ။ နွဲ့နွဲ့နှောင်းနှောင်း ဖြူဖြူနုနုလေးတွေ။ ဒါပေမဲ့ သူတို့အဖွဲ့ထဲမှာ မိန်းမစစ်စစ် တစ်ယောက်မှ မပါ။ အောက်ခြေသိမ်းအလုပ်





သမားကအစ ယောကျ်ားတွေနဲ့ အခြောက်တွေပဲ။ ဒါက ဦးအိမ်စည်ရဲ့စတိုင်လ်ပါ။ သူ့အဖွဲ့ဝင်တွေကလည်း ဦးအိမ်စည်ကို ရိုသေရ ကြောက်ရသည်။ အခြောက်တွေပေမယ့် စည်းမရှိ ကမ်းမရှိ လုပ်လို့မရ။ ရုတ်ရုတ် ရုတ်ရုတ် လုပ်လို့ကတော့ ဦးအိမ်စည်က ချက်ချင်းမောင်းထုတ်ပစ်တတ်သည်။

ဦးအိမ်စည်ရဲ့စတိုင်လ်ကို ချပြရရင် ဦးအိမ်စည်က ဆွဲကြိုးမဝတ်။ ဒါပေမဲ့ လက်ဆယ်ချောင်းမှာ ကိုးချောင်းတော့ လက်စွပ်ဝတ်သည်။ နဝရတ်ကိုးပါးကို တစ်ပါးတစ်ချောင်းစီဝတ်တာပါ။ ပွဲကျင်းပနေချိန်ဆို အပေါ်အညို အောက်အညိုပဲ ဝတ်တာ ကျန်အချိန်တွေဆို ပုဆိုးနဲ့ စတာစ်ကော်လာနဲ့။ ဆံပင်ရှည်တွေ သျှောင်ထုံးဖွဲ့ကာ နှုတ်ခမ်းမွေးစစနဲ့ မျက်ခုံးတွေက နက်မှောင် ထူထဲကာ မျက်လုံးတွေက တစ်ဆိတ် စူးရှတောက်ပလွန်းသည်။

ကနားစီး ဦးအိမ်စည်ဆိုတာ နာမည်ကြီး။ ဦးအိမ်စည်နဲ့ ပွဲကျင်းပခွင့်ရဖို့ လွယ်တာမဟုတ်။ တောင်ပြုံးမှာဆိုလည်း ဦးအိမ်စည်ပဲ ကြီးစိုးတာ။ ဦးအိမ်စည် အဖွဲ့ထဲဝင်ခွင့်ရဖို့ မပြောနဲ့ လက်တိုလက်တောင်း အနိုင်းခံဖို့တောင် သိပ်မလွယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ဦးအိမ်စည်နဲ့ ပွဲချိတ်လို့ရပြီဆို ပွဲရှင်တွေကလည်း ဒိတ်ဒိတ်ကြဲ ချမ်းသာတဲ့သူချည်းသာ။ တစ်ခါတလေ မကင်းရှာ မကင်းကြောင်းတွေကြောင့် မဖြစ်မနေ ကပေးရတဲ့ ပွဲတွေကလည်းရှိသေး။

ဦးအိမ်စည်အတွက် နွေမိုးဆောင်းမရှိ။ ဘယ်ရာသီမှကို မနားရ။ တစ်ခါတစ်ရံ မိုးတွင်းတွေဆို အိမ်ထဲမှာ ထိုင်ကနားရတာ အားမရလို့ ဟိုတယ်မှာ ပွဲပေးတဲ့ မမတွေက ရှိသေးတာ အဲဒီလောက်ထိ ပေါက်တယ်လို့ ပြောရမှာပါ။

ဦးအိမ်စည်။ ဥပမိရုပ်ကလည်း တည်ကြည်ခန့်ညားသည်။ နေတတ် ထိုင်တတ်၊ ပြောတတ် ဆိုတတ်။ ပေါင်းတတ် သင်းတတ်။

ထို့ကြောင့် နတ်ကိုးကွယ်သူ ဒေါ်ဒေါ် မမများရဲ့ အသည်းစွဲပါ။

ဦးအိမ်စည်မှ ကနားမစီးရင် ပွဲကပဲ မဖြစ်တော့သလိုလိုအထိ အစွဲအလမ်းကြီးကြသည်။ ဦးအိမ်စည်ကိုမုန်းတဲ့သူတွေလည်း ရှိပါသည်။





သူနဲ့ အပြိုင်တွေရယ်၊ နတ်ကိုးကွယ်တဲ့ ဒေါ်ဒေါ် မမတို့ရဲ့ ယောကျ်ားတွေရယ်။ နတ်ကတော်မတွေရယ်။

ဦးအိမ်စည်ကတော့ ဘာကိုမှ ဂရုမစိုက်ဘဲ သူ့ခြေလှမ်းတွေ မှန်မှန်ရှေ့ဆက်ဆဲ။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



"အဖေကြီး ဒီတစ်ခေါက်တော်တော်စည်တယ်နော်"

ပွဲပြီးလို့ အိမ်ရောက်တာနဲ့ သူ့လက်ထောက်လည်းဖြစ်၊ ကိုကြီးကျော် ဒိုင်ခံကတဲ့ အောင်အောင် ခေါ် မအောင်က ပြောသည်။

"ငါမစည်တဲ့ပွဲ ရှိလို့လား အောင်အောင်ရယ်"

ဦးအိမ်စည်က သူ့လူတွေကို အခြောက်နာမည် ဘယ်တော့မှ မခေါ်ပါ။

ဦးအိမ်စည်က သူ့လူတွေ အကုန်ခေါ်ကာ အချိုးကျခွဲဝေပေးသည်။ နည်းတယ် များတယ် အခွန့်တက်ခွင့်မရှိ။ အခွန့် တက်ရင်ထွက်။ ထွက်ရင်လည်း တခြားမှာကရင် ထမင်းငတ်လို့သာပြင်။ ဦးအိမ်စည်ထံမှာမှ ရသေးသည်။





ပြီးတော့ ကိုယ်ကလို့ရတာ ကိုယ်ယူစနစ်လည်းမရှိပါ။ ဘာပဲရရ အားလုံးဘုံပဲ။ ထို့ကြောင့် အောင်အောင် ကိုကြီးကျော် ဒိုင်ခံကလည်း ဘယ်သူမှ မပြောတာ။ ပြီးတော့ ပိုက်ဆံက အသားတင်ရတာ။ အကုန်လုံး ဦးအိမ်စည်အိမ်မှာ စရိတ်ငြိမ်းနေကြရတာလေ။

ဦးအိမ်စည်က တစ်ကိုယ်တည်း လူပျိုကြီးပါ။ ဒါပေမဲ့ အခြောက်တွေ ရောလို့တော့မရ။ ကြောက်နေရတာ ဒူးတုန်နေသည်၊

"အဖေကြီး … အဖေကြီးနဲ့" ပါးစပ်ဖျားက မချနိုင်တာလည်း ဦးအိမ်စည်က မိသားစုသဖွယ် ကောင်းလို့ပါ။ စည်းကမ်းတင်းကျပ်သလို တစ်ခုခုဆိုလည်း ဒိုင်ခံဖြေရှင်း မားမားမတ်မတ် ရပ်တည်ပေးသဖြင့် သူတို့ ချစ်ကြောက်ရိုသေရပါသည်။

ခုလည်း အကုန်လုံးခွဲပေးပြီး အပေါ်တက်သွားသည်။ အားလုံး ဘယ်လောက်ရလဲ သူတို့မသိရ။ ပွဲမှာရသမျှ အဖေကြီးဲ ဒိုင်ခံသိမ်းသွားတာကိုး။ ဘယ်လောက်ရလဲ မေးခွင့်မရှိ။

ခုလောက်ဆို ဖုန်းတစ်လုံးနဲ့ ပွဲတွေချိတ်နေလောက်ပြီ။ ခုတောင် ဒီပွဲကိုလာတဲ့ အန်တီကြီးတွေ ရက်တောင်းနေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



မအောင်ခေါ် အောင်အောင်ကတော့ အဖေကြီးရဲ့ ဒရိုင်ဘာလည်း ဟုတ်သည်။ ထို့ကြောင့် အဖေကြီးအပြင်သွားမယ်ဆို အသင့်ပြင်ထားရ၏။

"ဒီတစ်ပွဲပင်ပန်းတယ် မအောင်ရယ်"

"ပင်ပန်းသလောက်လည်း ရပါတယ်ဟယ်"

"မအောင် ... မအောင်ဆို အရမ်းတော်တာ ခွဲထွက်လို့ ရတာပဲ။ ဘာလို့မထွက်တာလဲ။ မအောင်သာမရှိရင် အဖေကြီး လက်တစ်ဖက် ပြုတ်တာပဲ"

"မထွက်ရဲပါဘူးအေ။ အဖေကြီးဆီမှာမှ ဆီဆားအစုံနဲ့ ဖြည့်စားရုံပဲ။ ခွဲထွက်လို့ လွဲသွားရင် ထမင်းရည်တောင် နပ်မမှန် ဖြစ်သွားမယ်။ ကျုပ်အရင် သူ့လက်ထောက် မီးမီးဆို ခွဲထွက်သွားတာ ဗွမ်းလိုက်တာမှ ဗွမ်ဗွမ်မြည်နေတာ။ အဖေကြီးဆီမှာ ထမင်းနပ်မှန်တယ်။ ကျုပ်ကိုလာမြှောက်မပေးနဲ့။ ကျုပ်ထွက်သွားလည်း နောက်လူလာမှာပဲ။ ကျုပ်ပဲ ဗွမ်းမှာ"

"စေတနာနော် မအောင်၊ တလွဲတော့ မတွေးနဲ့"





"အေးပေါ့အေ၊ ညည်းက နာဆိုတော့လည်း နာပေါ့"

"စေတနာပါ"

"အေးပါ ... အဲဒီနာပါပဲ ... ဟင်း"

"ညောင်းကိုက်နေတာပဲ၊ အနှိပ်ခံချင်လိုက်တာ"

"ဟဲ့ ... ညည်းနော်၊ အဲလိုကြပ်ကြပ်ပြော၊ အခြောက်မ စစ်လို့ကတော့ ညည်း စစ်ပြုတ်သွားလိမ့်မယ်"

"ဟယ် ... ရိုးရိုးသားသား ပြောတာပါ"

"ကျုပ်ကတော့ Spa သွားစိမ်ချင်တာ။ အဖေကြီးဆီ ခွင့်တောင်းကြည့်ဦးမယ်"

"မအောင်သွားရင် သမီးလည်း လိုက်မယ်"

"အကြောဆွဲမ နင်နဲ့မသွားချင်ဘူး။ နန့်လွန်းလို့"

"အမယ်လေး ... အခြောက်ဖြစ်မှတော့ သမာဓိကြီးနဲ့နေလို့ရမလား။ နန့်မှ ရမှာပေါ့"

"အေးပါ ... ဒီစကား အပေါ်ထပ်က မကြားစေနဲ့၊ သူက မကြိုက်ဘူး"

"သူ မကြိုက်တာချည်းပဲ ... ဟွန်း။ သူ့ကိုပါ စနိုက်ကောင် ပစ်လိုက်ရ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက် ပြောနေတာတောင် ပြောရဲသေးတယ်"

"စတာပါ။ ချစ်လို့စတာ မနာကြေး ခိ ခိ"

"ကဲ ... ညည်းနဲ့ ပွင့်နေဖို့ အချိန်မရှိဘူး။ အပေါ်ကိုဖုန်းဆက်လိုက်ဦးမယ်"

"အထက်အရာရှိဆီလား"

"တော်တော့ ကောင်မ၊ ပိတ်တော့"

မအောင်က ပြုံးစိစိနဲ့ အဖေကြီးဆီ ဖုန်းခေါ်လိုက်သည်။ အပေါ်ထပ်နဲ့ အောက်ထပ်တောင် မခေါ်ဘဲ တက်ခွင့်မရှိ။ ပြောစရာရှိရင် ဖုန်းနဲ့ပြောရသည်။ ဖုန်းကလည်း တစ်ချိန်လုံးလိုလို မအား။

"ငါလေ အပေါ်ကို ဖုန်းခေါ်ရတာလောက် စိတ်ညစ်တာ မရှိဘူးဟယ်။ ဖုန်းနှစ်လုံးကို ဘယ်တော့မှ မအားဘူး"

"ဟင်း ... ပေး၊ ခေါ်ပေးမယ်"

ထိုနေ့က ဖုန်းခေါ်မရဘဲ အဖေကြီး အပေါ်ထပ်က ဆင်းလာသည်။

"အောင်အောင်ရေ ... အပြင်သွားမယ်ဟေ့"





အဖေကြီး ဆင်းလာတာနဲ့ အခြောက်တွေ အုံလာသည်။

"အဖေကြီး ... မီးတို့ အပြင်သွားချင်လို့"

"သွားချင်သွား၊ ပြဿနာ မရှာခဲ့နဲ့၊ အဖွဲ့လိုက်ကြီးမသွားနဲ့ သုံးယောက်ဆီ ခွဲသွား။ ညရှစ်နာရီအတိဆို ပြန်ရောက်ပစေ"

"ဟုတ်"

"အောင်အောင် ... သွားမယ်"

"ဟုတ်ကဲ့ ဖေကြီး"

မအောင်တစ်ယောက် အဖေကြီးအလစ်မှာ ရှုံ့မဲ့ပြသွားသည်။ ကျန်တဲ့လူတွေကတော့ လွတ်လပ်ရေး ရသွားပြီ။

ရှော့ပင်ထွက်မယ့်သူနဲ့။

မြို့တီစလွှန်း သွားမယ့်သူနဲ့။

ရုပ်ရှင်ကြည့်မယ့်သူနဲ့။

အကြံတူချင်း အသီးသီးစုကာ အလျှိုအလျှို ထွက်ခွာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မအောင် တစ်ယောက်တော့ လှုပ်မရ၍ ညစ်သွားသည်။ ကိုကြီးကျော် ကရတာ ပင်ပန်းသည်။ Spa သွားစိမ်ချင်တယ်ဆိုမှ။

အဖေကြီးလည်း ပင်ပန်းမှာပဲ။ ဒါပေမဲ့ မနားတမ်း အလုပ်လုပ်နိုင်တာကိုတော့ အံ့သြပါ၏။ ဘာဆေးတွေများ စားထားပါလိမ့်။

❋ ❖ ❋





အပေါ်ထပ်မှာ သန့်ရှင်းရေး လုပ်ပေးရတဲ့နေ့ဆို မအောင်တို့ တက်ခွင့်ရသည်။ ဒါတောင် မအောင်နဲ့ သန့်ရှင်းရေး သမားလောက်ပဲ တက်ရတာ။ သန့်ရှင်းရေးက အဓိက နတ်ရုပ်တွေကို လုပ်ရတာပါ။

နတ်ရုပ်တုတွေကို ရွှေရောင်ဝင်းအိ ပြောင်လက်နေမှ။ Air-cond တစ်ချိန်လုံး လွှတ်ထားပေးသဖြင့် အေးစိမ့်မွှေးပျံ့နေသည်။ ပန်းတွေဆိုတာ မနွမ်းစေရ။ ပွဲတွေကလည်း လတ်ဆတ်နေသည်။

မအောင်တို့က သုံးရက်တစ်ခါပဲ သန့်ရှင်းရေးလုပ်ပေးရတာပါ။ ကျန်တဲ့နေ့တွေ အဖေကြီးပဲ လုပ်သည်။ ပွဲကလည်း ဆက်နေတာ။ နားရလှ နှစ်ရက် သုံးရက်ပဲ။ တစ်ခါတလေ အိမ်



www.burmeseclassic.com

www.burmeseclassic.com



မပြန်နိုင်ဘဲ ပွဲကူးရတာတွေတောင် ရှိသေး။ ဓာတ်သမားတွေထက် ပိုအလုပ်လုပ်ရသည်။

အဖေကြီးနားမှာ ဝိုင်းနေသူ သူဌေးမကြီး ငယ်ရွယ်လတ်တွေ၊ သူဌေးကတော်ကြီးငယ် ရွယ်လတ်တွေ တန်းစီနေသည်။ ပွဲပေးဖို့ ရက်ချိန်းလုနေကြသည်။

ဝါတွင်းသုံးလတောင် မနည်းရှောင်ရသည်။ ဝါတွင်းသုံးလဆို အဖေကြီးက အမိဋ္ဌာန်ဝင်ပြီ။ သက်သတ်လွတ်စားပြီ။ အဲဒီအချိန်ဆို မအောင်တို့လည်း မိဘဆွေမျိုးအိမ် ပြန်လို့ရပြီ။ အဖေကြီးကတော့ ဘယ်မှမပြန်။ အဖေကြီးရဲ့ မိဘဆွေမျိုးဆိုတာ ဘယ်သူတွေမှန်းတောင် မသိရ။ တစ်ခါမှ မကြားဘူး။ မမေးရဲလို့ မေးလည်း မမေးဘူး။

အဖေကြီးက အာလာပသလ္လာပ သိပ်မပြော။ ပြောရင်လည်း မကြိုက်။ သူနဲ့ပြောရင်သာ မကြိုက်တာ၊ ကိုယ့်ဘာသာဆိုရင်တော့ လွတ်လွတ်လပ်လပ်နေလို့ရသည်။ သူက အောက်ထပ်ကို ဆင်းမလာတာ။

ထမင်းစားရင် အပေါ်ထပ်ကို ချိုင့်နဲ့ပို့ပေးရသည်။





ထမင်းဟင်းကတော့ ရှယ်ပဲ။ အခြောက်တွေက မီးမစစ်စစ်တွေထက်ပိုပြီး ဟင်းချက်ကောင်းသေးသည်။ ဟင်းအတွဲအစပ်လည်း ကောင်းပါ့။

အားလုံးကို စီမံခန့်ခွဲပေးတဲ့ အိမ်တော်ထိန်း ဦးညို ဆိုတာရှိသည်။ ဦးညိုက အိမ်စရိတ်ကို စီမံခန့်ခွဲရသည်။ ပိုက်ဆံလိုချင်ရင် အဖေကြီးဆီ တောင်းရုံ။

ဦးညိုကလည်း အဖေကြီးလိုပဲ စကားသိပ်မပြောဘဲ လုပ်စရာရှိတာ မပြတ်လုပ်နေတဲ့သူ။ ဦးညိုဆီမှာလည်း အဖေကြီး အကြောင်း စပ်စုလို့မရ။

တားမြစ်ချက်တစ်ခု ရှိသည်။ ဆေးလိပ်လုံးဝမသောက်ရ။ ရုပ်ရှင်မှာစိုးလို့တဲ့။ ကျန်းမာရေးမညီညွတ်တာထက် ရုပ်ကျမှာစိုး၍ အခြောက်တွေ ဆေးလိပ်မသောက်ရပါ။

ဆေးလိပ်ကလွဲရင် အရက်ဘီယာ ကြိုက်တာ သောက်။ ကိုယ့်စရိတ်နဲ့ကိုယ် အန်ဖတ်ဆို့အောင်သောက်သောက် မပြော။ ပြဿနာတော့ ရှာခွင့်မရှိ။ သူတို့တွေစုပြီး ဖဲရိုက်လည်း တစ်ခွန်းမှမပြော။ အလုပ်ချိန်မှာ အလုပ်နဲ့တူအောင်လုပ်ရင်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း အားလုံးက အဖေကြီး အလုပ်မှာ ပျော်နေကြသည်။ အခြောက်တွေက နတ်ကရုပ်ပဲ။ ကျန်တဲ့ကိစ္စ အဝဝက သူ့တာဝန်နဲ့သူ ခွဲထားသည်။ အဓိကတော့ ဦးညို့နဲ့ မအောင်ပဲ။

တစ်ခါတလေ စုန်းပြူးတွေပါလာလို့ ပြဿနာတက်ရင်လည်း ရှင်းရန် လူကြမ်းတွေရှိသေး၏။ လူကြမ်းဆိုတာက ဘာပြဿနာမှ မရှိရင်တော့ အလုပ်ကြမ်းသမား။ ပစ္စည်းသယ်တာ ထမ်းတာ လုပ်ရသည်။ ပြဿနာတစ်ခုခု ဆိုရင်တော့ ဖိုက်တာတွေ ဖြစ်ကုန်သည်။

အားလုံးကို ငြိမ်အောင် ထိန်းထားနိုင်တာ အဖေကြီးရဲ့ အရည်အချင်းပါပဲ။

❋ ❖ ❋





ခုတလော ပွဲဆက်တွေများသလို ပြဿနာတွေလည်း တန်းစီနေသည်။

နောက်ခန့်လိုက်တဲ့ အခြောက်တစ်ယောက်က ပွဲရှင်ဆီက ပစ္စည်းခိုးသည်။ ပိုက်ဆံနီးရင် ပိုက်ဆံခိုးသည်။ အဖိုးတန်ပစ္စည်းတွေ့ရင်လည်း ဘာတ်သည်။ အဖေကြီးပိုင်ပစ္စည်းတောင် ထိရဲသည်။

လက်ပူးလက်ကြပ်မမိဘဲ အခိုးခံရတာ သုံးလေးခါ ရှိတော့ သေချာစောင့်ကြည့် အကဲခတ်နေသည်။

စောင့်ကြည့်တော့ မိတာပေါ့။ မိတော့ အဖေကြီးရဲ့ လူကြမ်းတွေ ဝိုင်းသမကာ နှင်ထုတ်လိုက်ရသည်။

မအောင်တို့က ရဲခန်းပို့ဖို့ တိုက်တွန်းကြပေမယ့် အဖေကြီးကမလုပ်။ အလုပ်ပဲ ထုတ်လိုက်သည်၊

www.burmeseclassic.com

www.burmeseclassic.com



သူ့ခိုးပြဿနာရှင်းပြန်တော့ ဆိုင်းဝိုင်းပြဿနာ တက်ပြန်သည်။ ဘာတွေမှားမှန်း မသိ။ ဆိုင်းဝိုင်းက လမိုင်းမကပ်ဘဲ ဂျိုးဂျောင် အသံတွေပဲ ထွက်သည်။ ဘယ်လိုမှ ညှိမရ ချိန်မရ တီးမရ ကမရ။

ဆိုင်းဆရာလည်း ပွဲတွေပေးတာပဲ။ လုပ်လို့ကိုမရတာ။ မအောင် ကိုယ်တိုင်ဝင်ပြီး တိုးလျှိုးလည်းမရ။

"အမယ်လေး ... ဆိုင်းကို ဘယ်သူအစာသွပ်သွားလဲမသိဘူး။ လုံးဝလမိုင်းမကပ်တာ"

"အဖေကြီး၊ မအောင် လုပ်လို့မရဘူး"

ပွဲပေးတဲ့ ပွဲရှင်လည်း မျက်စိပျက်၊ မျက်နှာပျက်။

"ဦးအိမ်စည် ကျွန်မပွဲကျမှ ဘယ်လိုဖြစ်တာလဲရှင်"

"မပူနဲ့ မကြည်။ ကျွန်တော် လုပ်ပေးပါမယ်"

"အဖေကြီး ပွဲတင်မှာလား"

"ဟုတ်တယ်"

မအောင်တို့ ပျာယာခတ်ကုန်သည်။ အဖေကြီးကိုယ်တိုင် ပွဲဝင်မြှောက်ကာ ပင့်တော့မှ လမိုင်းကပ်ကာ စည်းချက်ညီသွားသည်။ ထိုအခါမှ ပွဲရှင်လည်း မျက်နှာကြည်သွားကာ ...





"အဲဒါကြောင့် အဖေကြီးကို အားကိုးတာ။ အဖေကြီးဆိုတာ တော်ရုံနဲ့ ရထားတဲ့နာမည် မဟုတ်ဘူးလေ"

ခုနတော့ ဦးအိမ်စည်လေး ဘာလေးနဲ့။ တစ်ခါမန္တလေးကို ပွဲအသွား အမြန်လမ်းမှာ အက်ဆီးဒန့်စ်ဖြစ်ပြန်သည်။ လူတွေ ဘာမှမဖြစ်လို့သာ တော်တော့သည်။ ကားနဲ့ နတ်ရုပ်တွေတော့ တော်တော်ပျက်စီးကုန်သည်။

ပြဿနာတွေ ဆက်တိုက်တက်နေ၍ ဦးအိမ်စည်မျက်နှာတင်းနေသည်။ မအောင်တို့လည်း ငြိမ်ကုပ်နေရသည်။

ပွဲလမိုင်းမကပ်လို့ အဖေကြီး ဝင်ပင့်ရတုန်းက အကြောင်းမသိသေးတဲ့ အခြောက်တွေက အဖေကြီးအစွမ်းအစကို ဖျားကုန်ကြသည်။

"သြော် ... ဒါကြောင့်လည်း ကနားစီးဦးအိမ်စည်လို့ နာမည်ကြီးတာကိုး"

"အဲဒါပြောတာပေါ့၊ ခုနေ ကျုပ်သာ တစ်ဆိုင်းခွဲထွက်လိုက်ရင် ဝွမ်းပြီ"

"မအောင် ပြောတုန်းက မယုံခဲ့ဘူး။ အဖေကြီး နတ်ကတာလည်း တစ်ခါမှ မတွေ့ဖူးဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... တစ်ခေတ်တစ်ခါက ကခဲ့ဖူးတယ်။ နာမည်ကြီးတော်ရေ။ ရှင်တို့က ကလေးပဲရှိသေးတော့ ဘယ်သိမလဲ"

"မအောင်ကတော့ ရှေ့မီ နောက်မီ ဆိုတော့ သိမှာပေါ့။ အဖေကြီးကတော့ ယောက်ျားပုံစံနဲ့ပဲ ကတာလား"

"ဟုတ်တယ်၊ ယောက်ျားပုံနဲ့ပဲ"

"ဩော် ... များတို့မှာတော့ မနွဲ့ချင်ဘဲ နွဲ့နေရတာ သိလား၊ ဒီအလုပ်က စားဝေါက်ချောင်တယ်လေ၊ ဟင်း... ယောက်ျားပုံစံနဲ့သာ ကလို့ကတော့ ထမင်းငတ်မှာ"

"နင်က အဲဒါဆို အကြံအဖန် အခြောက်ပေါ့"

"ဟုတ်ဘူး ... နှစ်ဖက်ချွန်"

"ကောင်မ အကျင့်မကောင်းဘူး"

"အံမယ် ... မအောင်ကရော"

"ကျုပ်က အခြောက်စစ်စစ် ရေမရောဘူး၊ ရေရောရင် အဖိုးမတန်မှာစိုးလို့"

"မအောင်က အဘိုးတောင် အလွတ်မပေးဘူးပေါ့"





"အေးပေါ့အေ ရတာစားပေါ့ဟဲ့၊ ကောင်မရယ် ဘာတွေ ပြောနေတာလဲ နားရှက်စရာအေ ညည်းကလည်း၊ အဘိုးကြီးတော့ စိတ်ဝင်စားစရာလားအေ"

"အဟီး ... သမီးက နောက်တာပါ မအောင်ရဲ့"

"ဟီမနေနဲ့နော်၊ အဖေကြီး စိတ်ကြည်တာ မဟုတ်ဘူး။ အရိပ်အခြေ ကြည့်နေ။ တော်ကြာ နင်ပါနှင်ထုတ်ခံနေရမယ်နော်"

"အင်းပါ ... ခြိမ်းခြောက်နေတာပဲ၊ ခုတလော ဘာလို့ ပြဿနာတွေ ဆက်နေလဲ မသိဘူးနော်"

"တစ်ခါတလေ ဖြစ်တတ်ပါတယ်ဟယ်။ အခိုက် အတန့်ပေါ့"

မအောင်ကတော့ ဝါရင့် သမ္မာရင့်ဆိုတော့ အေးဆေးပဲ။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



ဝါတွင်းမှာ ကနားမပေးပါ။ အဖေကြီးက လက်မခံတာပါ။ ပွဲရှင်တွေကတော့ ပေးလို့ရရင် ပေးချင်သေးတာ။

ကျောက်သူဌေးတစ်ယောက်ဆို ...

"အဖေကြီးနဲ့ ပွဲပေးပြီးရင် အလုပ်က အလိုလို ထဖြစ်တာဗျာ။ ဖြစ်နိုင်ရင် ဝါတွင်းတောင် ကနားပေးပစ်ချင်တာ"

"ကျွန်တော် ဝါတွင်းရှောင်တယ်ဗျာ။ ဝါတွင်းဆို သုံးလလုံး ဥပုသ်စောင့်တယ်။ သက်သတ်လွတ်စားတယ်။ အဲဒါမှ သမာဓိအား တက်မှာဗျ။ ကိုယ့်သမာဓိတက်မှ ကိုယ့်ပွဲရှင်တွေလည်း အဆင်ပြေမှာလေ။ ကိုယ့်ပွဲရှင်တွေလည်းအဆင်ပြေမှာလေ။ အဲဒါကြောင့်ပါ"

"အလောင်းအစားနဲ့ ဖြစ်အောင်လုပ်ရတာလေးတွေ သဘောကျလို့ပါဗျာ"





"ဒါကတော့ဗျာ။ ဒီလို အဆင်ပြေအောင် ကျွန်တော့်ဘက်ကလည်း အလုပ်လုပ်ပေးတာကိုး။ အဆင်ပြေရင် ဝမ်းသာပါတယ်ဗျာ"

ထိုကျောက်သူဌေးဆို ပထမက နတ်ဘာညာဝါသနာမပါ။ သူ့မိန်းမက လုပ်တာ။ ဒါပေမဲ့ လုပ်ရင်း အလုပ်ကိစ္စတွေအောင်မြင်လာတော့ သူပါ စိတ်ပါလာတာပါ။ သူတို့စိတ်ဝင်စားတော့ မိန်းမတွေထက် ပိုပြီးရက်ရောပါသည်။

ပွဲဖြစ်တိုင်း အလုပ်ဖြစ်တယ်ဟု စိတ်စွဲကာ အလုပ်တစ်ခု လုပ်ကာနီးတိုင်း ကနားပေးတော့သည်။

ဝါတွင်းတောင် ပေးချင်တာ ကနားစီးက လက်မခံတော့ ...

"ဒါဆို ဝါတွင်း အလုပ်တွေတောင် မလုပ်ဘဲ နားထားရမလို ဖြစ်နေပြီဗျာ။ ကနားမပေးရရင် အလုပ်လုပ်ဖို့ယုံကြည်မှုမရှိဘူး ဖြစ်နေပြီ"

အဲဒီလောက်အထိ ဦးအိမ်စည်က အစွမ်းထက်လေသည်။ ခုလည်း ဟပည့်တွေကို လက်ချာရိုက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နတ်ကတော် လုပ်မယ်ဆိုရင် ဗေဒင်ပညာလည်း တတ်သင့်သလောက် တတ်ရတယ်။ တချို့ကျတော့လည်း အင်္ဂါရုပ်ကြမ်းတွေ ဘာတွေ လေ့လာတယ်။ လက္ခဏာရေး အင်္ဂါရုပ်ရော ကျွမ်းကျင်တယ်၊ ပြောတတ် ဟောတတ်တယ်ဆိုရင် နတ်ကတော်ဖြစ်ပြီ"

ဗေဒင်လက္ခဏာစာအုပ်တွေ အင်္ဂါရုပ်ကျမ်းတွေ စသဖြင့် စာအုပ်စင်အပြည့် ထားပေးထားသည်။

"စာချည်းပဲ ဖတ်နေရုံနဲ့လည်း မပြီးဘူး။ စကားပြောထတ်ဖို့လည်းလိုတယ်။ ရှိသင့်သလောက်ပဲရှိ။ ကိုယ်မသိတဲ့ မပိုင်တဲ့ အကြောင်းအရာကို ဘယ်တော့မှ တရားသေမပြောနဲ့။ ကိုယ့်လည်ပင်း ကိုယ်ကြိုးကွင်းစွပ်သလိုပဲ။ အမြဲတမ်း တကွက်ချန်ပြောတတ်ရတယ်။ နှစ်ဖက်ချွန် နှစ်ဖက်ခွ နှစ်မျိုးအဓိပ္ပာယ်ရတဲ့ စကားမျိုး ရွေးပြောတတ်ရတယ်။ အထူးသဖြင့် အဓိပ္ပာယ်နှစ်ခွ ပြောတတ်မှ။ ဖြစ်နိုင်ရင် အဓိပ္ပာယ်သုံးလေးမျိုး ကောက်လို့ရအောင် ပြောတတ်ရင် မင်းတို့ အောင်မြင်ပြီ"

"ဟုတ်"





အခြောက်တွေရဲ့အသံ တညီတညာတည်း ထွက်လာသည်။

"နတ်ကတော်ဆိုတာ အဝင်အထွက် တတ်ရတယ်။ ကိုယ်ပြောတာ ဆိုရာ အောင်မြင်ဖို့ ဘာသာရေးပါ တွဲလုပ်စေချင်တယ်။ နတ်တွေချစ်ခင်အောင် နတ်မကြိုက် ဘုရားမကြိုက်တဲ့ အလုပ်တွေ မလုပ်ရဘူး"

"ဟုတ်"

"ပြီးတော့ ငါ့ဆီမှာနေရင် ယောက်ျားတွေနဲ့ မပတ်သက်ရဘူး။ ယောက်ျားတွေနဲ့ ပတ်သက်ရင် နင်တို့ဘက်က အရှုံးချည်းပဲ။ နင်တို့ အောင်မြင်နေသရွေ့တော့ သာယာနေမှာပဲ။ နင်တို့ စုတ်ပြတ်နေရင် ဘယ်ကောင်မှ ကပ်မှာမဟုတ်ဘူး။ ကန်ထုတ်မှာ နားလည်ကြ"

ဒီတစ်ခါတော့ ဟုတ်,သံက လေသံပဲထွက်လာကြသည်။ ဦးအိမ်စည်က တပည့်အခြောက်တွေကိုကြည့်ကာ ခေါင်းခါသည်။ ဘာမှ ဆက်မပြောတော့။

ဦးအိမ်စည် အပေါ်ထပ် တက်သွားတော့ ဦးတိုးက...



www.burmeseclassic.com

www.burmeseclassic.com



"အဖေကြီးက နင်တို့ကို ဘာလုပ်သင့်တယ်၊ ဘာမလုပ်သင့်ဘူးဆိုတာ ဆုံးမသွားတာပဲ။ နင်တို့ လိုက်နာနိုင်ရင် ကောင်းစားမယ်။ မလိုက်နာတဲ့သူ၊ လိုက်နာမှုအားနည်းတဲ့သူကတော့ ဒုက္ခရောက်မှာပဲ"

"ဦးတိုးကြီး ... ဦးတိုးကြီးကတော့ အဖေကြီးအကြောင်း အသိဆုံးနေမှာပေါ့နော်"

"ကောင်မတွေနော် ... မစပ်စုနဲ့၊ ငါ မကြိုက်ဘူး၊ အဖေကြီးလည်း မကြိုက်ဘူး"

ပြောပြီးတာနဲ့ မီးဖိုထဲ ဝင်သွားသည်။

"အံ့သြပါ့၊ သူ့ပိုကြောက်ရတယ်"

"အဖေကြီးရဲ့ လူယုံတော်ပဲဟယ်၊ ဒီလောက်တော့ ရှိမှာပေါ့"

"ငါလေ အဖေကြီးအကြောင်း သိပ်သိချင်တာပဲ။ ဘာမှ မသိရလေ ပိုစိတ်ဝင်စားလေပဲ"

အခြောက်တွေ တွတ်ဘိုးနေတာကို နားတစ်စုံက ကြားနေပါ၏။

❋ ❖ ❋





"တီတီ ... တီတီ"

"ဟဲ့ ... ညည်းသည် လာတယ်။ ခြံစောင့်ကို ငါခိုင်းလိုက်လို့။ တစ်ယောက်သွားဦး"

"အဲဒီ ဦးတိုးကြီးဟာလေ နေပူတယ်၊ သူ့ဘာသာသွားပါလား။ နေလောင်မှာ ကြောက်လို့ပါဆို မနေ့ကမှ ပေါင်းတင်ထားတာ"

"ကဲ ... ငါ ဒီမှာ လက်မအားလို့။ သွားစမ်းပါ"

"ဂယ်ပဲတော့၊ အသားအရေတွေ ပျက်စီးကုန်ရင် ပြန်လျော်ရမယ်၊ နှစ်ဆနော် ... ဟင်း"

သူသူ ဆိုသည့် အခြောက်မ ခြေဆောင့်ကာ ထွက်သွားသည်။

"ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲရှင်"



www.burmeseclassic.com

www.burmeseclassic.com



ကားက သားသားနားနားကြီး။ မှန်တစ်ဝက်ချကာ ထွက်လာတဲ့မျက်နှာကြီးက အဆီအစ်နေတဲ့ မေးနှစ်ထပ်ကြီးနဲ့။

"စည်ရှိလား"

"ဆီလာဝယ်တာလား။ မှားနေပြီနော်။ ဒါ ကုန်စုံဆိုင် မဟုတ်ဘူး။ ဆီလိုချင်ရင် ဈေးထဲသွား"

"ဘာတွေပြောနေတာလဲ"

"အစ်ကိုအိမ်စည်နဲ့ တွေ့ချင်လို့"

"ပြောပြောက အဲလိုစောတကောရောပေါ့ အန်တီရယ်"

"မမလုပ်ပါအေ ... ညည်းကလည်း"

"ဆောရီး ... မမ၊ ဆောရီး ... ကြွပါရှင်"

အိမ်ထဲရောက်တော့ ဧည့်ခန်းမှာ အသင့်စောင့်နေနေသည့် ဦးတိုးကို မျက်စောင်းထိုးကာ ...

"နှစ်ဆနော်"

ဦးတိုးက သူသူ့ကို ဂရုမစိုက်အားပါ။

"ဘာကိစ္စများလဲဗျာ"

"အစ်ကိုအိမ်စည်နဲ့ တွေ့ချင်လို့။ သူ့ကိုဖုန်းဆက်ထားတယ်"

"ခဏစောင့်ပါခင်ဗျာ။ ဘယ်သူလို့ ပြောပေးရမလဲ"





"ပြင်သစ်က ပြန်လာတဲ့သူလို့ ပြောလိုက်"

သူသူက နှာခေါင်းရှုံ့သည်။ အင်တာကွန်းနိပ်ကာ ပြောပေးလိုက်တော့ အဖေကြီး ဆင်းလာသည်။

"စည်"

"ဟုတ်ကဲ့ မမဝါ၊ ထိုင်ပါဦး"

"ပြင်သစ်က ရေမွှေးဝယ်လာလို့ လက်ဆောင်လာပေးတာ စည်ရဲ့"

"အတော်ပဲဗျာ၊ နတ်ဆက်ပေးပါ့မယ်"

"နတ်ဆက်ဖို့က ဝါသက်သက်ထပ်ယူလာပြီး ဆက်ပေးမယ် လေ။ ဒါက စည်သုံးဖို့ ဝါက သတိတရနဲ့ ဝယ်လာတာ စည်ရဲ့"

"ရပါတယ်၊ မဝါက ကျွန်တော့်ကိုပေးတယ် ဆိုပေမယ့် ကျွန်တော်က နတ်ပြန်ဆက်ပေးလိုက်ပါ့မယ်။ ကျွန်တော်က အမွှေးနံ့သာတွေ မသုံးတတ်လို့ပါ မဝါ"

သူသူတို့က ချောင်းကြည့်ပြီး ပြုံးနေကြသည်။ အောင်ကဆို ဒေါ်ဝါရဲ့ အီးပိတ်နေတဲ့ မျက်နှာကြီးကို ဓာတ်ပုံတောင် ခိုးရိုက်လိုက်သေးသည်။ ခွိ ခွိ။



www.burmeseclassic.com

www.burmeseclassic.com



ခဏနေတော့ ဒေါ်ဝါ ပြန်သွားသည်။ အမေကြီးက အားလုံးကိုခေါ်ပြီး ...

"မဲနှိုက်ပြီး ပေါက်တဲ့သူ ယူလိုက်"

"ဝေး ... ဟေး ... ဒါမှ တို့အမေကြီးကွာ"

"ကော်တာပဲ ... ကော်တာပဲ"

"ငါပေါက်ပါ၊ ဘာရှိဘဲဘဲကို ပေးချင်းလို့"

"ငါလည်း ငါ့အချစ်ကို မျက်နှာလုပ်ချင်တယ်ဟယ် ... ငါပေါက်"

"ညည်းကလည်းအေ မျက်နှာတော့ မလုပ်ပါနဲ့"

"ဟဲ့ကောင်မ ... ရွံစရာတွေ့ မပြောစမ်းနဲ့"

"နင်တို့ အဲလောက်လုယက်နေရင် ငါ ဒိုင်စားလိုက်မှာနော်"

"ဦးတိုးကြီးနော် ... ဟွန့်လို့ဆို"

"နှစ်ဆနော် ပေးဆို"

❋ ❖ ❋





ဦးအိမ်စည်ကို သဘောကျတဲ့ မဒီတွေ တော်တော်များပါသည်။ အပျိုဟိုင်းကြီးတွေ။ မုဆိုးမတွေပေါ့။

ဦးအိမ်စည်ကို အခြောက်တွေက နာမည်ပေးထားသည်။ SKB မဟုတ်။ SKB ဆိုတာက ဆော်ကြည်ဘဲကိုပြောတာ။ PKB တဲ့။ ဘွားကြည်ဘဲတဲ့။ လာလိုက်ရင် အဘွားကြီးတွေချည်းပဲမို့လို့။

ဒါပေမဲ့ ဦးအိမ်စည်က အရှောင်အတိမ်း တတ်ပါသည်။ ယောက်ျားကြီးလို့သာနေတာ ခြောက်များနေလားမသိဘူးဟုတောင် ထင်ကြပါသည်။

ဦးအိမ်စည်ဟာ အသက်လေးဆယ်ကျော်ပဲ ရှိသေးပေမယ့် လုပ်တဲ့အလုပ်ကြောင့် ကောင်မလေးတွေတော့ မကြိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကနားစီးအလုပ်ဆိုတာကို ခုခေတ်ကောင်မလေးတွေ ရင်ခုန်ဖို့ဝေးစွ ရပ်ဝန်းပဲပေါ့။

တချို့ကလည်း ဦးအိမ်စည်က အခြောက်ကြီးလား အပုန်းကြီးလား။ ဒါမှမဟုတ် အခြောက်မတွေရဲ့ ယောက်ျားလား။ အမျိုးမျိုး ထင်ကြေးပေးကြတာပေါ့။ ဒါပေမဲ့ အကြောင်းသိတွေ ကတော့ ဦးအိမ်စည်ရဲ့တည်ကြည်မှုကို သိကြသည်။

တကယ်တော့ အတူနေတဲ့ အခြောက်မတွေတောင် ဦးအိမ်စည်ကို နားမလည်ပါဘူးလေ။ လျှို့ဝှက်ချက်များစွာနဲ့ လူ တစ်ယောက်ပေါ့။

တောင်ပြုန်းပွဲဆိုရင်လည်း ဦးအိမ်စည် ထိုင်တဲ့ပွဲဆို စိန်ရောင်တွေ ဖျပ်ဖျပ်လက်နေပါသည်။ တစ်သောင်းတန်တွေ လည်း ပလူပျံနေသည်။

အဖေကြီး ဦးအိမ်စည်၊ ကနားစီး ဦးအိမ်စည်ဆိုတာ တောင်ပြိုးလောကမှာ မသိသူ မရှိပါ။

ဦးအိမ်စည်က တောင်ပြိုးသွားရင်တောင် ငွေလမ်း ခင်းသွားတာ။ တစ်သောင်းတန်တွေကို အုပ်လိုက်ကိုင်ပြီး ကြဲတာ





ပါ။ ဦးအိမ်စည်နဲ့အတူ လိုက်သွားတဲ့ သူဌေးမကြီးတွေက ဦးအိမ်စည်လက်ထဲကို တစ်သောင်းတန်တွေ အုပ်လိုက်တည့်ပေး တတ်သည်လေ။

ထို့ကြောင့် ဦးအိမ်စည်ကားလာရင် ကလေးလူကြီး အားလုံးပျော်ကြသည်။

တောင်ပြိုးမှာလည်း ပိုက်ဆံကို သဲယူရသလိုကို ရတာ။ မအောင်တို့ကိုကြီးကျော်ကရသလို တစ်ခါတလေ ဦးအိမ် စည်ဝင်ပြီး နတ်ချော့သေးတာ။ ရွှေပွဲ ငွေပွဲတွေဆိုတာ ပလူပျံ နေတာပေါ့။

ထို့ကြောင့် တခြားနတ်ကတော်တွေက ဦးအိမ်စည် ကို မကျေနပ်ကြဘဲ အမြဲတမ်း နတ်တိုက် ကဝေတိုက်တွေ လုပ် တတ်သည်။ အောက်လမ်းနည်းတွေသုံးပြီး တိုက်ခိုက်တတ်သေး သည်။

ဒါပေမဲ့ မရ။ ဦးအိမ်စည်ကပဲ အစွမ်းပိုကြီးတာလား သေး။ ဘယ်လိုဖြိုဖြို မပြိုတဲ့တောင်ကြီးပါ။

ထို့ကြောင့် ...



www.burmeseclassic.com

www.burmeseclassic.com



တခြားနတ်ကတော်တွေက ဦးအိမ်စည်ကို ချစ်ကြောက်ရိုသေတဲ့သူ ရှိသလို ရွံကြောက်တွေလည်း ရှိတာပဲ။

သူ့တပည့်တွေတောင် သူ့ပညာအစွမ်းကို မသိရတာလေ။ ဘေးလူက ခန့်မှန်းဖို့ဝေးပေါ့။ ဦးအိမ်စည်က အလုပ်ကိစ္စမရှိရင် အပေါ်ထပ်မှာ တစ်ယောက်တည်း နေတာလေ။ အပေါ်ထပ်ကို တက်ချောင်းဖို့ဆိုတာလည်း သိပ်မလွယ်ပါ။ အပေါ်ထပ်တက်တဲ့ လှေကားထိပ်မှာ တံခါးတစ်ချပ်ရှိပြီး ထိုတံခါးဟာ ဦးအိမ်စည်ဖွင့်ပေးမှ ပွင့်မှာလေ။ အတွင်းက ဂျက်ထိုးထားရင် အပြင်က ဖွင့်ဖို့မလွယ်ဘူး။

ဒီတော့ ဦးအိမ်စည် ဘယ်လိုလူလဲဆိုတာ ဘယ်သူမှမသိကြဘူး။ အားလုံး ပဟေဠိဖြစ်ရတဲ့ လျှို့ဝှက်ချက်များစွာနဲ့ လူတစ်ယောက်ပေါ့။

❋ ❖ ❋





ကျောက်သူဌေးလော်ပန် အဟုတ် ခြံထဲမှာ ကနားပွဲကြီး ပေးနေသည်။ ပွဲမိန့်တောင်းပြီးတော့ကို ကြီးကြီးကျယ်ကျယ် လုပ်တာပါ။

အဟုတ်က နတ်ကို သူ့မိန်းမထက်ကို ယုံကြည်သေးသည်။ အဟုတ်ခြံထဲမှာ ကနားပေးရင် အဟုတ်အိမ်မှာ ကိုးကွယ်တဲ့ နတ်ရုပ်တုတွေနဲ့ပဲ ပေးရသည်။ ဦးအိမ်စည်တို့က သယ်လာစရာ မလိုပါ။ ထိုမျှထိ အစွဲအလမ်းကြီးတဲ့ အဟုတ်ပါ။ အဟုတ်အိမ်မှာ ပွဲပေးရင် အဟုတ်ဘော်ဒါ ကျောက်သူဌေး လော်ပန်တွေလည်း လာသည်။ ဦးအိမ်စည်တို့လည်း အချိုကြီးရသည်။ ထိုရက်မျိုးဆို ခုနစ်ရက်တိုင်တိုင် မနားရတော့။ ဦးအိမ်စည်နဲ့နတ်ကတော်အဖွဲ့တွေအကုန် အဟုတ်ခြံထဲမှာ ပွဲဆက်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ညဥ့်နက်မှ ခဏတဖြုတ် မှေးရသည်။ မနက်လေးနာရီလောက် ပြန်ထကာ ပြင်ရဆင်ရနဲ့။ ပိုက်ဆံရတော့လည်း ပင်ပန်းတယ် မထင်။

မအောင်တို့ဆိုတာလည်း ပျော်မှပျော်။ အဲလိုပွဲမျိုးဆို ဝင်မှဝင်။ အဟုတ်ကလည်း ပြုံးနေတာပဲ။ စိတ်ချမ်းသာရပါသည်။

ညဘက်တွေဆို ပိုပြီးပွဲစည်သည်။ အဟုတ်ရဲ့စီးပွားရေးလုပ်ငန်းတွေက အလုပ်သမားတွေပါ ပွဲကိုလာရသည်။ နိုင်သမျှ ဆက်ရသည်။ ကဖော်တွေစွန့်တဲ့ အရက်တွေသောက်ရ အမြည်းတွေစားရနဲ့ အဟုတ်ရဲ့ဝန်ထမ်းတွေ ပျော်နေကြသည်။

အဟုတ်ရဲ့ဝန်ထမ်းတွေက အဟုတ်ကို သိပ်ချစ်ကြသည်။ ရက်ရောလို့တဲ့။ ဝန်ထမ်းတွေရဲ့ သာရေးနာရေး၊ ဝန်ထမ်းသားသမီးတွေရဲ့ ပညာရေးတွေ အဟုတ်က တာဝန်ယူပေး၏။ သူဌေးကောင်းပါ။ သူဌေးကောင်းတော့ ဝန်ထမ်းကောင်းတွေ၊ သစ္စာရှိဝန်ထမ်းတွေရ၏။

ဒါပေမဲ့ ... ဒါပေမဲ့ပေါ့လေ။





ပွဲနောက်ဆုံးရက်မှာ အဟုတ်ခြံကို ရဲတွေဝိုင်းလာ၏။

"တစ်ယောက်မှ မလှုပ်ရှားနဲ့ အားလုံးငြိမ်ငြိမ်နေကြ"

"ဟဲ့ ... ဘာဖြစ်တာလဲ"

အခြောက်တွေ ယောက်ယက်ခတ်ကုန်၏။ ဦးအိမ်စည်လည်း လန့်သွားသည်။ တစ်ခုခုပဲ ဆိုတာတော့ သဘောပေါက်လိုက်သည်။

"အဟုတ်ရော ... အဟုတ် ... အဟုတ်"

"အဟုတ်ကို လိုက်ရှာစမ်း"

ဦးအိမ်စည်တို့ အဟုတ် အရိပ်ကိုတောင် မတွေ့ရတော့။ အဟုတ်သာမက သူ့ဘော်ဒါလော်ပန်တွေပါ တစ်ယောက်မှ မရှိကြတော့။ ပြဿနာကြီးတော့ တက်ပြီထင်သည်။

ရဲတွေက အိမ်ထဲရော ခြံထဲပါ ရှာကြသည်။ ဘာရှာနေမှန်းလဲ မသိ။ အဟုတ်မိသားစုကတော့ တစ်ယောက်မှမရှိတော့။ လော်ပန်တွေလည်း မရှိတော့။ ကျန်ခဲ့တာဆိုလို့ အဟုတ်ရဲ့ဝန်ထမ်းတွေနဲ့ ဦးအိမ်စည်အဖွဲ့။

www.burmeseclassic.com

www.burmeseclassic.com



"နတ်ရုပ်တွေထဲပါ ရှာ"

ဘာတွေရှာနေမှန်းတော့ မသိ။ နတ်ရုပ်တွေထဲပါ ရှာကုန်ပြီ။ ဦးအိမ်စည် ဘာမှမပြော၍ မအောင်တို့လည်း ငြိမ်နေရသည်။

"မြို့ထဲကအပြင် တစ်ယောက်မှ မထွက်နဲ့နော်"

"ဟာ ... ဆရာ၊ နတ်ရုပ်တွေက ဝက်အူရစ်တွေနဲ့ လှည့်ဖွင့်လို့ရတယ် ဆရာ"

"အထဲမှာ ဘာရှိလဲ"

နတ်ရုပ်တွေ။ အဲဒါ ဦးအိမ်စည်ရဲ့နတ်ရုပ်တွေမဟုတ်။ အဟုတ်ရဲ့နတ်ရုပ်တွေ။

"အဖြူတွေဆရာ၊ နတ်ရုပ်တွေထဲမှာ အဖြူတွေ အပြည့်ပဲ"

ဘိန်းဖြူထုပ်တွေ။ ဦးအိမ်စည် ခေါင်းကျိန်းသွားသည်။ မူးယစ်ဆေးဝါးတွေ။

"ကဲ ... ဦးအိမ်စည်ကို လက်ထိပ်ခတ်လိုက်။ သူ့အဖွဲ့တွေအကုန် စခန်းခေါ်။ အဟုတ်တပည့်တွေပါ အကုန်ခေါ်"

"ကျုပ်ပြောတာ နားထောင်ဦး။ ဒါ ကျုပ်နတ်ရုပ်တွေ မဟုတ်ဘူး။ အဟုတ်ရဲ့နတ်ရုပ်တွေ"





"စခန်းရောက်မှရှင်းပါ ဦးအိမ်စည်"

"ကောင်းပြီ၊ အမှန်တရားကို နတ်ကောင်းနတ်မြတ်တွေ စောင့်တယ်။ ကျုပ်လိုက်မယ်။ ဒါပေမဲ့ ကျုပ်တပည့်တွေကို လွှတ်လိုက်။ ဒီကိစ္စ သူတို့နဲ့ ဘာမှမဆိုင်ဘူး"

"လွှတ်လို့မရဘူး ဦးအိမ်စည်။ လောလောဆယ် ဒီခြံထဲက လူအကုန်လုံး သံသယစက်ကွင်းထဲမှာ ရှိနေတယ်။ စိတ်ချ။ ဒီကိစ္စနဲ့ မပတ်သက်တဲ့သူမှန်သမျှ ဘာမှမဖြစ်စေရဘူး။ ခင်ဗျားပြောသလိုပေါ့ဗျာ။ တရားကို နတ်စောင့်တယ်"

ပြောပြီး သူတို့အားလုံး ရဲကားတွေပေါ် ရောက်ကုန်သည်။

"အေး ... ရန်ကုန်မြို့ ဝင်ထွက်ပေါက် အကုန်ပိတ်စစ်။ ဦးအိမ်စည်အိမ်ကို သွားရှာ။ သေချာလုပ်ကြ"

အခြောက်တွေ မျက်နှာငယ်လေးတွေနှင့် ဦးအိမ်စည်ကို ကြည့်နေကြသည်။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



အဟုတ်တို့ကို မမိပါ။

ဦးအိမ်စည်အိမ်မှာ ရှာတာလည်း ပြောင်းဆန်ကာ ပွစိတက်သွားသည်။ မြေကြီးခပ်ပွပွတွေ့ရင်တောင် ဓားနဲ့ထိုးကလော်ရှာတာပါ။

အဟုတ်အိမ်ကိုလည်း မြေလှန်ရှာသည်။ မြေလှန်ရှာတော့ မြေအောက်ခန်းကို တွေ့သွားသည်။

ထိုမြေအောက်ခန်းမှာ ပန်းထိမ်ပစ္စည်းတွေနဲ့ လုပ်လက်စနတ်ရုပ်တွေ။ ပြီးတော့ ဘိန်းဖြူအနည်းငယ်ပဲ တွေ့ရသည်။ ကျောက်သွေးစက်တွေလည်းရှိကာ ကျောက်ဖြတ်စအချို့လည်း တွေ့ရသည်။ ကျောက်တော့ တူတူတန်တန် မတွေ့ရ။





ဦးအိမ်စည်ကိုတော့ ဆက်ဖမ်းထားသေးသည်။ မအောင်တို့တော့ အကုန်ပြန်လွှတ်လာသည်။ အဟုတ် တပည့်တွေကိုတော့ ပြန်မလွှတ်။ အထူးသဖြင့် ပန်းထိမ်ဆရာတွေ ကျောက်သွေးတဲ့သူတွေ အစစ်ခံနေရသည်။ အိမ်ဖော်တွေလည်း အစစ်ခံရသည်။

ဦးအိမ်စည်ကို စစ်မေးနေတုန်းမို့ ပြန်မလွှတ်တာပါ။

"ကျုပ် ဘာမှမသိဘူး၊ ကျုပ်ကို ကနားပေးချင်တယ်ပြောလို့ ကျုပ်တို့လာကပေးတာပဲ ရှိတယ်။ ပြီးတော့ နတ်ရုပ်တွေကလည်း သူ့နတ်ရုပ်တွေ။ သူ့ဆီမှာ ကနားပေးတိုင်း သူ့နတ်ရုပ်တွေနဲ့ပဲ ပေးရတယ်။ ကျုပ်နတ်ရုပ်တွေက ကျုပ်အိမ်မှာ"

"ကျွန်တော်တို့က စောင့်ကြည့်နေတာ ကြာပြီ။ ဦးအိမ်စည် အဟုတ်အိမ်မှာ ကနားပေးတိုင်း နယ်စပ်မှာ ကျောက်မှောင်ခို အရောင်းအဝယ် အကြီးအကျယ် ဖြစ်တယ်။ အဟုတ်က သူ့အလုပ်ကိစ္စတွေကို ဦးအိမ်စည်ရဲ့ကနားပွဲကို ကာဗားယူပြီး လုပ်လေ့ရှိတယ်",



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဒါတော့ ကျုပ်မသိဘူး။ ကျုပ်တို့က ကနားက တာကလွဲရင် ကျန်တဲ့ကိစ္စကို စိတ်မဝင်စားဘူး"

"ဦးအိမ်စည် တကယ်မသိတာလား။ ဒါမှမဟုတ် သိရက်နဲ့ အဟုတ်ကို ကာကွယ်ပေးတာလား"

"တကယ်မသိတာပါဗျာ"

"ခုကိစ္စက ယုန်ထောင်ကြောင်မိတာဗျ။ ကျွန်တော်တို့က ကျောက်ကိုလိုက်တာ၊ မိတော့ ဘိန်းဖြူဖြစ်နေတယ်။ အဟုတ်က ဉာဏ်များတယ်ဗျ"

"အဲဒါတွေ ကျုပ် လုံးဝမသိဘူး။ ကျုပ်ကိစ္စက ကျုပ်ကို ကနားအပ်လို့ ကပေးတာပဲ။

"ကျွန်တော်တို့ ကြားတာက ခင်ဗျားက အဟုတ်ကို ကာဗာလုပ်ပေးတယ်လို့ ကြားတာ"

"ဒါဆိုလည်း ခင်ဗျားတို့ သတင်းမှားတာပေါ့၊ ကျုပ်က ကနားကဖို့ကလွဲပြီး တခြားဘာမှ စိတ်မဝင်စားဘူး။ ဘာမှလဲ မလုပ်ဘူး"

"ဦးအိမ်စည်က တွဲမလုပ်ပေမယ့် ကာဗာလုပ်ပေးတာမျိုးတော့ ရှိနိုင်တာပေါ့"





"ကျုပ်က ဘာကာဗာမှ မလုပ်ဘူး။ မူးယစ်ဆေးဝါးလည်း ကျုပ်မသိဘူး။ ကျောက်ဆိုတာလည်း နားမလည်ဘူး။ ကျုပ်သိတာ တစ်ခုပဲရှိတယ်။ ကျုပ်ပွဲလမ်းကပ်အောင် ဘယ်လိုလုပ်ရမယ်ဆိုတာပဲ ကျုပ်သိတယ်"

"ဒါပေမဲ့ ဦးအိမ်စည်ရဲ့ ကနားပွဲကို ကာဗာယူပြီး အဟုတ်က ကျောက်တွေ အကြီးအကျယ် ရောင်းနေတာ"

"မသိဘူး။ ကျုပ်က ပွဲငှားလို့ ကတာပဲ ရှိတယ်"

"အခု ဘိန်းဖြူတွေ တွေ့တာ၊ နတ်ရုပ်တွေထဲမှာနော်"

"နတ်ရုပ်က အဟုတ် နတ်ရုပ်တွေ။ ကျုပ် အဟုတ်ဆီမှာ ပွဲကတိုင်း အဟုတ် နတ်ရုပ်တွေပဲ သုံးရတယ်။ ကျုပ်နတ်ရုပ်တွေက ကျုပ်အိမ်မှာရှိတယ်"

"အဟုတ်တပည့်တွေကတော့ အဲဒါ ဦးအိမ်စည်ရဲ့နတ်ရုပ်တွေလို့ ပြောတယ်"

"အဟုတ်တပည့်တွေ ဆိုမှတော့ ဝန်ခံပါ့မလား။ ကျုပ်ခေါင်းပဲ ထိုးချမှာပေါ့"

"ဦးအိမ်စည် တပည့်တွေကလည်း ဝန်ခံတယ်၊ အဲဒါ ဦးအိမ်စည်နတ်ရုပ်တွေတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ဘူး၊ ဒါ ခင်ဗျားတို့ လှည့်မေးတာပဲ။ အဟုတ် ဆီလာရင် အဟုတ်နတ်ရုပ်တွေနဲ့ပဲ ကရတယ်ဆိုတာ လူ တိုင်းသိတယ်၊ ကျုပ်တပည့်တွေလည်း သိတယ်"

ဦးအိမ်စည်ကို အမျိုးမျိုး လှည့်ပတ်မေးသည်။ အမျိုးမျိုးစစ်သည်။ ဒါပေမဲ့ တကယ် ဦးအိမ်စည်နဲ့မှ မသက်ဆိုင် တာ။ အဟုတ်က ဦးအိမ်စည်ကို အသုံးချတာ။ နတ်ရုပ်တွေကို ပါ အသုံးချသွားတာ။ ဦးအိမ်စည် တော်တော်စိတ်တိုသွားသည်။

"ဒီမှာ ခင်ဗျားတို့ အဟုတ်ကို မိချင်လား"

"ဘယ်နယ့်ပြောပါလိမ့်ဗျာ၊ အဟုတ် ဘယ်မှာရှိနေတယ် ဆိုတာ ခင်ဗျား သိတယ်မို့လား"

"ကျုပ် မသိဘူး။ ဒါပေမဲ့ အဟုတ်ကို တစ်လအတွင်း အောင် ကျုပ် လုပ်ပေးနိုင်တယ်"

"ဦးအိမ်စည် ဆိုလိုတာက"

"ကျုပ် ဒီစခန်းထဲမှာပဲ စားတော်တိုက်မယ်"

❋ ❖ ❋





သုံးပတ်ခန့်ကြာတဲ့အခါ နယ်စပ်မှာ အဟုတ်ကိုမိ သွားသည်။ အဟုတ်ကို မိတဲ့နေ့က ရဲစခန်းတစ်ခုလုံး အံ့ဩသွား ကြသည်။

အဟုတ်ကို ကျောက်ရော ဘိန်းပါမိတာ။ အဟုတ် လို မှောင်ခိုဘုရင်ဂိုဏ်းစတားကြီး တစ်ယောက်ကို လှည့်ပတ်လိုက် နေတာ အတော်ကြာပြီ။ ဒီတစ်ခေါက်တော့ အဟုတ်ကလည်း ကနားပွဲနဲ့ နောက်ဆုံးအချီကြီးချဖို့ စီစဉ်ထားတာ။ ဒါပေမဲ့ရဲတွေ က ရိပ်မိသွားပြီး ကနားပွဲကို ဝင်စီးတော့ ပွဲပျက်သွားတာ။ နယ် စပ်မှာပုန်းပြီး အလုပ်ကို လက်စသတ်ဖို့ လုပ်တာပါ။ ဒီတစ်ချီက တော်တော်ကြီးတယ်။ ပြီးတော့ ဒီတစ်ချီလွတ်သွားရင် အဟုတ် လည်း မြန်မာပြည်ကိုစွန့်ပြီး အနောက်ဘက်ကို လစ်တော့မှာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဝယ်လက်တွေကလည်း ချိတ်ထားပြီးသား။ ဈေးကလည်း ကြိုက်ဈေးပေးထားတာ။ အလွတ်မခံနိုင်လို့ ပွဲမဖျက်နိုင်လို့ လုပ်လိုက်ကာမှ တည့်တည့်ကြီးကို မိတာပါ။

အဟုတ်ကိုမိတဲ့သတင်းက ဂျာနယ်တွေမှာပါ ပလူပျံသွားသည်။

ဦးအိမ်စည်လည်း အာမခံနဲ့ လွတ်သွားသည်။ သက်သေအဖြစ်တော့ အစစ်ခံရဦးမည်။

ဦးအိမ်စည်ကို အဟုတ်လည်း တော်တော်လန့်သွားသည်။

အဟုတ်ကို ဦးအိမ်စည် သွားတွေ့သေး၏။

"ဒီမှာ အဟုတ်၊ ခင်ဗျားကများ ကျုပ်ကို အသုံးချတယ်ပေါ့ ... ဟုတ်လား။ မှတ်ထား။ တရားကို နတ်စောင့်တယ်။ ခင်ဗျားဘာသာ လွတ်လွတ်လပ်လပ် လုပ်စားရင်တောင် လွတ်ဦးမယ်။ အခု ကျုပ်ကို ခုတုံးလုပ်လို့ ခင်ဗျားခံရတာ မှတ်ထား။ ကျုပ်နာမည် ကနားစီး ဦးအိမ်စည်တဲ့"





"ကျုပ်မှားပါတယ် ဦးအိမ်စည်။ ကျုပ်ကို အမြန်ဆုံးပြန်လွတ်အောင် လုပ်ပေးစမ်းပါ။ ခင်ဗျားတောင်းသလောက် ကျုပ်ပေးမယ်ဗျာ"

"ဒီမှာ အဟုတ်၊ ကျုပ်အလုပ်က သမာသမတ်ရှိမှ လုပ်လို့ရတဲ့ အလုပ်ဗျ။ ကျုပ်မဟုတ်တာလုပ်ရင် ကျုပ်ပဲခံရမှာပေါ့။ ဒီဘဝမခံရရင်တောင် နောက်ဘဝဆတိုးပြီးခံရမှာ။ ကျုပ်အလုပ်က ခုနစ်ရက်သားသမီးတွေ ကောင်းအောင်လို့ပဲ လုပ်ပေးတာ။ မကောင်းတဲ့ဆီ တွန်းမပို့ဘူး။ ခင်ဗျားကိုယ့်အပြစ်ကို ကျေအောင်ဆပ်ပေါ့ဗျာ။ မှတ်ထား။ တရားကို နတ်စောင့်တယ်"

"တောက်"

အဟုတ် တစ်ယောက် ဒေါသတွေဖြင့် ကျန်ခဲ့သည်။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်မှာတော့ ကနားစီးဦးအိမ်စည်ရဲ့ နာမည်က ဟိုးဟိုးကျော်သွားသည်။ ဝါတွင်းသုံးလမှာ ဆိုင်ရာပွဲတွေသွားတာကလွဲရင် ကျန်တဲ့ရက်မှာ သက်သတ်လွတ်စား အမိန္ဒာန်ဝင်သည်။

တောင်ပြုန်းပွဲ၊ ဖခန်းကိုကြီးကျော်ပွဲ စသဖြင့် ပွဲတွေကိုတော့ ဦးအိမ်စည်ပဲ ဦးစီးပေါ့။

အဟုတ်ကို မိအောင်ဖမ်းနိုင်ခဲ့သဖြင့် ဦးအိမ်စည်က ပိုပြီးတော့တောင် နာမည်ကြီးလာခဲ့၏။

ကနားစီးဦးအိမ်စည်ကို ပယောဂဖြစ်နေသူတွေလည်း ရှိပါသည်။ ဦးအိမ်စည်အဖွဲ့မှာ ယောကျ်ားတွေနဲ့ အခြောက်မတွေပဲရှိကာ မိန်းမတစ်ယောက်မှမရှိ။ ဒါပေမဲ့ နတ်ကိုကိုးကွယ်ယုံကြည်





သူအများစုက မိန်းမတွေပဲဖြစ်သည်။ ထို့ကြောင့် အလုပ်ကိစ္စကြတော့ မိန်းမတွေနဲ့ချည်း ပတ်သက်ရသည်။

ရုပ်ရည်တည်ကြည်ခန့်ညားသောကြောင့် သဘောကျပတ်သက်ချင်သူ မိန်းမတွေလည်းရှိသည်။ ဒါပေမဲ့ ဦးအိမ်စည်က အလုပ်သဘောထက် မပိုဘဲ မှန်တန်းပဲ ဆက်ဆံခဲ့သည်။

ထို့ကြောင့် ဦးအိမ်စည်ကို ယောကျ်ားစစ်စစ်လား၊ အပုန်းလား ဝေခွဲမရ ဖြစ်နေသူတွေ ရှိသည်။

ဦးအိမ်စည် ဘယ်လောက်ချမ်းသာသလဲ၊ ဘယ်သူမှ မမှန်းနိုင်ပါ။ ဦးအိမ်စည်ရဲ့ တစ်ပွဲဝင်ငွေကိုလည်းမသိပါ။

အနီးကပ်နေတဲ့ မအောင်တောင် မသိ။

ဦးအိမ်စည်ကို ချစ်ခင်သူအမျိုးသမီးကြီးတွေခမျာလည်း ဦးအိမ်စည်နား ကပ်ခွင့်မသာ။ အလုပ်သဘောအရပဲ ဆက်ဆံတတ်သည်ကိုး။

တစ်ရက်တော့ မအောင်က အရဲစွန့်၍ စပ်စုသည်။ မအောင်ကို ကျန်တဲ့အခြောက်မတွေ ဝိုင်းမြှောက်ပေးကြတာလည်း ပါတာပေါ့လေ။



www.burmeseclassic.com

www.burmeseclassic.com



မအောင်နဲ့ အပြင်သွားရင်း စကားစဖြစ်သွားတာပါ။

"အဖေကြီး ... အဖေကြီး မိန်းမ,မယူတော့ဘူးလား"

"မင်းက ဘယ်လိုထင်လို့လဲ"

"မထင်တတ်ပါဘူး။ အဖေကြီး အသက်အရွယ်ရလာရင် ဆေးပေးမီးယူ လိုမှာပေါ့လို့ တွေးမိလို့ပါ"

"မလိုပါဘူး၊ တပည့်တွေ ရှိတာပဲ"

"အဖေကြီးကို သဘောကျနေတဲ့ မဒီကြီးတွေ အများကြီးပဲ။ အဖေကြီး သဘောမကျဘူးလား"

"ငါ စပ်စုတာ မကြိုက်ဘူး အောင်အောင်"

မအောင် ပါးစပ်ပိတ်သွားသည်။ ထပ်မမေးရဲတော့။ အန္တရာယ်အငွေ့အသက်တွေ ရှူရှိုက်မိသလိုလို။ ကျောချမ်းလာသလိုလို။

မအောင်တစ်ယောက် သူ့ကို မြှောက်ပေးလိုက်သော အခြောက်မတွေကို မေတ္တာပို့နေမိသည်။

အဖေကြီး ဦးအိမ်စည်ကတော့ မအောင်ရဲ့မေးခွန်းတွေကြောင့် အတိတ်ကို ပြေးလွှားနေမိသည်။





မိန်းမ,မယူဘူးလားတဲ့။ သူ့အတွက် မိန်းမယူစရာ မလိုဘူး။ မိန်းမတွေကို သူ စိတ်မဝင်စားဘူး။

သူစိတ်ဝင်စားတာက ငွေ။ ပိုက်ဆံ၊ မန်းနီး။ အဲဒီ မိန်းမတွေပိုင်ဆိုင်တဲ့ ပိုက်ဆံတွေကိုပဲ သူ စိတ်ဝင်စားတယ်။

သူ ပိုက်ဆံပဲ လိုချင်တယ်။ အဲဒီပိုက်ဆံတွေ ဘာ လုပ်ဖို့လဲ။ သူ ဘာလို့ ပိုက်ဆံတွေ သဲသဲမဲမဲ ရှာနေသလဲ။ အဲဒီ အဖြေဟာ သူ့ရဲ့အတိတ်ပဲ။

လူတစ်ယောက်ဖြစ်ပြီး အိမ်ထောင်မပြုချင်တာ ဘာ ကြောင့်လဲ။ သူဟာ သူတော်စင်တစ်ယောက်မဟုတ်။ ကိလေသာ မကုန်ခန်းသော လောဘအိုးတစ်ယောက်။ လူ့လောက မမွတာ အိမ်ထောင်ပြုဖို့ထက် ပိုက်ဆံရှာဖို့ပဲသိတဲ့ လူတစ်ယောက်။ ဘာ လို့ အဲလို သူ့ဘဝကြီး လွဲမှားနေတာလဲ။

ရတာမလို လိုတာမရလို့ အိမ်ထောင်မပြုဘဲ လူပျို ကြီးဖြစ်နေတာလည်း မဟုတ်ပါ။ သူ တကယ်ကို အိမ်ထောင်မ ပြုချင်တာ။ တစ်နည်းအားဖြင့် တွေ့ဖူးသမျှ မိန်းမတွေထဲမှာ လက်ထပ်ရလောက်အောင် စိတ်ဝင်စားစရာ ကောင်းတာ တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်မှမရှိ။ သူ အသက်လေးဆယ် ပြည့်တော့မည်။ အိမ်ထောင်ပြုချင်စိတ် မရှိ။ တပည့်တွေ အများကြီးနဲ့ ကနားစီးအလုပ်ကိုပဲ မက်မောစွာ ဖက်တွယ်ထားခဲ့သည်။

အတိတ်က ပုံရိပ်တွေက တရိပ်ရိပ် ထင်ဟပ်လာသည်။ ထင်ဟပ်ခဲ့သမျှ မမေ့နိုင်ခဲ့သမျှ ပုံရိပ်တွေမှာ နာကျင်စရာတွေနဲ့ ပြည့်နှက်နေခဲ့သည်။

ပျော်စရာမရှိ။

ကြေကွဲစရာတွေချည်းသာ။

ထို့ကြောင့် အတိတ်ကို ပြည်ဖုံးကားချပစ်ခဲ့တာ။ ဒါပေမဲ့ တစ်နေ့မှမမေ့ဘဲ အိပ်ရာဝင်တိုင်းလည်း သတိရနေခဲ့တာပါ။

❋ ❖ ❋





မှောင်မိုက်မှာငို။

ဟုတ်တယ်။ သူ့ဘဝက အမှောင်ထဲမှာ အငိုနဲ့ သူငယ်ချင်းဖွဲ့ခဲ့ရတဲ့ဘဝ။ သူ့နာမည် ဖိုးဝ။ ငယ်ငယ်က ဝတုတ်တုတ်လေးမို့ အလွယ်ပေးခဲ့တဲ့နာမည်။ ဘယ်နေ့မှာမွေးလို့ သူ့အသက် ဘယ်လောက်ရှိသလဲ ဆိုတာ ဘယ်သူမှ မသိ။

အင်း ... သိတဲ့သူတော့ ရှိမှာပေါ့လေ။ အဲဒီသိတဲ့သူဟာ သူ့ရဲ့မွေးခြင်းကိုတောင် လိုလားခဲ့မှာမဟုတ်။

သူ့ကို မလိုချင်ရင် မိဘမဲ့ကလေးကျောင်း ပို့လိုက်တာကမှ ကောင်းဦးမည်။ ခုတော့ သူ့ကို ရွာထိပ်နတ်စင်နားတဲထိုးနေတဲ့ နတ်ကတော်ဆီမှာ ထားခဲ့တာ။ မေတ္တာတရားတွေ ခန်းခြောက်စွာ စွန့်ပစ်ခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



သူ ဘယ်သူလဲ။ ဘယ်သူလာစွန့်ပစ်သွားတာလဲဆို တာ သူ့ကိုကောက်ရခဲ့တဲ့ နတ်ကတော်ကြီးလည်း မသိဘူး။ သူ့ တဲနား ကလေးငိုသံကြားလို့ ထွက်ကြည့်တော့ ဂျစ်ကားခပ်စုတ် စုတ်တစ်စီးရဲ့ အရိပ်ကို အဝေးကပဲ လှမ်းမြင်လိုက်ရတာ ကား နံပါတ်လည်း မသိ။

အနီးထုပ်ကလေးနဲ့ ကလေးပေါက်စကလေးမှာ ဘာ သဲလွန်စမှမပါ။ အနီးတစ်ထည်နဲ့ ကလေးတစ်ယောက် ဒါပဲ။ ဒါပေမဲ့ သူ့ကိုထုပ်ထားတဲ့အနီးက ပုဆိုးစုတ်တစ်ထည် မဟုတ်ဘဲ ဖြူလွှအိစက်နေတဲ့ အကောင်းစား အနီးတစ်ထည်။ မကျွေးမွေး နိုင်လို့ စွန့်ပစ်သွားတာမဟုတ်။ မလိုချင်လို့ စွန့်ပစ်သွားတာပါ။ သူ့အသက် အတိအကျ မသိရသောဘဝ။ ဘာဆို ဘာသဲလွန်စမှ မထားခဲ့။

နတ်ကတော်ကြီးကလည်း ရွာထဲက ကျဉ်ထားတာ။ စုန်းလိုလို နတ်လိုလိုမို့ ရွာထဲကလူတွေက သိပ်ကြောက်ကြတာ။

နတ်ကတော်ကြီးက ကလေးတစ်ယောက် ကောက်ရ တယ် ပြောတာတောင် ဘယ်သူမှ မယုံဘဲ သူ့ကို အစိမ်းသရဲ





တစ်ကောင် မွေးဖွားထားသလိုလို ထင်ကြသေးတာ။ ဘယ်လောက် ဆိုးဝါးတဲ့ သူ့ဘဝလဲ။

သူတစ်သက်လုံး စားခဲ့ရတာ နတ်တင်တဲ့ ဗလီနတ် စာတွေ။ သူစာသင်ခဲ့ရတာ ဘုန်းကြီးကျောင်း။ ဆရာတော်ခွင့်ပြု လက်ခံပေးလို့ သေစာရှင်စာ တတ်ခဲ့တာ။ ဘုန်းကြီးစွန့်တဲ့ဆွမ်း အကျန်က သူ့အတွက်တော့ နယ်သုဒ္ဓါတွေပါ။

နတ်ကတော်ကြီးက မနှုးညှံ့၊ အမြဲလိုလို ရွတ်ဖတ် နေတတ်ပြီး သူ့ကိုလည်း မထွေးပွေ့။ ရွာထဲကလည်း သူ့ကိုကျဉ် ကြ။

ဘုန်းကြီးကျောင်းမှာလည်း ကျန်တဲ့ဘုန်းကြီးကျောင်း သားတွေက ဆရာတော်လစ်တာနဲ့ သူ့ကို ထုရိုက်ကြ။ နှိပ်စက် ကြ။ သူ့ရဲ့ကလေးဘဝက စိတ်ရောလူပါ ဒဏ်ရာဒဏ်ချက်တွေ အပြည့်နဲ့။ လူကို လူလို့မသတ်မှတ်တာလောက် ခံရခက်တာမရှိပါ။

ဖိုးဝ ...။ ငယ်ငယ်တုန်းက ဝလို့ အလွယ်ပေးထား တာတဲ့။ ဒါပေမဲ့ သူသိတတ်စကတည်းက သူက ပိန်ချိချိလေး။ ကြာတော့ ရွာက သူ့ကို ဖိုးပိန်ဟု ပြောင်းခေါ်ကြပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ရင်း ခေါ်ရင်း ဖိုးဝနာမည်ပျောက်ကာ ဖိုးပိန်ဟု တွင်ပြန်သည်။ နာမည်တောင် အတည်တကျမရှိတဲ့ဘဝ။

မိဘ၊ အမည်၊ အသက် ဘာမှမသိ။ တစ်ခါတလေ နတ်ကတော်ကြီး သုံးလေးရက် ခရီးထွက်သွားရင် ဘုန်းကြီးကျောင်းမှာ ပြေးစားရသည်။

နတ်ကတော်ရဲ့မွေးစားသားမို့ သူ့ကိုပါ ရွာကကျဉ်ထားတာမို့ ရွာထဲလည်း ဝင်လို့မရ။ ဆရာတော်က ရွာကိုဆုံးမပေမယ့်လည်း ရွာကလက်မခံ။

သူ့ဘဝ ကြမ်းတမ်းပုံ၊ ဆိုးဝါးပုံတွေကို ပြန်မြင်ယောင်မိတိုင်း ရင်ထဲတဆစ်ဆစ်နာသည်။

ပိုက်ဆံဆိုတာ သူ့ငယ်ဘဝမှာ ကိုင်တောင်မကိုင်ဘူးခဲ့ပါ။

သူ တောက်တိုမယ်ရတွေ လုပ်ချင်သော်လည်း သူ့ကို ဘယ်သူမှမခိုင်း။ မုန့်ဖိုးပေးမယ့်သူလည်း မရှိ။

သူ နေမကောင်းလျှင် နတ်ကတော်ကြီးက အရွက်တွေထောင်းတိုက်၊ သစ်ဉသစ်မြစ်တွေ သွေးတိုက်။





ဆရာတော်က အမြဲဆုံးမသည်။

"ကောင်လေး ဖိုးပိန်။ သူတော်ကောင်းတို့မည်သည် အမြဲမဆင်းရဲ။ တရားကို နတ်စောင့်သတဲ့။ ကိုယ်ကျင့်တရားကောင်းရင် ကံကောင်းလာလိမ့်မယ်။ မကောင်းမှုကို မပြုမိစေနဲ့"

ထိုစကားတွေကို သူ့ရင်ထဲစွဲနေအောင် မှတ်ထားသည်။ ဆရာတော်ကလွဲရင် သူ့ကို ဆုံးမည့်သူ မရှိ။ နတ်ကတော်ကြီးကလည်း သူ့ကို မဆုံးမ။ ရှိရင်ကျွေးသည်။ မရှိရင်မကျွေး။ သူ့ကို အလုပ်တွေ ဘာတွေ ခိုင်းတယ်လဲ မရှိ။ ထွေးပွေ့ဖို့ကတော့ ဝေး။

ပိုက်ဆံဆိုတာ ဘာမှန်းမသိဘဲ။ နတ်ကတော်ကြီးကိုယ်တိုင်တောင် သူ့ကိုကြောက်လို့ လာပူဇော်ပသတာနဲ့ အသက်ဆက်နေရတာလေ။

❋❖❋



www.burmeseclassic.com

www.burmeseclassic.com



နတ်ကတော်ကြီးက ရုပ်ရည်မဆိုးပါ။ ချောမောသည်လည်း မဟုတ်။ သာမန်ပါပဲ။ ဒါပေမဲ့ ရွာထဲက လူတွေက တုန်နေအောင် ကြောက်ကြ၏။

ရွာထဲမှာ တစ်ယောက်ယောက် နေမကောင်းဖြစ်ပြီဆိုရင် နတ်ကတော်ကြီး ပြုစားထားသည်ဟုထင်ကာ လာရောက်ပူဇော်ပသကြသည်။ ဆေးလာတောင်းကြသည်။

နတ်ကတော်ကြီးကတော့ သူနေမကောင်းရင်ထောင်းတိုက်လေ့ရှိတဲ့ သစ်ဥ သစ်မြစ်တွေ၊ အရွက်တွေ ပေးလိုက်တာပဲ။ စကားတော့ သိပ်ပြောလေ့မရှိ။

ရွာထဲမှာ မွေးထားတဲ့ နွားတွေ ဝက်တွေ သေတာပဲဖြစ်ဖြစ်။ မီးလောင်လို့ပဲဖြစ်ဖြစ် နတ်ကတော်ကြီး ပြုစားတယ်ပဲ ပြောတတ်ကြသည်။ ထိုအခါမျိုးတွေဆို လာပ,သတတ်သည်။





လာသာပ,သနေတာ မနှစ်မြို့ရိပ်တွေက အထင်းသားပဲ။ နတ်ကတော်ကြီးကတော့ အရေထူနေလို့လားမသိ။ မတုန်လှုပ်တော့။

ဖိုးဝိန်ကတော့ ကလေးပီပီ စားစရာတွေ ရောက်လာရင်ပျော်သည်။

"အမေ သူတို့ ဒီလိုနေ့တိုင်း လာပို့ရင် ကောင်းမယ်နော်"

နတ်ကတော်ကြီးက ဘာမှမပြောဘဲ သူ့ကိုစိုက်ကြည့်နေသည်။ သူကတော့ ကလေးပီပီ ကြက်ကြော်တွေအားရပါးရ ဖွဲ့စားနေသည်။

တစ်ရက်တော့ နတ်ကတော်ကြီး အသည်းအသန်နေမကောင်းဖြစ်သည်။ သူလည်း ဘာလုပ်ရမှန်းမသိ။

သူ့ကို နတ်ကတော်ကြီး သွေးတိုက်ဖူးသော သစ်ဥသစ်ဖုတွေ သွေးတိုက်ပြုစုပေမယ့် တစ်နေ့တခြား ဆိုးလာသည်။

"မောင်ဝိန် ... မင်းကို ငါက ဂါထာသုံးပုဒ် သင်ပေးမယ်။ သေချာလိုက်နာ မှတ်ထားပါ။ ငါတတ်တာလည်း ဒီသုံးပုဒ်ပဲ။ သုံးတတ်ရင် မင်းတစ်ဘဝလုံးစာ လောက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... အမေ"

နတ်ကတော်ကြီးက နတ်ပင့်ဂါထာ၊ နတ်ချော့ဂါထာနဲ့ နတ်ပို့ဂါထာတို့ကို ရွတ်ဖတ်တတ်စေရန် သင်ပေးသည်။

"မောင်ပိန် ... ဒီဂါထာကို လိုသလိုသုံးပါ။ အခက်အခဲရှိရင် နတ်တွေပင့်ချော့ပြီး တိုင်တည်ပါ။ ပြီးတော့ နတ်တွေပင့်ပြီးရင် ပြန်ပို့ဖြစ်အောင်ပို့ပါ။ နေ့တိုင်း နတ်တွေကို မေတ္တာပို့ အမျှဝေပါ။ သေချာမှတ်ထားနော်"

"ဟုတ်ကဲ့ပါ အမေ"

"သိကြားသာသနာခေတ်မှာ မကောင်းသူပယ် ကောင်းသူ ကယ်နေတယ်။ မင်းစိတ်မှာ သူတစ်ပါးအပေါ် မကောင်းစိတ် ဘယ်တော့မှမမွေးနဲ့။ ပြီးတော့ ဒီဂါထာတွေကို မကောင်းတဲ့ကိစ္စတွေအတွက် ဘယ်တော့မှ အသုံးမချနဲ့။ သူများကို မကောင်းကြံရင် ကိုယ်က နှစ်ဆပြန်ခံရတတ်တယ်။ အမှန်တရားကို နတ်ကောင်းနတ်မြတ်တွေ စောင့်ရှောက်တယ်၊ မှတ်ထားနော်"

"ဟုတ်ကဲ့ပါ အမေ"





"အေး ... ငါ တစ်ခုခုဖြစ်သွားရင် မင်းဆရာတော်ဆီသွားပါ။ ကုက္ကိုရွာက ငါ့မောင်ဆီကို ပို့ပေးဖို့ပြော။ ဆရာတော်သိတယ်။ မင်း ဒီမှာနေလို့ ဖြစ်မှာမဟုတ်ဘူး ... အဟွတ် ... အဟွတ် ... ဟွတ် ... အွတ် ..."

ချောင်းဆိုးရင်း အသက်ပါသွားသည်။ သူက ခြောက်နှစ်အရွယ် ကလေးတစ်ယောက်သေလို့သေမှန်းတောင်မသိ။ အမေ့ကိုယ်ကြီးကို လှုပ်လှုပ်နှိုး။ နှိုးမရတော့ အိပ်နေတယ်ထင်ပြီး အမေ့အတွက် ဆရာတော်ထံတွင် စားစရာတစ်ခုခု သွားစွန့်မိသည်။

ဆရာတော်ကို အကျိုးအကြောင်း ပြောပြမှ ဆရာတော်နဲ့ ကပ္ပိယကြီး လိုက်လာပြီး အမေသေတာ သိရသည်။

"မင်းအမေ မင်းကို ဘာမှာသွားလဲ"

"ကုက္ကိုရွာက အမေ့မောင်ဆီကို ပို့ပေးဖို့ ဆရာတော်ကို ပြောတယ်"

"အင်း ... ပို့ပေးရမှာပေါ့။ ကပ္ပိယကြီးကလေးကို ခေါ်သွားတော့"



www.burmeseclassic.com

www.burmeseclassic.com



အမေ့ကို ဘယ်လိုသဘြိုဟ်လိုက်ကြသလဲတော့ မယ် ရ။ ကပ္ပိယကြီးနဲ့အတူ ကုက္ကိုစုဆိုတဲ့ရွာကို ထွက်ခဲ့ရသည် သူ့မှာ အဝတ်အစားရယ်လို့ တူတူတန်တန်မပါ။ ပါတာဆိုလ ဆရာတောင် သင်ပေးလိုက်လို့ မြန်မာစာရေးတတ်၊ ဖတ်တတ် နဲ့ ဘုရားရှိခိုးရယ်၊ အမေသင်ပေးခဲ့တဲ့ ဂါထာသုံးပုဒ်ရယ်။

ကပ္ပိယကြီးနဲ့အတူ ကုက္ကိုစုကို လမ်းလျှောက်သွ ခဲ့ရတာ။ လမ်းခရီးကကြမ်းပြီး လှည်းလမ်းပဲရှိသည်။ ဖြစ်ချ တော့ ထိုနေ့က လှည်းကြုံမရ။

ခြောက်နှစ်သားကလေး ရွာသုံးရွာကို ဆက်တို လမ်းလျှောက်ရတာ ပင်ပန်းချက်။ ကပ္ပိယကြီးကလည်း သူ့ စိတ်သိပ်မရှည်ပါ။ ရွာကလူတွေကိုပဲ ကပ္ပိယကြီးလည်း သူ ငြိုငြင်တယ်လေ။

မညည်းရဲဘဲ ခပ်ကုပ်ကုပ်ကလေး လိုက်ခဲ့ရ

❋ ❖ ❋





ကုက္ကိုစု ရောက်တော့ အမှောင်အိမ်က တဲသာ ရယ်။ ကလေးတွေကသည်း ကြီးငယ်ရွယ်လတ် တန်းစီနေ သဲ။

"ကျုပ် သပြေတန်းဆရာတော်ကျောင်းက ကပ္ပိယပါ"

"ထိုင်ဗျာ ... ကပ္ပိယကြီး၊ ရေသောက်မလား၊ ရေနွေးတော့ မရှိဘူး။ လက်ဖက်ခြောက်ဖိုး မတတ်နိုင်လို့ မသောက်ရ ကြာပေါ့ ... ဟား ဟား"

ကပ္ပိယကြီး သက်ပြင်းချကာ ရေတစ်ခွက် တောင်း သောက်လိုက်သည်။ သူ့ကိုလည်း တိုက်၏။

ပြီးမှ အကျိုးအကြောင်း ပြောပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အိုတော် ... ရှုပ်ရှုပ်ယှက်ယှက်။ ကိုယ့်ကလေးတွေတောင် ပဲပြုတ်ကို အရေအတွက်နဲ့ ကျွေးနေရတာ။ ပါးစပ်ပေါက် အဝိုးမခံနိုင်ဘူး"

"ကဲ ... ကြားတဲ့အတိုင်းပဲဗျို့။ ကျုပ်အစ်မသား အရင်း။ ကျုပ်တူအရင်း ဆိုရင်တော့ တစ်မျိုးပေါ့ဗျာ။ သူ့ဟာသူ မွေးစားထားတာကိုတော့ တာဝန်မယူနိုင်ဘူး။ ကိုယ်မွေး ထားတာတွေတောင် မနည်းနပ်မှန်အောင် ကျွေးနေရတာ။ ရုပ်လည်း ဖြူစုတ်စုတ်နဲ့ ကျန်းမာရေးရော ကောင်းရဲ့လား မသိဘူး"

"ရွာမှာထားလို့ မဖြစ်လို့ ဒီပို့ရတာ။ ရွာမှာက နတ်ကတော် ကြီးကို လက်ခံကြတာ မဟုတ်တော့ ဒီကလေးလည်း ရွာ ထဲဝင်လို့ ရဘူး။ ဒီကလေးကိုလည်း နတ်ကတော်ကြီးလို ပဲ ကျဉ်ထားကြတာ။ မဟုတ်ရင်တော့ ကျောင်းမှာခေါ် ထားရတာ အပန်းမကြီးပါဘူး"

"ကျုပ်လည်း တကယ်မကျွေးနိုင်လို့ပါ။ တူဆိုရင်တော့ ဖြစ်သလိုလုပ်ရမှာပေါ့။ ခုတော့ မတတ်နိုင်ဘူးဗျာ"





"ဒုက္ခပါပဲဗျာ"

ဖိုးပိန်ကလည်း ငိုမဲ့မဲ့လေး။

"ဒီမှာ ... ရှင့်အစ်မ အရှုပ်ထုပ်ကို ကျုပ် လက်မခံဘူးနော်။ အချိန်ကုန်တယ်တော်၊ ကျုပ် တောထဲ သပြေပန်းသွားတိုး လိုက်ဦးမယ်။ ထိုင်စကားပြောနေလို့ ဘယ်သူမှ ထမင်း လာကျွေးမှာ မဟုတ်ဘူး။ ရှင်လည်း ချောင်းထဲ ငါးသွား ရှာ၊ ညနေစာ ဆန်မရှိဘူး"

ပြောပြောဆိုဆိုနဲ့ မိန်းမဖြစ်သူ ထထွက်သွားတော့...

"အဲဒါသာကြည့်တော့။ ဒီမှာထားဖို့တော့ မဖြစ်နိုင်ဘူး။ တစ်ခုတော့ရှိတယ်။ ရွာကျောင်းဆရာတော်ဆီကိုပဲ သွားပို့ ကြည့်ရမှာပဲ။ ဘုန်းကြီးကျောင်းမှာ ဆွမ်းကျန်ဟင်းကျန်နဲ့ ဗိုက်ဖြည့်ကြဗျာ၊ ကြာတယ် ... ခုပဲ သွားကြစို့"

"ကောင်းသလိုသာ လုပ်ဗျာ"

ဘုန်းကြီးကျောင်းကို သုံးယောက်သား ချီတက်ကြ သည်။ ဆရာတော်ကို အကျိုးအကြောင်း လျှောက်ထားတော့ ဆရာတော်က လက်ခံလိုက်သည်။ သူတို့ကို ထမင်းလည်းကျွေး သည်။



www.burmeseclassic.com

www.burmeseclassic.com



လူကြီးတွေထက် ဖိုးပိန်ကလေး အားရပါးရ စားလိုက်တာ။ စားပြီးတော့ ငှက်ပျောသီးတွေ ကျွေးပြန်သည်။

"ကဲ ... ခဏတဖြုတ်နားပြီး ပြန်ပေတော့။ ဒီကလေးကို စိတ်ချလက်ချသာ ထားခဲ့ပေတော့"

"ကျေးဇူးကြီးလှပါတယ် ဘုရား"

"မောင်စံ ... ဒီကလေးကို ရွာကအထင်မလွဲအောင်လို့ ဒီကလေးအကြောင်း ဘာမှမပြောနဲ့"

"တင်ပါ့ဘုရား"

"သတ္တဝါတစ်ခု ကံတစ်ခု၊ ပြုသူအသစ် ဖြစ်သူအဟောင်းပဲ။ အင်း ... အနိစ္စ ဒုက္ခ အနတ္တတွေ"

အဲဒီလိုနဲ့ ဖိုးပိန်တစ်ယောက် ကုက္ကိုရုမှာ နေခွင့်ရသွားသည်။ ဆရာတော့်ဝေယျာဝစ္စလေးတွေ လုပ်ပေးရင်း ကျောင်းသားအဖြစ်နဲ့ပေါ့။ ဆရာတော်သင်ပေးတဲ့ ဘုရားစာတွေလည်း တော်တော်ရကုန်သည်။ ဘုန်းကြီးကျောင်းမှာ ဝဝလင်လင် စားရတော့ ဖိုးပိန်တစ်ယောက် စိုပြည်လာသည်။ ဖြူဖြူတစ်တစ် ချစ်စရာကလေး ဖြစ်လာပြန်သည်။

❋ ❖ ❋





"ဟဲ့ ... ဖိုးပိန် ဒေါကြီးကို မန်ကျည်းရွက်လေးတက်ခူးပေးစမ်း"

"ဖိုးပိန်လေး ရေလေးတစ်ထမ်းလောက် ဆွဲပေးခဲ့ပါဦး"

ရွာထဲဆွမ်းချိုင့်လိုက်ပို့ရင်း ရွာထဲက အလုပ်တွေ ဝိုင်းလုပ်ပေးသဖြင့် ဖိုးပိန်ကို တစ်ရွာလုံးက ချစ်ကြသည်၊ ကျွေးစရာရှိလည်း ကျွေးကြ၏။

ရုပ်ရည်ကလေးကလည်း ဖြူဖြူသန့်သန့်လေးမို့ ချစ်ခင်ကြသည်။

ဒါပေမဲ့ ဖိုးပိန်ကို မုန့်ဖိုးတော့ မပေးမိကြ။ ဘုန်းကြီးကျောင်းသားတစ်ယောက်အတွက် မုန့်ဖိုးမလိုဘူးဟု ယူဆရွှဲသားမသိ။ ဖိုးပိန်ကိုဆို အလကားပဲ ခိုင်းတတ်ကြသည်။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖိုးပိန်က မငြိုငြင်။ ပျော်ပျော်ရွှင်ရွှင် လုပ်ပေးပါသည်။ နတ်က တော်ကြီးနဲ့ နေတုန်းကဆို ခုလို အဖက်လုပ်မယ့်သူတောင်မရှိခဲ့ဘူးလေ။

ဖိုးပိန်မှာ ခုမှ လူတောတိုးခွင့်ရတာလေ။

ဟိုက ဖိုးပိန် ဒီကဖိုးပိန်နဲ့ တစ်ရွာလုံး အချစ်တော်ကိုဖြစ်လို့။

ထိုအချိန်မှ ဦးမောင်စံ မိန်းမကြီးက ...

"အဲလိုမှန်းသိ ခေါ်ထားလိုက်ပါတယ်တော် ... ဟင်း။ တစ်အိမ်အိမ်မှာ လယ်ထဲထမင်းပို့၊ နွားကျောင်းပဲနိုင်းဦး။ သင်းကိုလည်း မကျွေးရတဲ့ပြင် လုပ်ခလေးပါ စားရဦးမှာ၊ ပြန်ခေါ်လိုက် ကိုမောင်စံ"

"တယ် ... ဒီမိန်းမတော့၊ မထားချင်တုန်းကလည်း နင်ပဲ၊ ခုချိန်မှ သွားပြန်ခေါ်နိုင်းစားတော့ ဆရာတော်တင်မကဘူး ရွာကပါ ငါတို့ကို ဝိုင်းပြောကြတော့မှာပေါ့ဟဲ့"

"ဟင်း ... နှမြောစရာ"

"ထားလိုက်ပါကွယ်"





လူ့သဘောများ ကြောက်ဖို့ သိပ်ကောင်းသည်။ စေတနာမဲ့တာထက် စေတနာရှိချင်ယောင်ဆောင်တာက ပိုဆိုးသည်။ လောကမှာ အကျိုးလိုလို့ ညောင်ရေလောင်းချင်သူတွေ တစ်နေ့တခြား များများလာသည်။ ထို့ကြောင့်လည်း လောကကြီးက ဒဏ်ခတ်မှုတွေလည်း များလာသည်။

လူဆိုတာ ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်အောင်နေဖို့ အရေးကြီးတာ။ ဒါပေမဲ့ အခုတော့ အဲလိုမဟုတ်တော့ပဲ သင်ကောင်းလျှင် ကျွန်ုပ်မဆိုးပါခေတ်။ သင်မကောင်းလျှင် သင့်ထက် ကျွန်ုပ်ပိုဆိုးမယ့်လူတွေချည်း။

သူတော်မှ ကိုယ်ကောင်းမယ့် သူတော်ကောင်းတွေဟာ ဘယ်တော့မှ ကံအကျိုးပေး ကောင်းမှာမဟုတ်ဘူးလေ။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ ...

ဖိုးပိန် ရွာထဲကို ဆရာတော်ခိုင်းလို့ သွားတာပါ။ ဒေါ်ကြီးတင်တို့အိမ်မှာ လူတွေစုနေလို့ ဝင်စပ်စုတာ။ ဒေါ်ကြီးတင် သမီး မလုံးပုကို ပူးသလို ကပ်သလို ဖြစ်နေလို့တဲ့။ ရေမန်းတွေ၊ ပရိတ်ရေတွေတိုက်လည်း မရ။ ဘုရားစာတွေရွတ်လည်း မထွက်။ ဘာလုပ်လို့ လုပ်ရမှန်းမသိဘဲ ဒုက္ခရောက်နေကြသည်။

ရွာတောင်ပိုင်းက ဗိန္ဓောဆရာလိုလို လူကလည်း ကြိမ်းမောင်းရိုက်နှက်နေသည်။ မရ။

မလုံးပုက ကြမ်းနေသည်။

"နင်တို့တစ်ရွာလုံး မလေးမစား လုပ်ကြတာ။ ငါ့ကွင်းထဲ လာပြီး ပေါက်ကရပြောတဲ့ထဲ ငါစီးထားတဲ့ကောင်မ အဆိုး





ဆိုး။ သင်းကုပ်ကို ခွစီးထားတော့ ဘာတတ်နိုင်သေးလဲ ဟေ့"

ဖိုးပိန် မနေသာဘဲ အမေ သင်ပေးတဲ့ဂါထာနဲ့ မလုံးပုကို ကယ်ဖို့ကြိုးစားလိုက်သည်။

"ဒေါ်ကြီးတင် လက်ဖက်တစ်ပွဲ၊ ကွမ်းတစ်ယာ ရေတစ်မှုတ် အမြန်ပြင်ပေးပါ"

"အေးပါဟယ် ... အေး ... အေး"

"ဟဲ့ ... ဖိုးပိန်၊ ပေါက်ကရတွေ လျှောက်မလုပ်နဲ့ဦး။ ပိုဆိုးလာဦးမယ်"

"လုပ်ပါဗျ။ တော်ကြာ မလုံးပု အမောဆိုပြီး ဒုက္ခရောက်မှာစိုးလို့"

မလုံးပုကတော့ သောင်းကျန်းဆဲ။ သူ လက်ဖက် ကွမ်းယာတွေနဲ့ အမေသင်ပေးသော ဂါထာကိုရွတ်ကာ တိုးလျှိုး လိုက်သည်။

"အေး ... ဒီတစ်ခါ ခွင့်လွှတ်လိုက်မယ်။ နောက်တစ်ခါဆို နင်တို့ ဒီထက်ပိုနာမယ်မှတ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး မလုံးပု ခွေခနဲ ကျသွားသည်။

"ဟော … ထွက်သွားပြီ။ မလုံးပုကို ပြုစုလိုက်ကြပါဦး"

"လုံးပု … ဟဲ့ … လုံးပု၊ သတိရပြီလား"

"ကျွန်မ … ကျွန်မ ဘာဖြစ်တာလဲ၊ မောလိုက်တာတော်။ ထမင်းအိုးတည်မလို့လုပ်တုန်း ခေါင်းမူးသွားတာ"

"ဘာမှမဖြစ်ဘူး ရေသောက်လိုက် ရေသောက်လိုက်၊ ဟဲ့ ရေမန်းလေးတိုက်ပါဦး၊ ပရိတ်ရေရော"

"အေး … အေး … ဖိုးပိန်ရယ်၊ ကျေးဇူးပါပဲကွယ်၊ မင်း ဒါတွေ ဘယ်လိုတတ်တာလဲ"

"ကျွန်တော် မတတ်ပါဘူး၊ ကြားဖူးနားဝနဲ့ လက်ဖက်လေး ကွမ်းလေးဆက်ပြီး တောင်းပန်လိုက်တာပါ"

"အေးဟဲ့ … အဲလိုလုပ်ရမှာ။ ငါတို့လည်း ပူထူပြီးမေ့တာ"

သူတို့ပြောဆိုနေကြတုန်း ဖိုးပိန်အသံလေးပြန်လန် ခဲ့ရသည်။ ပြောပြလို့ မဖြစ်ဘူး။ ခုတောင် မဖြစ်မနေမို့လို့ လုပ် လိုက်ရတာပါ။

အဲဒီနောက် မလုံးပုဖျားလို့ အသည်းအသန် ကုလိုက် ရသေးသည်။ ဖိုးပိန်လည်း နာမည်ကြီးသွားသည်။





"ဖိုးပိန်သာမကယ်ရင် လုံးပုသေပြီ"

ဆရာတော့်နားပါ ပေါက်သည်။ ဆရာတော်ကတော့ ဘာမှမပြောပါ။

"ဘာပဲလုပ်လုပ် ကောင်းဖို့လုပ်၊ ကောင်းတာကိုပဲလုပ်"

"တင်ပါ့ဘုရား"

ထို့နောက် ရွာထဲမှာ တစ်ခုခုဆို ဖိုးပိန်ကိုလာခေါ် ကြသည်။ လယ်ယာမြေဆင်းချိန်ဆို ဖိုးပိန်တို့မနားရ။ ကွင်းပိုင် ကို ပူဇော်ပသပေးဖို့ လာခေါ်ကြတာ။

ထိုသို့ ဖိုးပိန် သတင်းကြီးလာတော့ ဦးလေးမိန်းမ က သတင်းစကာ အာချောင်တော့သည်။

"ဟဲ့ … စွမ်းမှာပေါ့၊ နတ်ကတော်မွေးစားသားပဲ"

အစရှိသဖြင့် ဖွပစ်လိုက်တာ တစ်ရွာလုံး ဖိုးပိန် အကြောင်း သိကုန်ကြသည်။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... သပြေတန်းမှာ နေမရလို့ တို့ဆရာတော်က ခေါ်ထားရတာတဲ့"

"အို ... ဘယ်လိုပဲဖြစ်ဖြစ် ဒီကလေးက ဘာဒုက္ခမှမပေးပါဘူး။ သူတတ်သမျှနဲ့တောင် တို့ကို ကူညီနေသေးတယ်"

"ဟုတ်တယ်၊ တို့ကတော့ ဖိုးပိန် တို့ရွာကို ရောက်လာတာကောင်းတယ်ထင်တယ်"

"ဟင်း ... ဘာပညာတွေ တတ်မှန်းမသိ၊ ဘယ်အချိန်အန္တရာယ်ထပေးမှန်း မသိနိုင်တဲ့ ကလေးတစ်ယောက်ရောက်နေတာ သဘောမကျဘူး"

"အေးလေ ... ဖိုးပိန်က လုံးပုကိုဝင်စီးတဲ့အကောင်ကိုတောင် နိုင်တာ။ သူက အကောင်ပိုကြီးလို့ နေမှာပေါ့။ငါတို့ကတော့ မထားချင်ဘူး"





သဘောကျသူနဲ့ မကျသူတွေ စိတ်ဝမ်းကွဲလာကြသည်။ ထိုအကြောင်းတွေ ဖိုးပိန်လည်း ကြားပါသည်။ စိတ်တွေလည်း ညစ်သည်။ တော်ကြာ အမေ့လို ရွာပြင်ထုတ်ပစ်မှာလည်းကြောက်မိသည်။

"ဆရာတော်ဘုရား တပည့်တော်ကို ကယ်ပါဦးဘုရား ... အီး ဟီး"

ကလေးဆိုတော့ စိတ်ညစ်မခံနိုင်ဘဲ ဆရာတော့်ရှေ့ပြေးငိုမိသည်။

"တစ်နေ့ ဒကာလေးအကြောင်း ပေါ်လာရင် ဖြေရှင်းလို့ရအောင် ဆရာတော် စီစဉ်ထားပါတယ်၊ မြို့မှာ ဆရာတော်အသိ ဒကာကြီးတစ်ယောက်ရှိတယ်။ သူ့ကိုလာခေါ်ခိုင်းပြီး သူက မိဘမဲ့ဂေဟာတစ်ခုခုကို ပို့ပေးလိမ့်မယ်။ ဒကာလေး ဘာမှမပူနဲ့"

မိဘမဲ့ဂေဟာဆိုတာကို ထိုစဉ်က နားမလည်ခဲ့ပါဘူး။

ဆရာတော့်တပည့်က ဦးတိုးပါပဲ။ ဦးတိုးလာခေါ်တဲ့နေ့ကို မှတ်မိသေးတယ်။ ဦးတိုးက သူ့ကို စိုက်ကြည့်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ချစ်စရာ တစ်တစ်ရစ်ရစ်နဲ့ ဒီကောင်ကြီး တပည့်တော်ပဲ မွေးစားလိုက်တော့မယ် ဘုရား"

"ဒကာမောင်တိုး ... မင်း အဆင်ပြေပါ့မလား။ မင်းမိန်းမ ယူရင် ဒီကလေးနဲ့ဖြစ်ပါ့မလား။ မင်း နောက်နှစ်ထဲယူ မယ်ဆို"

"ဖြစ်အောင်ပြောရမှာပေါ့ ဘုရား။ တပည့်တော် ဒီကောင် ကြီးကို ချစ်တယ် ဘုရား"

"အေး ... အေး ... ဝမ်းသာသကွယ်၊ ခေါ်သာသွားတော့ ဒီကလေး နောက်ကြောင်းလည်း မင်းအသိပဲ၊ ပြဿနာရှိရင် ဘုန်းကြီးကို အကြောင်းကြားနော်၊ မင်းတစ်ယောက်တည်း မဆုံးဖြတ်နဲ့"

"တင်ပါ့ ဘုရား၊ လာ ... လူလေး၊ လာ ..."

အဲဒီလိုနဲ့ သူ့ဘဝ တစ်ဆစ်ချိုးပြန်သည်။

❋ ❖ ❋



ဦးတိုးက တစ်ကိုယ်ရေတကာယ လူပျို။ ဦးတိုး ငှားနေတဲ့ အိမ်ဆိုတာက ဝါးတဲသာသာလေး။ လုပ်တဲ့အလုပ်က ကြုံရာကျပန်း။ သူတို့မြို့ငယ်လေးမှာ ရန်ကုန်မြို့ကြီးလို အလုပ် ပေါတာမဟုတ်။ ဒီကြားထဲတောင် ဦးတိုးက မိန်းမယူမလို့။ ဦးတိုးနဲ့ ကြိုက်နေတာက ပဲပြုတ်သည်။ ကောင်းစားဦးမယ်။

"လူလေး ... ငါ နောက်လလောက်ဆို ဆိုက်ကားတစ်စီး လောက် ဝယ်နိုင်တော့မှာကွ။ ငါ ဆိုက်ကားနင်းရင် ဒီထက် ဝင်ငွေပိုကောင်းမှာ။ ငါ့သားကြီးကို အင်္ကျီအသစ် တစ်ထည်လောက်တော့ ဝယ်ဆင်မှ"

သူက အင်္ကျီအသစ်ကို မြင်ယောင်ရင်း ပျော်လိုက်ရတာ။





www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ဦးတိုးနဲ့ သူ့ရည်းစား ပြဿနာတက်တော့သည်။

"ကိုတိုး ... ကိုယ့်မှာတောင် စားစရာ အသည်းအသန် နေစရာကမရှိလို့ ငှားနေရတာ။ ခြေနှစ်ချောင်းကယ်လား အောင် တော်က ကမ္ဘာကျော်မိလ္လျှံနာကြီးလား ... ဟမ် ဘယ့်နှယ်တော်။ ဝ,မရှိဘဲ ဗိုလုပ်ချင်နေတယ်။ ဒီမှာ ... ကိုတိုး။ ရှင်နဲ့ကျုပ်ယူရင် ကလေးရမှာပဲ၊ ဒီကလေးကိုပြန် ပို့လိုက်၊ ခုပြန်ပို့"

"မပို့နိုင်ဘူး"

"ဘာ ... ဒါဆို ရှင့်ကို ကျုပ်မယူဘူး"

"အေး ... မယူနဲ့"

"ဘာ ... ရှင် ... ရှင် ... မဟုတ်မှလွဲရော ဒါရှင့်သား အစစ်လား ... ဟမ်။ ရှင် အိမ်ထောင်ရှိရက် ကျုပ်ကိုညာ ကြိုက်တာလား ... ဟမ်၊ ရှင်က ဒီကလေးအတွက် ကျုပ် ကို ပြတ်နိုင်ရအောင်"

"ငါမွေးစားလာတာ။ ဒါပေမဲ့ ပြန်တော့မပို့ဘူး၊ မင်းမကျေ နပ်ရင် ငါ့ကိုမယူနဲ့။ ငါ ဒီကလေးကို ချစ်တယ်"





"ချစ် ... ချစ် ... သေအောင်ချစ်"

ဦးတိုးနဲ့ သူ့ရည်းစား ကွဲကြလေသတည်းနဲ့အဆုံး သတ်သွား၏။

ဦးတိုး ဆိုက်ကားစဝယ်ပြီး နင်းကတည်းက သူ သည်း ဆိုက်ကားဂိတ်ကို လိုက်သည်။ ဦးတိုး ဆိုက်ကားထွက် သွားရင် သူက ဂိတ်နားက ဈေးမှာ နေခဲ့ရ၏။ အဲဒီဘဝကိုလည်း သူ ပျော်ပါသည်။

လူ့ဘဝ ရခဲလှပေခြင်း။ ရတဲ့ဘဝမှာ အဆင်ပြေဖို့ ဆိုတာလည်း မလွယ်လှပေခြင်း။ ဒီတော့ ဇေဒါထုံး နလုံးမူ၍ ရောက်ရာအရပ်မှာ ပန်းပွင့်နိုင်အောင် ကြိုးစားရမှာ။

တစ်ရက်တော့ သူတို့ဈေးနားမှာ နတ်ကနားပွဲလုပ် သည်။ မိုးပိန် တစ်ယောက် နတ်ကနားပွဲဆိုတာ တစ်ခါမှမမြင် ဘူးပါ။ ကြည့်ရုံနဲ့ နတ်ကတော်တွေ တကယ်မဝင်ဘဲ လုပ်စား နေတယ်ဆိုတာ သိနေသည်။

"ဘယ်လိုလဲ လူလေး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ ဦးတိုး"

"နတ်ကနားပွဲက"

"တကယ်မဝင်ဘဲ လုပ်စားနေတာ။ လူတွေဆီက ပိုက်ဆံတွေ ညာယူနေတဲ့ အရက်သမားတွေ"

"သေချာလို့လား လူလေးရဲ့"

"သေချာပါတယ် ဦးတိုးရာ"

"အေးပါ လူလေးရာ။ သိသာသိစေ ဘာမှမပြောနဲ့။ စိတ်ထဲပဲထား။ မကောင်းတာလုပ်တဲ့သူတွေ သူ့ဒဏ်သူခံရလိမ့်မယ်"

"မပြောပါဘူး"

"လူလေးက လိမ္မာပါတယ်။ ဆရာတော်ဘုရား အဆုံးအမတွေလည်း နားထောင်တဲ့ သားလိမ္မာလေး"

သူ့ဘဝမှာ ဦးတိုးက သူ့ကျေးဇူးရှင်။ ဦးတိုးဆိုက်ကားနင်းလို့ရတာလေးကို ကျစ်နေအောင် စုထားသည်။ စုဘူးလေးနဲ့ စုပေးထားသည်။





တစ်နေ့ တစ်နေ့ စုဘူးလေးကို ဖွက်ရတာ အမော။ ဒါပေမဲ့ ရွှေမိုးဆောင်း ဆိုက်ကားနင်းရတဲ့ဒဏ်ကြောင့် တစ်ခါတစ်ခါ ဖျားလိုက်ရင် စုထားသမျှလေးတွေ ပြောင်းသွားပြန်ရော။ ငယ်ငယ်လေးနဲ့ ပိုက်ဆံတန်ဖိုးကို သိတတ်လာသည်။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



ဦးတိုး ရက်ရှည်ဖျားတော့ ဆိုက်ကားမနင်းနိုင်။ စုထားသမျှလည်းပြောင်။ ဘာလုပ်လို့ လုပ်ရမှန်းမသိဘဲ သူ ဦးတိုး အိပ်တုန်း လမ်းထိပ်ဘက် ထွက်လာလိုက်သည်။

"ဖိုးပိန် … မင်းဦးလေး မကောင်းသေးဘူးလား"

"မသက်သာသေးပါဘူးဗျာ။ ပိုက်ဆံလည်း မရှိတော့ဘူး။ စိတ်ညစ်လို့ အလုပ်လုပ်ချင်တယ်ဗျာ။ ပိုက်ဆံလိုချင်လို့"

"အေးကွာ … မင်းအသက်အရွယ်နဲ့ကျတော့လည်း ဘာလုပ်လို့ရမှာလဲ"

"တစ်ခုခုပေါ့ဗျာ။ ဆိုက်ကားလည်း မနင်းတတ်ဘူးဗျ"

"နေဦးကွ … ကိုတိုးက မကြိုက်မှာစိုးလို့သာ။ မင်း ရေခဲချောင်းရောင်းလို့တော့ ရတယ်။ ဟိုဘက်လမ်းက ရေခဲစက်မှာ ငါ လိုက်ပြောပေးလို့ရမယ်"





"ရောင်းမယ်ဗျာ၊ ပိုက်ဆံရရင်ပြီးရော"

"ကြည့်လုပ် ကောင်လေး၊ တော်ကြာ မင်းဦးတိုး ငါ့ကို ဆဲနေဦးမယ်"

"မဆဲစေရဘူးဗျာ။ အိမ်မှာ ပိုက်ဆံမရှိတော့ဘူးဗျ။ ကျွန်တော် လုပ်မှရမှာ။ ကျွန်တော် မကောင်းတာ လုပ်တာမှ မဟုတ်တာဗျာ"

"အေးကွာ … လုပ်။ မင်းထက်ငယ်တဲ့ ကောင်လေးတွေတောင် ရောင်းနေကြတာပဲ။ မင်းပိုက်ဆံတော့ တွက်တတ်တယ်မို့လား"

"တွက်တတ်ပါတယ်ဗျာ၊ ကျွန်တော့်ကို ပို့ပေးစမ်းပါ"

အဲဒီလိုနဲ့ ရေခဲချောင်းသည်ဘဝ ရောက်ရှိပြန်သည်။ ရေခဲချောင်းရောင်း အကောင်းဆုံးနေရာက စာသင်ကျောင်း မုန့်စားဆင်းချိန်ပဲ။ ရွယ်တူကျောင်းသားလေးတွေကို အားကျငေးမောရင်း ရောင်းရသည်။ ရောင်းကောင်းသား။

ဆိုက်ကားဂိတ်မှာလည်း ရောင်းသည်။ ဈေးရှေ့မှာလည်း သွားရောင်းသည်။ မြို့ပေါ်မှာ မင်္ဂလာဆောင်တို့ အလှူပွဲ



www.burmeseclassic.com

www.burmeseclassic.com



တို့ရှိရင် ရောင်းကောင်းမှကောင်း။ ပြီးတော့ ရတဲ့ပိုက်ဆံလေးတွေ ဦးတိုးကိုပေးသည်။

"လူလေး ... မလုပ်ပါနဲ့ လူလေးရယ်။ ဦးတိုးလည်း နေပြန်ကောင်းနေပါပြီ။ မနက်ဖြန် ဆိုက်ကားပြန်နင်းမယ် မလုပ်နဲ့တော့"

"မလုပ်ဘဲ မနေနိုင်ပါဘူး။ ပိုက်ဆံရတာကိုး၊ ပိုက်ဆံဆိုတာ ရတုန်းရှာထားမှ နေထိုင်မကောင်းရင် အဆင်သင့်ဖြစ်မှာပေါ့ ဦးတိုးရယ်"

"လိမ္မာလိုက်တာ လူလေးရယ်"

သူတို့မြို့က မြို့တော်ရှင်နတ်ကျွန်းမှာ မကြာခဏ နတ်ကနားပွဲ ပေးလေ့ရှိသည်။ မြို့မှာ နတ်ကတော်ကလည်း ရှိတာကိုး။

နတ်ကတော်အိမ်ကို တခြားနတ်ကတော်တွေလည်း လာလည်ကြသည်။ အဲလို လာလည်ပြီဆိုရင် နတ်ကနားပွဲ ပေးကြပြန်၏။ ပွဲအကြီးအသေးပဲ ကွာသည်။ ထိုင်ကနားပေးတဲ့သူနဲ့ ပွဲကြီးပေးတဲ့သူနဲ့။





အဲလိုနတ်ပွဲရှိရင် သူက သွားရောင်းသည်။ ရောင်းကောင်းမှကောင်း။

တစ်ရက်တော့ နတ်ပွဲက အကြီးကြီး။ ဆိုင်းဝိုင်းတွေနဲ့။ သူလည်း ရေခဲချောင်း ရောင်းကောင်းလွန်းလို့ ဦးတိုးတောင် ရေခဲချောင်းပုံးတွေ ဆိုက်ကားနဲ့သယ်ပြီး သူနဲ့အတူ လာပိုင်းရောင်းပေးရသည်။

ရောင်းကောင်းလွန်းလို့ လက်မလည်။ နတ်ပွဲဘာတွေကနေမှန်းတောင် မသိ။ ရေခဲချောင်းရောင်းဖို့ပဲ စိတ်ကရှိသည်။

အဲဒီနေ့က သူ့အတွက် တော်တော်ကျန်သည်။ ဦးတိုးတောင် သဘောကျနေသည်။ ထိုနေ့က ခေါက်ဆွဲကြော်တွေတောင် ဝယ်တီးပစ်လိုက်သည်။ ပိုက်ဆံဆိုတာ တော်တော်အရသာရှိတာပဲ။ ခေါက်ဆွဲကြော်စားရင်း စဉ်းစားမိတာပါ။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



နတ်ကနားပွဲမှာ သွားရောင်းဖို့ ရေခဲချောင်းအမြေး သွားယူကာမှ ရေခဲစက်ပျက်တာနဲ့ကြုံပြီး စိတ်တော်တော်ညစ်သွားသည်။ ဒီနေ့ အပီအပြင်ရောင်းဖို့ အားခဲထားပါတယ်ဆိုမှ ခဲလေသမျှ သဲရေကျ။

စိတ်ညစ်ညစ်နဲ့ နတ်ကနားပွဲဘေး သွားထိုင်ကြည့်နေမိသည်။

"ဟဲ့ ... ကောင်လေး၊ ရေခဲချောင်း မပါဘူးလား။ မှုလိုက်တာဟယ်"

"ရေခဲစက်ပျက်လို့ဗျာ"

"ဒုက္ခပါပဲဟယ် ... ပူချက်။ ရေတောင်သောက်စရာမရှိဘူး"





ကြည့်နေတုန်းပွဲက ပြဿနာတက်သည်။

နတ်ကနားပွဲ လာကြည့်တဲ့ တစ်ယောက်ကို အတင်းဝင်ပူးပြီး ထုတ်မရ ဖြစ်နေသည်။

နတ်ကတော်တွေ ဝိုင်းထုတ်လည်းမရ။ ဘယ်လိုမှ လုပ်မရဘဲ သောင်းကျန်းနေသည်။ တောင်းပန်လို့လည်းမရဘဲ သောင်းကျန်းနေသည်။ တောင်းပန်လို့လည်းမရ။ ခြိမ်းခြောက်လို့လည်းမရ၊ တိုးလျှိုးလို့လည်းမရ။ နတ်ကတော်တွေ မျက်နှာပျက်ကုန်ပြီ။ အချင်းချင်း လက်တို့ခေါင်းချင်းဆိုင်ကုန်ကြပြီ။

"အကောင်ကြီးတယ် ထင်တယ်၊ ငါတို့တော့ မနိုင်ကြတော့ဘူး၊ ဘယ်လိုလုပ်ကြမလဲ"

"ဘာဖြစ်ချင်တာလဲ မေးကြည့်ရအောင်ဟယ်"

"ဒုက္ခပါပဲအေ"

"အေး"

"ဘယ်သူများလဲ အမိန့်ရှိပါ။ ဘာများအလိုရှိပါသလဲ"

"ငါက မြို့တော်ရှင်ပဲဟေ့၊ ဒီမြို့ ဒီနယ် ငါပိုင်တယ်၊ အေး ... နင်တို့ထက် တတ်တဲ့သူရှိလို့ ဖော်ထုတ်ချင်လို့



www.burmeseclassic.com

www.burmeseclassic.com



လာတာပဲ။ ဒီထဲမှာ ငါ့ကိုပြန်ပို့နိုင်တဲ့သူရှိတယ်။ သူပြန်ပို့မှ ငါပြန်မယ်"

"ဟယ် ... ဘုရား ... ဘုရား ... ဘယ်သူများပါလိမ့်"

"ဆရာကြီးပေါ့။ ဟဲ့ ... ငါတို့ကို စောင့်ကြည့်နေတာလား မသိဘူး။ အမယ်လေး ... ကြက်သီးထလိုက်တာနော်"

"ဟဲ့ ... အဲဒါ အရေးမကြီးဘူး။ ခေါ်ထုတ်ပါဦးဟဲ့"

"လိပ်ပြာ ... ရှင်တော့ ဒုက္ခရောက်တော့မှာပဲ။ သိတဲ့တတ်တဲ့သူများ ပွဲခင်းထဲကြွပြီး ပညာခင်းလေး ဘာလေး ပြပေးပါဦး"

ဖိုးပိန်တစ်ယောက် စဉ်းစားရခက်နေသည်။ သွားလည်းကူညီချင်သည်။ လူသိမှာလည်း ကြောက်သည်။ သူမှသွားမကူရင်လည်း အစီးခံထားရတဲ့ လိပ်ပြာရှင် ဒုက္ခရောက်တော့မည်။

ဖိုးပိန့်ဝေခွဲရခက်ကာ တဖြည်းဖြည်း နောက်ဆုတ်နေမိသည်။ သူ ပြန်မည်။ သူ နာမည်မကြီးချင်။ ဒီမြို့ကနေ သူ ထွက်မပြေးချင်။ ဆိုက်ကားဂိတ်ကို ပြန်ပြေးလာခဲ့သည်။





"လူလေး ဘာဖြစ်လာတာလဲ။ မျက်နှာလည်း မကောင်းပါလား"

သူ ဦးတိုးကို အကျိုးအကြောင်း ပြောပြလိုက်၏။

"ဟာ ... လူလေးရယ်၊ သွားထုတ်ပေးလိုက်ပါ။ တော်ကြာအစီးခံရတဲ့သူ သေသွားပါဦးမယ် လူလေးရယ်။ လူ့အသက်တစ်ချောင်း ကယ်ကောင်းပါတယ်"

"ဦးတိုး ... သားကို ဒီမြို့က နှင်ထုတ်မှာ ကြောက်တယ်"

"လူလေးရယ်၊ မင်းကို နှင်မထုတ်စေရပါဘူး ဦးတိုးရှိတယ်။ မင်း ဘာမှမဖြစ်စေရဘူး၊ လာ ... ဦးတိုးလိုက်ပေးမယ်။ သွားလုပ်ပေးလိုက်"

သူတို့ရောက်သွားတော့ ကနားပွဲတစ်ခုလုံး ဖြောင်းဆန်နေပြီ။ လူတွေလည်း အများကြီးဖြစ်နေပြီ။ သတင်းကြားပြီး လာကြည့်ကြတာပါ။

"ဦးတိုး"

"လူလေး ... သွား ... သွား"



www.burmeseclassic.com

www.burmeseclassic.com



သူ လှုအုပ်ကြားထဲ အတင်းတိုးဝင်သွားတာနဲ့ ဝင်စီးနေတဲ့သူက သူ့ကို စိုက်ကြည့်ကာ ...

"သူ လာပြီ"

အသံနက်ကြီးနဲ့အော်တာ ကြောက်စရာ။

❋ ❖ ❋

ဝေဖန်စာ၊ အကြံပြုစာနှင့် မိတ်ဆက်စာများ ပေးပို့ပါလျှင်
အမှတ်-၉/၁၁၊ ၈-လွှာ(ဝ)၊ ဓေယျဝတီလမ်း(ဗဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။





ထိုနေ့က မြို့မှာ သူ တော်တော်သတင်းကြီးသွားသည်။ နတ်ကတော်တွေကလည်း သူ့ကို လက်ဆောင်တွေပေး။ မြို့ထဲက လူတွေကလည်း သူ့ကို နတ်လာမေးကြ။

"ကျွန်တော် ဘာမှမသိပါဘူးဗျာ။ ဘာမှမလုပ်တတ်ပါဘူးဗျာ။ ကျွန်တော့်ဆီ မလာကြပါနဲ့"

သူပတ်ပြေးနေရသည်။ အရင်လို ရေခဲချောင်းတောင် ရောင်းရဲတော့။ သူ့ကို နတ်ကတော်တွေက အတင်းခေါ်၍ ကနားရှိတဲ့နေရာတွေ လျှောက်လိုက်ပေးရသည်။ နတ်ပင့်ပေး၊ ပေးရသည်။

တဖြည်းဖြည်း သူ နတ်ကနားလောကထဲ ရောက်တော့သည်။ ဦးဇိုးလည်း ဆိုက်ကားနင်းလိုက် သူ့နောက် လိုက်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



နတ်ကနားတစ်ပွဲဖြစ်ရင် သူ့အတွက်လည်း တော်တော်စီသည်။ ရေခဲချောင်းရောင်းရတဲ့ ဝင်ငွေနဲ့တော့ကွာပါ၏ ပိုက်ဆံရတော့လည်း ကလေးပီပီ ပျော်လာသည်။

အိမ်ငှားနေရတဲ့ဘဝကနေ အိမ်အပိုင်ဝယ်နိုင်ဖို့ မျှော်လင့်နေမိသည်။

တစ်မြို့ပြီး တစ်မြို့ ကနားလျှောက်ကကြသည်။ အလိမ်အညာနတ်ကတော်တွေနဲ့လည်း အများကြီးစုံရသည်။ ပညာစမ်းခံရတာတွေလည်းရှိ၏။ မလွယ်ပါ။ ဒါပေမဲ့ သူကတော့ ဆရာတော်တွေသင်ပေးတဲ့ ဂုဏ်တော်တွေကို အမြဲရွတ်သည်။ တဖြည်းဖြည်းနဲ့ သူ့ကို နတ်ကနားလောကမှာ သိလာကြသည်။

"ဟယ် ... နင့်နာမည် ဖိုးပိန် ဆိုတာကြီး မဟုတ်သေးပါဘူး။ နာမည်ပြောင်းပေးဦးမှပါ"

"ကျွန်တော့်နာမည်ကို ဦးတိုးပဲ ပြောင်းပေးလိမ့်မယ်"

"သဘော ... သဘော ... ရှင်လေးသဘော"

ဦးတိုးကပဲ သူ့ကို မောင်အိမ်စည်ဟူသော နာမည်ပြောင်းပေးခဲ့သည်။





ဦးတိုးတောင် ဆိုက်ကားမနင်းရတော့၊ ရှိတဲ့ဆိုက်ကားလေးကို ရောင်းပစ်လိုက်ပြီး သူ့အတွက် ဆွဲကြိုးလေးလုပ်ပေးလိုက်သည်။ အဲဒီအထိတော့ သူတို့ဘဝက သာသာယာယာပါပဲ။

ဦးတိုးကတော့ သူတို့နောက် တကောက်ကောက်လိုက်ရင်းပေါ့။ တစ်နေ့တော့ ပြဿနာတက်ပါသည်။ အဖွဲ့ထဲက နတ်ကတော်မတစ်ယောက်က သူ့ကို မလိုတာနဲ့ အဖွဲ့ထဲက ပိုက်ဆံခိုးပါတယ်ဆိုပြီး စွပ်စွဲသည်။ သူ့ကို တွန်းထိုးရိုက်နှက်သည်။

ဦးတိုးက မခံနိုင်။

"ဟိတ် ... ငါ့ကလေးမှာ အဲဒီအကျင့် မရှိဘူး။ လာမလုပ်နဲ့"

"အို ... သူယူတာ မြင်တဲ့သူက မြင်တယ်။ အခု ရှင်တို့အိတ်တွေထဲ ရှာမယ်"

"ဟင်း ... နင်တို့ထည့်ထားရင်တော့ တွေ့မှာပေါ့၊ ကလေးကတော့ မယူဘူး။ တော်ပြီး နင်တို့အဖွဲ့က ထွက်တယ်၊ မကတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကနားစီးက ပျာပျာသလဲ။

"အိုအေ ... ညည်း အထားမှားတာနေမှာ။ အိမ်စည်က
တော့ တို့အဖွဲ့က ထွက်သွားလို့ မဖြစ်ဘူး။ ညည်းမရှိလို့
ဘာမှမဖြစ်ဘူး။ ထွက်ချင်းထွက် ညည်းပဲထွက်ရမှာနော်
လာမွှေမနေနဲ့"

နောက်ပိုင်းလည်း နတ်ကတော်မက စောင်းမြောင်း
နေသဖြင့် နတ်ကတော်မကြောင့် စိတ်တွေညစ်နေရသည်။

မကြာပါ။ တစ်ရက် ထိုနတ်ကတော်မ ဗိုက်တွေ
အသည်းအသန်အောင့်ပြီး သေတော့သည်။ ဆရာဝန်ကစစ်တော့
အစာအိမ်သွေးကြောပေါက်တယ် ဆိုလား။

လူတိုင်းကတော့ အိမ်စည်လုပ်တယ်ဟု စွပ်စွဲကြ
သည်။ အိမ်စည် ဘာမှမလုပ်တာ အမှန်တရားပါ။ ဒါပေမဲ့ သူ
နဲ့မတည့်ထားတာဆိုတော့ သူ့ကိုပဲ အရိပ်ထင်တာပေါ့လေ။

သူ တဖြည်းဖြည်း စိတ်ညစ်လာပြန်သည်။

❋❖❋





နောက်ပိုင်းလည်း အဲဒီလိုပဲ။ သူနဲ့မတည့်တဲ့သူ
နှန်သမျှ တစ်နည်းမဟုတ် တစ်နည်း ဘေးဒုက္ခတွေ့ကြသဖြင့်
သူတွေက အိမ်စည့်ကို ကြောက်လာကြသည်။ အိမ်စည်နဲ့မတည့်
ရင် အိမ်စည်က ဒုက္ခပေးသည်ဟု ထင်လာကြသည်။

သူ့ကြောင့်ကြသော အခြေအနေ တစ်ခုပါပဲ။
တကယ်တော့ သူ ဘာမှမလုပ်ပါ။ အဲဒီလိုသူများအပေါ် မကောင်း
ကြံရင် သူခံရရင် ဆတိုးပြီး ခံရမှာလေ။ မလုပ်ပါ။ သူဟာ
ဆရာတော်ဘုရား အဆုံးအမအောက်က ထွက်လာသူပါ။ သူ့အမေ
နတ်ကတော်မကြီး သင်ပေးခဲ့တဲ့ ဂါထာသုံးပုဒ်ပဲ သူ တတ်ပါ
သည်။ ပြီးတော့ ဘုရား တရား သံဃာ ဂုဏ်တော်တွေ၊ ပရိတ်
တော်တွေ၊ ပဋ္ဌာန်း စသဖြင့် မြတ်စွာဘုရားရဲ့ တရားတော်တွေ



www.burmeseclassic.com

www.burmeseclassic.com



ကိုဝဲ သူ ကိုးကွယ်ပါသည်။ အမှန်တရားကို နတ်စောင့်ပါသည်။ အိမ်စည် တဖြည်းဖြည်း နာမည်ကြီးလာပါသည်။

လူတွေကလည်း အသက်ငယ်ငယ်လေးနဲ့ နတ်ကတော်ဖြစ်နေသော အိမ်စည့်ကို ချစ်ခင်ကြသည်။

အိမ်စည်တစ်ယောက် နတ်ကနားကရင်းနဲ့ပဲ တဖြည်းဖြည်း လူလားမြောက်လာခဲ့၏။

အိမ်စည် လူပျိုပေါက် ဖြစ်လာပါပြီ။ ဒါပေမဲ့ ရင်မခုန်အား။ နတ်ကရဖို့။ ပိုက်ဆံရဖို့ပဲ သိသည်။ အတန်းပညာသင်ရမယ့်အရွယ်မှာ ပညာမရှာခဲ့ရဘဲ ပိုက်ဆံရှာနေခဲ့တဲ့ သူ့ဘဝလမ်းကြောင်းက မမှန်ခဲ့ဘူးလို့ ဆိုရမည်။

ပိုက်ဆံဆိုတာ ဘာမှန်းမသိတဲ့ ဘဝကနေ ပိုက်ဆံလွယ်လွယ်နဲ့ရှာလို့ရနေတော့ သုံးရကောင်းမှန်း မသိဘဲစု။ စုရင်းစုရင်း ပိုက်ဆံတွေ ပွားပွားလာတော့ ပိုက်ဆံကို မက်ပြီးရင်းမက်။ ခင်တွယ်ပြီးရှင်း ခင်တွယ်။ ပိုက်ဆံကိုရှာပြီးရင်းရှာ။

"ဦးတိုး ခုဆို ဦးတိုးမှာ ပိုက်ဆံတွေရှိနေပြီ။ ဟိုပဲပြုတ်ရောင်းတဲ့ အစ်မကြီးကို ယူလိုက်ပါလား"





"လူလေးရာ ... သူက မင်းကို လိုလားတာမှ မဟုတ်တာ။ ဦးတိုးက မယူပါဘူး။ ပြီးတော့ ဒီပိုက်ဆံတွေက ဦးတိုးပိုက်ဆံတွေမှ မဟုတ်တာ။ လူလေးရှာထားတာ။ လူလေးပိုက်ဆံပေါ့ကွ"

"ဦးတိုးရာ ... ဦးတိုး မွေးစားလို့ ကျွန်တော် ဒီလိုနေနိုင်တာ။ ကျွန်တော်ရှာတာ ဦးတိုးဖို့ပါပဲ"

"လူလေးက လိမ္မာလိုက်တာကွာ"

ဒါပေမဲ့ တစ်ရက်မှာတော့ ကြမ္မာမုန်တိုင်း ဝင်လေသည်။ သူတို့နတ်ကနားကတဲ့ အဖွဲ့ထဲက အခြောက်တစ်ယောက် ရုတ်တရက် ဆုံးသည်။ ရိုးရိုးသားသားမဟုတ်။ ရင်ဘတ်မှာ ဓားအနာလန်းနဲ့ ဆုံးနေတာ။ သေတာကလည်း နတ်ကနားကတဲ့ မဏ္ဍပ်ရဲ့ အဝတ်လဲခန်းထဲမှာ။ ရှေ့မှာ တထိထိနဲ့ ဆိုင်းတွေတီး၊ နတ်ဒိုးသံက တမြိုင်မြိုင်နဲ့မို့ အဝတ်လဲခန်းထဲမှာ ဘာတွေဘယ်လိုဖြစ်ပျက်သွားလဲဆိုတာ မသိကြ။ ဘယ်သူသတ်လို့ သတ်သွားမှန်းလဲ မသိ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအမှုအတွက် သူတို့အဖွဲ့လည်း တစ်ဖွဲ့လုံး အစစ်အဆေးခံရသည်။ ဒါပေမဲ့ ထိုအမှုက မပေါ်ခဲ့ပါ။ အဲဒီနောက် သူတို့အဖွဲ့လည်းပျက်ကာ အဖွဲ့ကွဲသွားသည်။

ကနားစီးကတော့ အဖွဲ့ပြန်ကဖြစ်ရင် အိမ်စည့်ကို လှမ်းခေါ်မည်ဟု ကတိပေးလိုက်၏။

အိမ်စည်နဲ့ ဦးတိုးတို့လည်း သူတို့မြို့ကို မပြန်တော့ဘဲ ရန်ကုန်ကို ထွက်လာခဲ့လိုက်သည်။

သူတို့မှာ အတန်အသင့် စုမိပြီမို့ ရန်ကုန်မှာ အခြေချဖို့ ဆုံးဖြတ်လိုက်သည်။ ရန်ကုန်မှာက အလုပ်အကိုင်ပေါတယ်လေ။ ကျန်းမာရေးဆိုလည်း ရန်ကုန်မှာက ပိုသာသည်။ အစစအရာရာ တိုးတက်နေတဲ့ ရန်ကုန်မြို့ကြီးကို ခြေဆန့်ခဲ့မိပါ၏။

❋ ❖ ❋





ဆင်ခြေဖုံးတစ်ခုမှာ အိမ်နဲ့ခြံလေးဝယ်ပြီး နေကြသည်။

ဦးတိုးတို့ လုပ်တတ်တာဆိုလို့ ဆိုက်ကားနင်းတာပဲရှိသည်။ ဆိုက်ကားကလည်း သိတဲ့အတိုင်း။ နေပူမိုးရွာမရှောင် လုပ်ထားသမျှ ကျန်းမာရေးများ မကောင်းလို့ကတော့ ကုန်ပြီသာမှတ်။

ပြီးတော့ အိမ်စည်ကလည်း နတ်ပဲ ကတတ်တာ။ တခြားလုပ်ဖူးတာဆိုလို့ ရေခဲချောင်းရောင်းဖူးတာပဲရှိသည်။

"ကျွန်တော်တို့ ဘာလုပ်ကြမလဲ"

"တို့နားက စက်ရုံတွေနဲ့နီးတော့ မဆိုးဘူးကွ။ ထမင်းဟင်းချက် ရောင်းစားကြမယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ချဗျာ ဦးတိုး"

"ဦးတိုးတို့ လက်ရွှမ်းပြကြတာပေါ့"

ဒါနဲ့ပဲ သူတို့ ထမင်းဆိုင်ဖွင့်ဖြစ်ကြသည်။ ယောကျ်ား တွေဆိုတော့ ချက်ရတာ အဆီအငေါ်မတည့်။ အအေးဆိုင်လေး ဖွင့်ထားသေးတာမို့ အအေးဆိုင်လေးကတော့ ရောင်းရသား။

အသုပ် ဘာညာလည်း ကျကျနန မသုပ်တတ်။ အလုပ်လုပ်ရတာ စမ်းတဝါးဝါးပါပဲ။

အသုပ်ရော ထမင်းဆိုင်ပါဖြုတ်ပြီး အအေးဆိုင်လေး ပဲ ကျန်သည်။ အအေးဆိုတာကလည်း နွေရာသီမို့လို့သာ ရောင်း ရတာလေ။ ကျန်တဲ့ရာသီဆိုရင်လည်း အအေးက ဒီလောက် အလုပ်ဖြစ်တာ မဟုတ်။

ဦးတိုးက စက်ရုံထဲက ကောင်မလေးတွေကို အဝတ် အစားတွေ၊ ထီး ဖိနပ်စသည့် အသုံးအဆောင်တွေကို လပေးနဲ့ ရောင်းပြန်သည်။ ဒီတစ်ခါတော့ မဆိုး။ အလုပ်ဖြစ်သား။

ရောင်းရသား။ ဦးတိုးလည်း အဆင်ပြေသွားလို့ ပျော်နေသည်။ အိမ်စည်ကတော့ အအေးဆိုင်လေးပဲ ဖွင့်ပေါ့။





အိမ်စည်တို့အိမ်နားမှာ နတ်ကတော်တစ်ယောက် နေသည်၊ ဆိုင်မှာ အအေးလာလာသောက်၍ ခင်လည်းခင်သည်။

နတ်ကတော်က တစ်ခါတလေမှ အိမ်ပြန်လာတာ။ ကနားပွဲတွေ ဆက်တိုက်ဆိုပဲ။ ပြန်လာတဲ့ရက်ဆိုရင်လည်း အိမ် မှာလာမေးတဲ့သူ များသည်။

တစ်နေ့ ထိုနတ်ကတော်ဆီကို အိမ်စည်တို့နဲ့ ကနား တတဲ့အဖွဲ့ထဲက အခြောက်တစ်ယောက် လာလည်ရင်း အိမ်စည် ကို တွေ့သွားသည်။

"ဟဲ့ ... အိမ်စည်"

"ဟာ ... လှလေးစိန်ပါလား"

"နင် ဘာလုပ်နေတာလဲ"

"အအေးရောင်းနေတယ်"

"အမယ်လေး အိမ်စည်ရယ်၊ ကြိုကြိုပေါက်ပေါက်တွေ။ နင် အအေးရောင်း ဘယ်လောက်ရမှာတုံး။ တစ်နှစ်လုံး ရောင်းတာတောင်မှ တစ်ပွဲစာမရှိဘူးဟဲ့ ငတုံးရလေ့ရဲ့။ ငါနဲ့ ပွဲပြန်လိုက်ခဲ့။ နင်သာပါရင် ပွဲပိုစည်မှာ။ နင်လို ငယ်ငယ်ရွယ်ရွယ်ဆိုရင် ပွဲရှင်တွေလည်း သဘောကျမှာ"



www.burmeseclassic.com

www.burmeseclassic.com



"မလုပ်ချင်တော့ပါဘူးဗျာ"

"ဟဲ့ ... ဘာလို့မလုပ်ရမှာလဲ။ နင့်ပညာတွေ နှမြောစရာ"

"တော်ပါပြီဗျာ။ လုပ်တတ်ရင် မနာလိုသူတွေပေါတယ်။ မလိုတမာ အငြိုးတွေကို ကြောက်သွားပါပြီဗျာ"

"သြော် ... ဒါကတော့ ဘယ်လောကမဆို ရှိမှာပဲ။ ပတ်ဝန်းကျင်ကို ဂရုစိုက်နေရင် နင် လမ်းကျဉ်းမှာပေါ့။ ကိုယ့်အဆင်ပြေဖို့ပဲ အရေးကြီးတယ်။ ဦးတိုးရော။ ငါ ဦးတိုးကို ပြောမယ်"

ဦးတိုးကလည်း ခါးခါးသီးသီးကို ငြင်းတာပါ။

"တော်ပါပြီ။ ငါတို့ဘဝနဲ့ငါတို့ အေးချမ်းနေပါပြီ။ ငါတို့ အဲဒီလောကထဲ ထပ်မဝင်ချင်တော့ဘူး"

"ဦးတိုးကလည်း အိမ်စည့်ပညာတွေ နှမြောစရာ။ အိမ်စည်က အများကြီး အလားအလာရှိလို့ ပြောတာ၊ လှလေးစိန် နောက်ရက် လာခဲ့ဦးမယ်"

❋ ❖ ❋





နောက်ရက်မှာ လှလေးစိန်နဲ့ သူ့ကနားစီးပါခေါင်ကြီး ရောက်လာသည်။

"အိမ်စည် ... နင့်အကြောင်း ဦးစီးကို ပြောလိုက်လို့ လိုက်လာတာ"

"ဟုတ်တယ် ကောင်လေး။ ကောင်လေးအကြောင်း လှလေးစိန် ပြောလို့ လိုက်လာတာ။ ဒီလိုတော့ ဇာတ်မမြှုပ်နဲ့ဟယ်။ နှမြောစရာ။ တို့အဖွဲ့ထဲ ပူးပေါင်းပါ။ မင်းအရည်အချင်းကိုလိုက်ပြီး ခံစားခွင့် အပြည့်ပေးမယ်"

"ကျွန်တော် မလုပ်ချင်တော့လို့ပါ"

"ဒီတစ်ပွဲပဲ လုပ်ပေးဟယ်။ လူလည်းလိုနေလို့ပါ။ တို့အဖွဲ့ဟာ အမြန်လမ်းမှာ မှောက်ထားတော့ ကျိုးပဲ့တဲ့သူတွေ



www.burmeseclassic.com

www.burmeseclassic.com



အများကြီး မကနိုင်ကြဘူး။ လောလောဆယ် ပွဲကလက်ခံထားပြီးသား ဖြစ်နေလို့။ ဒီတစ်ပွဲတော့ ကူညီပါ”

“ဦးတိုးရယ် ... ဒီတစ်ပွဲလက်ခံပေးပါ။ လှလေးစိန်ကို အားနာပါဦး။ လှလေးစိန်ကတော့ အိမ်စည်လေး အအေးရောင်းနေရတာ မကြည့်ရက်ဘူး။ သူ့ပညာနဲ့သူ ပွဲလည်တင့်ရမယ့်ကလေးက ခုလို သူများသောက်ပြီးသား အအေးခွက်ဆေးနေရတာ ရင်ထဲမကောင်းဘူး”

လှလေးစိန် စကားကြောင့် ဦးတိုး ငိုင်သွားသည်။ လှလေးစိန်ကလည်း ဆက်ပြီးမဲဆွယ်။ နောက်ဆုံးတော့ ဦးတိုး ခေါင်းညိတ်လိုက်သည်။

“လှလေးဆန္ဒရှိရင်တော့ လိုက်ချင်လိုက်ပေါ့”

“ကဲ ... အိမ်စည်၊ နင် ဘာမှမပြောနဲ့။ ခုပဲ အဝတ်အစား သွားထည့်”

လှလေးစိန် အတင်းခေါ်လို့ ပါသွားတော့၏။ အဲဒီလိုနဲ့ နတ်ကနားလောကထဲ အိမ်စည်ရယ်လို့ နာမည်ထပ်ရခဲ့ပြန်သည်။





“ကိုကြီးကျော် ... ကိုကြီးကျော် ... တို့ကိုကြီးကျော်ရဲ့ တို့ဖေဖေကျော် ... ရွှေလမ်း ငွေလမ်းခင်းတဲ့ ဖေကြီးကျော်ပါ ရှင် ... ရှင် ... ရှင်”

နတ်ဒိုးသံ တမြိုင်မြိုင် နတ်ချော့သံ တလှိုင်လှိုင်နဲ့ အိမ်စည်တို့ ကိုကြီးကျော်ကရင် ပွဲကပိုစည်သည်။ အိမ်စည်က ငယ်ဂုဏ်လေးရှိတာကိုး။ ပြီးတော့ အိမ်စည်က တကယ်ပင့်သည်။ တကယ်ကသည်။ ဟောချက်တွေကလည်း မှန်မှမှန်။ ကိုကြီးကျော် အဖြစ် နာမည်ကြီးလာသည်။

တစ်ရက်မှာတော့ အိမ်စည် အိပ်မက်,မက်သည်။

“အိမ်စည် ... မင်း နာမည်ကြီးချင်တယ်။ အောင်မြင်ချင်တယ်ဆိုရင် ဘယ်တော့မှ အိမ်ထောင်မပြုနဲ့။ မိန်းမတွေနဲ့ မစပ်ယှက်နဲ့၊ မင်းဘဝ သန့်စင်နေသရွေ့ မင်းကောင်းစားမယ်။ မင်းကို အတိတ်ဘဝက နောင်တော်တွေ စောင့်ရှောက်နေတယ်”

ထိုအိပ်မက်ကို ဆယ်ရက်တိတိ ညတိုင်းဆက်တိုက်မက်သည်။ အိမ်စည် အိပ်မက်ကို ဘယ်သူ့ကိုမှ မပြောပြ။

www.burmeseclassic.com



အိမ်စည် အောင်မြင်ချင်သည်။ ထို့အတွက် မိန်းမတွေနဲ့ မပတ်သက်ရလို့လည်း ဘာမှမဖြစ်။ အစိက,က ပိုက်ဆံရဖို့၊ ပိုက်ဆံသုံးရရာတောင် မရှိခဲ့တဲ့ဘဝက လာခဲ့တာ။ ပိုက်ဆံဆိုတာ ထားစရာရှိအောင် ပြည့်စုံချင်သည်။

အိမ်စည့်ဘဝမှာ အရေးအကြီးဆုံးက ပိုက်ဆံပဲ။ ပြီးတော့ သူ့လိုမိဘမဲ့ကလေးတွေကို ကူညီချင်တယ်။ အဲလို ကူညီဖို့ကလည်း ပိုက်ဆံရှိမှဖြစ်မှာ။

အိမ်စည့် ရည်ရွယ်ချက်ကို ဦးတိုးတောင် မသိ။ ဦးတိုးကိုတောင် ဘာမှမပြောပြဖြစ်။

အရေးကြီးတာက အိမ်စည့် ရည်ရွယ်ချက်။ ထို့အတွက် မိန်းမတွေနှင့် မပတ်သက်ဘဲ နေနိုင်၏။

ပြီးတော့ သူ အမှန်တရားကို ကိုးကွယ်သည်။ ဘယ်တော့မှ သူတစ်ပါးအပေါ် မတရားမလုပ်။ မမှန်တာမပြော။ ညာမစား ချူမယူ။ ထို့အတွက် လက်ငင်းလည်း အကျိုးပေးသည်။ အိမ်စည့်ကို ယုံကြည်အားကိုးသူတွေ များလာသည်။ နာမည်ရလေ အတိုက်အခိုက်တွေလည်း များလေပေါ့။

❋ ❖ ❋





အတိတ်ကို ပြန်သွားရင်း ညဉ့်နက်သွားသည်။ အတိတ်မြက်ခင်းစိမ်းများတော့ မဟုတ်။ သူ့အတိတ်က စိမ်းလန်းပြည်နေတာမဟုတ်။ ညှိုးဝါဖျော့နေတဲ့ မြက်ခြောက်တွေ။ ကွက်ကွက်ကြားလည်း စိမ်းခဲ့ဖူးပါရဲ့။ ဒါပေမဲ့ မလှပခဲ့တာတော့ သချာနေသည်။ ပြန်လွမ်းချင်စရာလည်း မကောင်းပါ။

အခုတော့ အိမ်စည်ဆိုတာ အားလုံးရဲ့ မော်ဖူးခံရကြီး။ ဘဝတွေများ အပြောင်းအလဲက ကြောက်စရာ။ ဘယ်တော့ ဒီကနေ့ ဦးအိမ်စည် ဒီလိုရပ်တည်နိုင်တာ သူ့ကို ကျွေးစားခဲ့တဲ့ နတ်ကတော်မကြီး ကျေးဇူးတွေပါ။ သူသင်ပေးခဲ့တဲ့ ပညာတွေနဲ့ ခုလို နေနိုင်တာ။ ထို့ကြောင့် ညတိုင်း ကျေးမိခင်ကို ကန်တော့ဆကန်တော့ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးအိမ်စည်နား ဝိုင်းနေတဲ့ မိန်းမတွေကို ဥပေက္ခာပြုထားနိုင်တာလည်း ဒီအောင်မြင်မှုတွေကြောင့်ပဲ။

ပြီးတော့ ခုချိန်ထိ ဦးတိုးဟာ သူ့ရဲ့ဖခင်တစ်ယောက်လို သူ့ကို စောင့်ရှောက်နေဆဲ။

သူရတဲ့ပိုက်ဆံတွေကို သူကိုယ်တိုင် ဆောက်လုပ်လှူဒါန်းထားသော မိဘမဲ့ဂေဟာအတွက် သုံးသည်။ ဒါပေမဲ့ အဲဒီဂေဟာရဲ့အလှူရှင်က သူမှန်းမသိကြ။ ဦးတိုးတောင် မသိ။ သူ့ဂေဟာအတွက် တခြားအလှူရှင် မပေါ်လည်း သူ ထောက်ပံ့နိုင်သည်။

သူကသာ အတန်းပညာမတတ်ခဲ့တာ။ သူ ဂေဟာကနေ ဘွဲ့ရသွားတဲ့ ကလေးတွေတောင် ရှိနေပြီ။

ကိုယ်တစ်ဦးတည်း တော်ရုံတတ်နေရုံထက် လူအများကို တော်အောင် တတ်အောင် အထောက်အပံ့ကောင်းပေးနိုင်တဲ့သူက ပိုပြီးတန်ဖိုးရှိမည် ထင်ပါရဲ့။

ထိုကလေးတွေအတွက် သူ ပိုကြိုးစားရ၏။ ထိုကလေးတွေအတွက် သူ့မှာ တာဝန်အရှိဆုံး။ သူ့ဂေဟာက ကလေးတွေရဲ့ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး အစစ သူ့တာဝန်သာ။





ထိုအရာတွေကို ဦးတိုးတောင် မသိခဲ့။ သူ ဒီမိဘမဲ့ဂေဟာလေး ထူထောင်ထားတာကို ဂေဟာအုပ်ချုပ်သူပဲ သိသည်။ ကျန်တာအားလုံး လျှို့ဝှက်ထားသည်။

သူကတော့ သူ့ဘဝနဲ့သူ ပျော်နေပါသည်။ အစွန့်ပစ်ခံ အပယ်ခံ ကလေးတစ်ယောက်ကနေ ဘဝတူတွေကို ရင်ခွင်ပေါင်းများစွာ ပေးနိုင်ခဲ့သည်။ ခိုနားရိပ်ဖြင့် ချွေးသိပ်နိုင်ခဲ့သည်။ ဆာဝရ ဥယျာဉ်မှူးမဟုတ်ရင်တောင် ဒီပန်းခြံလေးကို သူ မျိုးစေ့ချနိုင်ခဲ့သည်။

ရေနည်းငါးလေးတွေ အတွက်ပါ။ သူ့အတွက် ဒီကလေးတွေဟာ သူ့သားသမီးတွေပါ။ သူ့အလုပ်တွေ အရမ်းပင်ပန်းလာတဲ့အခါ ကလေးတွေဆီ သွားကြည့်သည်။ ကလေးတွေမသိအောင် ကွယ်ရာက ကြည့်တာပါ။

သူ့ကိုယ်သူ ကျေးဇူးရှင်ကြီးလို့ မထွာပ်တိုင် မတက်ချင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ပြီတော့ အလှူရှင်တွေ ဂေဟာကိုလာရင် လက်အုပ်ကလေးတွေချီပြီး ဆုတောင်းစကားပေးတာတွေ့ရင်လည်း ရင်ထဲမကောင်းပါ။

ဒီအရွယ်လေးတွေဟာ ကံများကောင်းခဲ့ရင် မိဘရင်ခွင်မှာ ပိုဟင်းမကြိုက်ဘူး။ ဒီဟင်း မစားချင်ဘူးနဲ့ ကြေးများကျိုကျနေကြမှာ။ ခုတော့ ထမင်းတစ်နပ်ကျွေးတဲ့ ကျေးဇူးရှင်ကို လက်အုပ်ချီနေရတဲ့ဘဝ။ ဆုတောင်းမေတ္တာပို့ပြီးမှ စားရတဲ့ဘဝ။

သူတို့ဘဝကလေးတွေရဲ့ စိတ်ခံစားရေးရာတွေ ဘယ်လောက်များ သိမ်ငယ်လိုက်မလဲ။

အလှူရှင်ကများ သူတို့ကို ကောက်ချီလိုက်ရင် သူတို့ခမျာ ပျော်နေရှာတာ။ တကယ်ကို သနားစရာလေးတွေပါ။ ဒီလို နားခိုစရာဂေဟာကလေး ရှိတာကိုတောင် ပျော်နေရှာတဲ့ဘဝလေ။

ဘွဲ့ရအရွယ်ရောက်သွားတဲ့ ကလေးတွေကတော့ ဂေဟာက ထွက်သွားကြပြီ။ နောက်ထပ် ထပ်ရောက်လာဦးမယ့် ရင်ခွင်မဲ့လေးတွေကို စောင့်မျှော်နေတဲ့ သူ့ဂေဟာလေး။





သူ့ဘဝမှာ မောပန်းသမျှ ဒီဂေဟာလေးရောက်တော့မှနဲ့ အားအင်တွေအဖြစ် ပြောင်းလဲသွားသည်ချည်း။

သူတတ်သမျှ ပညာလေးနဲ့ ဒီဘဝလေးတွေကို ကယ်တင်ခဲ့သည်။ တစ်ချိန်တုန်းက ဒီပညာတွေကြောင့်ပဲ သူ့ကို လူတွေဝိုင်းစွန့်ပယ်ခဲ့သည်။ ဒီပညာတွေတတ်လို့ဆိုပြီး အပြစ်ရှာခဲ့ကြသည်။ ခုတော့ သူတတ်သည့်ပညာနဲ့ ဒီကလေးတွေရဲ့အားကိုးရာ ဖြစ်ခဲ့ပြီ။ ဒီပညာနဲ့ဘဝပေါင်းများစွာကို ကယ်တင်နိုင်ခဲ့ပြီ။ ရယ်စရာတော့ ကောင်းသား။

ဘဝဆိုတာ အဲဒီလို ဇောက်ထိုးပြောင်းပြန်တွေလည်း ဖြစ်တတ်သည်လေ။

ဦးတိုးကတော့ ထင်မှာတောင် မဟုတ်။ သူ ဒီကိစ္စကို စီစဉ်ဖြစ်တာ ဦးတိုးတောင် မသိ။ ပြောချင်စိတ်ကို မရှိခဲ့တာပါ။ ဘာလို့ မပြောချင်မှန်းလဲ မသိ။ အမှန်ဆို ဦးတိုးက သူ့အပေါ်မှာ အဖေတစ်ယောက်လိုတောင် ကောင်းခဲ့တာလေ။

တစ်ခါတလေ သူ့စိတ်ကလည်း တစ်မျိုးပါ။ ကိုယ့်ကိုယ်ကိုယ်တောင် နားမလည်ချင်ပါဘူးလေ။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



အောက်ထပ်မှာ ဝုန်းဒိုင်း ဝုန်းဒိုင်းနဲ့ ရန်ဖြစ်နေကြ
သည်။ ဖဲရိုက်ရင်း စကားထံများကြတာပါ။ ဘီယာဘူးတွေ
လည်း ပွစိတက်နေသည်။

"ဟဲ့ ... နင် ငါ့အစင်ကို ဝင်ခုတ်တာက ဝင်ခုတ်တာပဲ"

"ဟမ် ... ခုတ်စရာလား၊ ကျွန်မက ကျွန်မဘာသာနေ
နော်။ တော့်အစင်ဆိုတဲ့ဟာကသာ မျက်စပစ်ပြတာ။ ကို
လှူကိုယ်မနိုင်ဘဲ လာမဲနေ။ ဒီမှာ ရှင်သာ ရှင့်ဟာကို
ထားနိုင်ရင် ရှင့်လူ ကျွန်မကို မျက်စတောင် ပစ်ရာမရှိ
နော်။ ကုလားမနိုင် ရမိုင်မဲ"

"ကောင်မ ... ညည်း နိုင်ငံရေးမပါကြေး"

"မပါ,ပါဘူးနော်။ သဘောပြောတာ သဘော"





"နားငြီးတယ်ဟာ၊ နင်တို့ လင်လုချင် အပြင်ထွက်လုကြ"

"ဘာကို ထွက်ရမှာတုန်း၊ ဒီမှာ ဒေါင်းတော့မှာ၊ ရှင်ပဲထွက်၊ feel လေးနဲ့ မဒေါင်းရဘူး၊ တကယ်ပဲ"

"ဟိတ် ... တိတ်တိတ်ဆိတ်ဆိတ် ဆော့ကြ။ အပေါ်မှာ ဘုရားဝတ်ပြုနေတယ်"

"အဲဒီ ဦးတိုးကို ပိုကြောက်နေရတယ်၊ ဟင့် ... ကြည့်လုပ် နော် တိုး၊ နှုတ်ခမ်းမွေး ဆွဲနုတ်ပစ်မယ်"

"တယ် ... ငါ့ကိုများ မခန့်လေးစားနဲ့"

နည်းနည်းတော့ တိတ်သွားကြသည်။ ဒါတောင်
ပွစိ ပွစိ လုပ်နေကြသေးသည်။

ခဏနေတော့ အဖေကြီး ဆင်းလာသည်။

"အားလုံးကို ပြောစရာရှိလို့ ခဏ"

ထမင်းစားခန်းထဲမှာ ကော်ဖီခွက်နဲ့ စောင့်နေ၏။
အားလုံး ကုပ်ကုပ်ကလေးတွေ လိုက်သွားကြသည်။

"မင်းတို့ကို တစ်ခုပြောချင်လို့၊ အောင်မြင်မှုရဲ့လျှို့ဝှက် ချက်ပေါ့။ ငါ ဘာကြောင့် အောင်မြင်သလဲ သိချင်လား"



www.burmeseclassic.com

www.burmeseclassic.com



တချို့ကတော့ သိချင်စိတ်ဖြင့် မျက်လုံးတွေ အရောင်လက်သွားသည်။ တချို့ကတော့ စာဖတ်တော့မယ်ဟူသော အထာမျိုးဖြင့် စိတ်ညစ်သွားပုံရသည်။ လိုချင်တဲ့သူက တက်ကြွ။ မလိုချင်တဲ့သူက ပေးတာတောင် စိတ်ဓာတ်ကျနေသေးသည်။

"ငါက အမှန်တရားကို ကိုးကွယ်လို့ပဲ။ ငါ နတ်ကနားကတာ ငယ်ငယ်တည်းက။ ဒါပေမဲ့ ငါကနားကဖို့အတွက် ခြောက်ချင်ယောင် မဆောင်ခဲ့ဘူး။ ယောက်ျားစစ်စစ် ဘဝစစ် ဘဝမှန်နဲ့ပဲ ကတာ။ လိမ်ညာမှုတွေထဲမှာ ကိုယ့်ကိုယ်ကိုယ် လိမ်တာအဆိုးဆုံးပဲ။ အခြောက်လိုနေမှ အလုပ်လုပ်လို့ရမယ်ဆိုတဲ့ အယူအဆတွေကို ကိုးကွယ်နေမယ့်အစား အလုပ်ကို ပီပြင်အောင်လုပ်ဖို့ပဲလိုတာ။ ငါ့ကိုယ်ငါ မလိမ်ခဲ့ဘူး။ ပြီးတော့ ငါက ဘယ်တော့မှ မိန်းမ,မယူဘူးလို့ စွန့်လွှတ်ထားတယ်။ ငါ့ဘဝ သန့်စင်စွာနဲ့ ကိုယ်တော်တွေကိုလှူတာ။ ဘုရားတရားလုပ်တယ်။ အဲဒါကြောင့် နတ်တွေက ချစ်ခင်စွာ စောင့်ရှောက်ပေးတယ်။ ငါ လူတွေကိုလည်း မလိမ်ဘူး။ ငါ ပိုက်ဆံရဖို့အတွက် မြှောက်





မပြောဘူး။ ခြောက်မပြောဘူး။ လိမ်မပြောဘူး။ မှန်တာပဲပြောတယ်။ ငါ့နှုတ်ခမ်းဖျား မှန်သောစကား တည်ရှိခဲ့ ငါ ဆုတောင်းတယ်။ တရားကို နတ်စောင့်တယ်။ ငါပြောတာ နားလည်ကြလား။ ငါ့သဘောကတော့ ခြောက်ချင်ယောင်ဆောင်နေတဲ့သူတွေ အခြောက်ဘဝကို စွန့်လွှတ်စေချင်တယ်။ ကိုယ့်ကိုယ်ကိုယ် လိမ်နေရတာကို ပင်ပန်းပါတယ်"

"အခြောက်စစ်စစ်တွေကို ငါမပြောဘူး။ အတိတ်ဘဝ ဝဋ်ကြွေးကြောင့် ဒီဘဝမှာ ခုလိုဖြစ်နေတာ။ ဒါပေမဲ့ ခြောက်ပြမှ စားရမယ်ထင်တဲ့ ကောင်တွေကိုတော့ ရွံတယ်။ မလုပ်ပါနဲ့၊ မကောင်းဘူး။ မင်းတို့ အောင်မြင်ချင်ရင် ငါးပါးသီလလောက်တော့စောင့်။ မင်းတို့ကို နတ်တွေ တကယ်စောင့်ရှောက်လာလိမ့်မယ်"

✱ ❖ ✱



www.burmeseclassic.com

www.burmeseclassic.com



နတ်ဒိုးသံကလည်း မြိုင်မှမြိုင်။ ဆိုင်းကလည်း လမိုင်းအကပ်လွန်နေသည်။

"သောက်တော်ဘူးရယ်နဲ့ အိုမကွာ အိုမကွာ။ ဖေကျော်ရေ မ,ပါ စ,ပါ။ ဖေကျော့် အကြိုက် လိုက်သလို နှမကြီး အကြိုက်လည်း ဖြည့်ဆည်းပေးတော်မူပါ ဖေကြီးကျော်"

အဆိုတော်ကလည်း အပို့ကောင်း အချဲ့ကောင်း။

တစ်သောင်းတန်တွေ ခင်းပေးတဲ့သူနဲ့ ဆွဲကြိုးတွေ လက်ကောက်တွေချွတ်ပြီး ခင်းတဲ့သူနဲ့ ရွှေလမ်းငွေလမ်းခင်းကြသည်။

"ဖေဖေကျော်ကြီးကို ရွှေလမ်းငွေလမ်းခင်း လှူသလို နှမကြီးတို့လည်း ရွှေလမ်း ငွေလမ်းခင်း လျှောက်နိုင်တဲ့ကိုယ်





ဖြစ်အောင် မ,စတော်မူပါ ဖေဖေရေ။ ဖေကြီးရေ ပျော်လှ ချည်လား"

မအောင်ကလည်း နဂါးမယ်တော်ဝင်လာကာ ကြမ်းပေါ်မှာ လူးလိမ့်နေသည်။ ဦးတိုးက နတ်ထိန်းဝင်လုပ်နေရသည်။

နဂါးမယ်တော်လည်း ကြမ်းနေပြီ။ အမဲသားစိမ်းတွေ ဆွဲစားကုန်ပြီ။ လျှာတွေမှာ အပ်တွေထိုးစိုက်ကာ နွားနို့ခွက်ကို မှုတ်သောက်တာများ တကယ့် နဂါးတစ်ကောင်မှုတ်သလို။

အောင်မြင်သောပွဲကြီး။ ဝက်ဝက်ကွဲကို အောင်မြင်တာ။ ပွဲရှင်တွေဆိုတာ ပြုံးချိုမြနေ၏။ အဓိဋ္ဌာန်နဲ့ ပွဲပေးတာလေ။ ခုလို နတ်တွေပျော်တော့ သူတို့အလုပ်အကိုင် ရည်ရွယ်ချက်တွေ အောင်မြင်မယ်ဆိုပြီး ပျော်နေကြသည်။

ပွဲနားတော့ ...

"အဖေကြီး ကနေတာကို မအောင် နောင့်ယှက်တာ မဟုတ်ပါဘူး။ နဂါးမယ်တော်က ဘယ်လိုဝင်လာမှန်း တောင်မသိဘူး။ မအောင်က သေးကနတ်ထိန်းနေတာ။ အဝတ်အစားတောင် မလဲထားဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း ... ငါ ပင့်ထားတာ။ နဂါးမယ်တော်ကြီးက ကြွချင်နေတာနဲ့ ပင့်လိုက်တာ"

"ဒီနေ့ပွဲကတော့ ရေလည်စည်တာ။ အေးပေါ့လေ နတ်တွေလည်း ပျော်ချင်မှာပေါ့"

ထိုပွဲပေးတဲ့ ပွဲရှင်တွေ အလုပ်တွေ အောင်မြင်လိုက်တာမှ ဒိတ်ဒိတ်ကြဲ။ တရားကို နတ်စောင့်သတဲ့။ လူကောင်းတွေကို နတ်ကောင်း နတ်မြတ်တွေ စောင့်ရှောက်ပါတယ်။ တစ်ခုတော့ရှိတာပေါ့။ နတ်ပွဲတွေ ကျင်းပတဲ့အခါ အမှန်အကန်နတ်ပွဲ ဖြစ်ဖို့တော့လိုတယ်။ အကြံအဖန် လိမ်ညာတဲ့ လုပ်ပွဲကြီးတွေ မဟုတ်ဖို့တော့ လိုတယ်။ လူမစွမ်း နတ်မ,ဆိုတဲ့ စကားတောင် ရှိဖူးတာပဲလေ။

ဦးအိမ်စည်က ဘယ်တော့မှ အကြံအဖန် မလုပ်တဲ့ အတွက် ဦးအိမ်စည်နဲ့ ကနားပေးရင် အောင်မြင်ပြီလို့မှတ်။

❋ ❖ ❋





မအောင်တို့ ပွစိ ပွစိ ဖြစ်နေသည်။

"ဟဲ့ ... ဟိုတယ်ပွဲက လက်ဝတ်လက်စားတွေပါ ရတာနော်"

"အေးလေ"

"အဖေကြီးက အကုန်သိမ်းသွားတာပဲ။ တို့တွေကျတော့ သူပေးသလောက်ပဲ။ တို့လည်း အရင်ပွဲတွေထက် ပိုရပါတယ်။ ဒါပေမဲ့ နည်းသလားလို့"

"အေးလေ။ ပွဲတစ်ပွဲလုပ်တိုင်း ဘယ်လောက်ရတယ်ဆိုတာတော့ သိချင်တယ်"

"ပြီးခဲ့တဲ့အပတ်က မအောင်အမေ ဆေးသွားစစ်ဖို့ ပိုက်ဆံကြိုထုတ်တာ မရဘူးတော့၊ သိလား ... မအောင်ကိုမယုံတာလား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ... မအောင်ကလည်း ဘယ်တုန်းက ကြိုငွေရဖူးလို့လဲ"

"သူ ပိုက်ဆံတွေ ထားစရာရော ရှိရဲ့လားမသိ။ တွန့်တိုချက်က နိုင်းလောက်ရှိတယ်"

"ဒီပွဲဆို စိန်ထည်တွေရတာ။ အကုန်သိမ်းသွားတယ်။ ပိုက်ဆံပဲခွဲပေးတာ"

အခြောက်မတွေ မကျေမနပ် ပွစိနေကြသည်။ ဦးတိုးက ချောင်းတစ်ချက် ဟန့်ကာ ...

"နင်တို့ မကျေနပ်ရင် ကြိုက်တဲ့အချိန်ထွက်၊ တခြားမှာဆိုရင် နင်တို့ ဒီလောက်တောင် ရမှာမဟုတ်ဘူး။ စကားတွေ ကြည့်ပြောကြ။ နင်တို့စွမ်းရင် ကြိုက်တဲ့အချိန်ထွက်။ ဝမ်းမနည်းဘူး။ အဖေကြီးမှာ တပည့်မရှားဘူး။ နင်တို့ထွက်သွားလည်း လာချင်တဲ့သူတွေပုံလို့"

မကျေနပ်ပေမယ့် အားလုံးတိတ်သွားသည်။ ဦးတိုးပြောတာတွေက မှန်နေတယ်လေ၊ ဘယ်သူမှ စောဒကမတက်ရဲ။ ဦးတိုး ဆိုတာက အဖေကြီးရဲ့လူ။ ဦးတိုးကို ပြန်ပြောရင် အဖေကြီးနား တန်းရောက်မှာလေ။





"ဦးတိုး"

မအောင်က ဦးတိုးနားသွားကာ ...

"မအောင် ငွေလိုနေလို့ အဖေကြီးကို ပြောပေးပါလား"

"ဟဲ့ ... ငွေကြိုထုတ်တာ ထုံးစံမှမရှိတာ"

"ကြိုငွေရယ်လို့ သဘောမထားဘဲ ချေးချင်တာပါ"

"ခက်တာပဲ၊ နင်တို့ ဒီလောက်ပိုက်ဆံရနေတာကို ဘာလို့လိုရတာလဲ"

"ဩော် ... ဦးတိုးရယ်၊ မအောင်တို့မှာလည်း မိသားစုရှိသေးတာပဲ၊ အမေ နှစ်လုံးတွေရှုံးလို့ အိမ်ပေါင်ထားရတယ်။ အဲဒါ ရက်ကပြည့်တော့မှာ။ အမေက အတိုးတောင်မသွင်းနိုင်ဘူး။ မအောင်တို့လည်း အခု အိမ်ဆုံးမယ်ဆိုမှ သိရတာလေ။ သိပ်တော့မများဘူး။ ဒါပေမဲ့ မအောင်ကလည်း လတိုင်း အိမ်ပြန်ထောက်တာရယ်၊ မအောင် သုံးတာရယ်ဆိုတော့ သိပ်မစုမိဘူးလေ။ မအောင် လက်ထဲမှာ တစ်ဝက်လောက်ပဲရှိလို့။ အဖေကြီးချေးရင်တော့ ပြန်ရွေးနိုင်တာပေါ့။ မချေးရင်လည်း တစ်ဝက်သွင်းထားလို့ ရပါတယ်။ ကူညီပါ ဦးတိုးရယ်။ ပြောပေးပါနော်"



www.burmeseclassic.com

www.burmeseclassic.com



"ခက်တာပဲ။ ပြောတော့ ပြောကြည့်မယ်။ မသေချာဘူး နော်။ နင့်တစ်ယောက် ချေးလိုက်ရင် ကျန်တဲ့ဟာတွေပါ ခေါင်းထောင်လာမှာ။ ရမယ်လို့တော့ တွက်မထားနဲ့"

"ဟွန့် ... ဦးတိုးကို စစ်ကူတောင်းမှ ပိုဆိုးပြီ"

ဦးတိုးက အပေါ်ထပ် တက်သွားကာ မအောင်ကိစ္စ အဖေကြီးကို သွားပြောပေးသည်။

"မချေးဘူး ဦးတိုး၊ ကျွန်တော် မချေးလည်း သူတစ်ဝက် ဆပ်ထားလို့ ရတာပဲ။ ကျွန်တော် ချေးရင် သူတို့အကြွေး တင်မှာ။ သူတို့ရတာကို သူတို့တစ်လုံးတစ်ခဲတည်း မသုံး ရတော့ဘူး။ ချေးစရှိရင် ချေးချင်မှာ။ ချေးလို့ရတာပဲဆို ပြီး လွယ်လွယ်သုံးကြမှာ"

"လူလေး သဘောပါ။ လူလေးက ဘယ်လောက်ရတယ်။ ဘယ်ရွှေ့ရတယ်၊ မရှင်းပြတော့ သူတို့ သိပ်မကျေနပ် ကြဘူး။ ခုနပဲ အောက်မှာ ပွစိ ပွစိ လုပ်နေကြသေး တယ်"





"ထားလိုက်ပါ၊ မကျေနပ်ရင်ထွက်ပဲ။ ဒီလောက်,က လူ တွေက ဦးတိုး သိတဲ့အတိုင်းပဲ။ ဘယ်သူမှ ယုံစားလို့ရတာ မဟုတ်ဘူး။ သူတို့ကို ပေးသင့်သလောက် ပေးတာပဲ။ မကျေနပ်ရင် ဂျောင်းပဲ"

"ဦးတို့ သဘောပေါက်ပါတယ်။ လူလေး သိအောင်ပြော ပြတာ။ လူဆိုတာက ပိုက်ဆံနဲ့ပတ်သက်လာရင် လောဘ အမှောင်ဖုံးတတ်စမြဲပဲ။ သတိထားနေ။ တော်ကြာ မကျေ နပ်ဘဲ အန္တရာယ်ပြုမှာစိုးလို့"

"ဟုတ်ကဲ့ပါ ဦးတိုး။ ဦးတိုးလည်း အသက်ကြီးပြီ။ အလုပ်တွေ အရမ်းမလုပ်နဲ့တော့။ နားနားနေနေပဲ နေပါ"

"ဘာများပင်ပန်းလို့လဲကွာ၊ ပါးစပ်နဲ့ပဲ ခိုင်းနေရတာ။ လူလေးကမှ ပင်ပန်းတာ။ ငါက မင်းပဲ စိတ်ပူတာ"

"မပင်ပန်းပါဘူး။ အရမ်းပင်ပန်းလာရင်လည်း စိတ်လေ့ ကျင့်ခန်းလေးလုပ်ပြီး နားတတ်ပါတယ်"

"အေး ... အေး၊ လူလေးကို တစ်ခုပြောချင်သေးတယ်။ အိမ်မှာ ဘုန်းကြီးပင့်ပြီး ဆွမ်းကပ်ချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်မှာ နတ်ရုပ်တွေနဲ့ဆိုတော့ မသင့်တော်သလိုပဲ ဦးတိုးရဲ့ ဦးတိုး ဆွမ်းတပ်ချင်ရင် စာသင်တိုက်တစ်ခုဖြစ်ဖြစ် ရှိပ်သာ တစ်ခုခုမှာဖြစ်ဖြစ် လုပ်ပါလား"

"အေး ... ဒါလည်း ကောင်းတာပဲ။ ပိုက်ဆံတွေချည်းပဲ ထိုင်စုနေလို့ သေရင် ကိုယ့်နောက်မပါဘူး လူလေးရေ အလှူလေးလည်း လုပ်ဦး"

အိမ်စည်က ပြုံးနေသည်။ ဦးတိုးမှ မသိတာလေ သူ့မှာ ပိုက်ဆံသိပ်မရှိ။ မိဘမဲ့ကလေးတွေကို ထောက်ပံ့နေရတာ လေ။ လှူနေရတာ။ ရသမျှ အကုန်လုံးကို လှူပစ်တာ။ ဒါပေမဲ့ သူ ဦးတိုးကို ပြောပြချင်စိတ်မရှိ။ ဦးတိုး သိရင် ကန့်ကွက်မလား။ ဝမ်းသာအားရ ထောက်ခံမလား။ သူ မခန့်မှန်းတတ်။

ဒီတစ်ပွဲရလာတဲ့ လက်ဝတ်လက်စားတွေကို ထုခွဲ ပြီး ဂေဟာကို သွားဦးမှ။ ဘာတွေ လိုအပ်နေသလဲ သွားဖြည့် ပေးဦးမှ။

သန်ဘက်ခါ တိုးတိုးတိတ်တိတ် ချိန်းပွဲရှိသေးသည်။ ထိုင်ကနားလေး။ တွင်းသူဌေးတစ်ယောက် အချိုကြီး ကျောက်





တစ်ပွင့် အောင်ထားတာကို ဈေးကောင်းကောင်းနဲ့ ထုတ်နိုင်အောင် စားတော်တိုက်မှာ။

ထိုင်ကနား ဆိုပေမယ့် အောင်မြင်ရင် အချိုကြီး မှာဖော်ကြမှာ။

ကဲ ... နတ်တို့ချစ်ခင်အောင် တရားထိုင်ပြီး မေတ္တာ ပို့ဦးမှပါ။ သမာဓိတက်မှ ဟောပြောလို့ ရတာလေ။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံမချေးတဲ့အတွက် မအောင်က သိပ်မကျေနပ်ပါ။ မအောင်က သူ့လက်ထောက်ပါ။ သူ့ဒရိုင်ဘာဆိုလည်း ဟုတ်။ ဒီလောက် သူ့ကို အကျိုးပြုတာတောင် မချေးဘူး။

ဒါပေမဲ့လည်း ပုန်မကန်ရဲပါ။ မအောင် ထွက်သွားရင် မအောင်နေရာကို ဝင်မယ့်သူတွေက အဆင်သင့်။

ပြီးတော့ မအောင် သူ့ဆီက ပညာမရသေး။ သူ့မှာ အစွမ်းထက်တာ တစ်ခုခုတော့ ရှိရမယ်။

ဥပမာ မအောင်တို့ နတ်ပွဲတွေမှာ လမိုင်းမကပ်တာတို့၊ အဖျက်ဝင်တာတို့ဆို သူပဲ ဝင်ရှင်းသွားတာလေ။ မအောင်တို့ ရှင်းလို့မနိုင်တဲ့ ဖေတ်တွေဆို သူပဲ ရှင်းရတာ။

သူ ပညာတတ်တာတော့ သေချာသည်။ မအောင်သည် အချိုးသတ်ပြီး ပညာနှိုက်ဖို့ ဆုံးဖြတ်လိုက်သည်။





"အဖေကြီး မအောင်ကို ပညာသင်ပေးပါလား။ အဖေကြီး နိုင်းသမျှ မအောင် လိုက်နာပါ့မယ်။ ပြဿနာတစ်ခုခုဆို မအောင်တို့က မရှင်းတတ်ဘူး"

"မင်း ပညာသင်ချင်ရင် မင်းပုံစံကို အရင်ပြင်ရမယ် အောင်အောင်၊ မင်း ဒီလိုဟိုမရောက် ဒီမရောက် ခြောက်နေ ပုံနဲ့ မရဘူး"

"ဒါတော့ အဖေကြီးရယ်။ မအောင်က ဒီပုံစံနဲ့ နေလာတာ ကြာပြီလေ။ ခုမှ ပြောင်းလဲလိုက်ရင် သိတဲ့သူတွေက အမြင်ပြောင်းကုန်မှာပေါ့။ ပြီးတော့ ဒီလောကမှာက အခြောက်ဘဝနဲ့ နေရတာက ပိုပြီးအဆင်ပြေတယ်လေ။ သူတို့နဲ့ သဟဇာတဖြစ်ဖို့က အခြောက်လိုနေတာက ပို အဆင်ပြေတယ်လေ။ အဖေကြီးလို ပညာတွေ အရမ်းတတ်ထားရင်တော့ တစ်မျိုးပေါ့"

"ဒါဆို မင်းက လုပ်စားလို့ကောင်းအောင် ခြောက်ပြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အမှန်တိုင်း ပြောရရင်တော့ အဲဒီသဘောပါပဲ။ အဲဒါ မအောင်တို့ နတ်လောကမှ မဟုတ်ပါဘူး။ ဒီဇိုင်နာတွေ၊ Make-up Atrist တွေလည်း ဒီလိုပဲ လုပ်စားချင်တော့ လည်း အသွင်ပြောင်းရတာပေါ့"

"ဟင်း ... အဲဒါက ကိုယ်အကျိုးအမြတ်ရဖို့အတွက် ဟန် ဆောင်လှည့်စားထားသလို ဖြစ်နေတာပေါ့။ အဲဒီတော့ မင်းမှသာဝါဒကကို အလိုလို ချိုးဖောက်နေသလို ဖြစ်နေပြီ။ ကံငါးပါးမှ မလုံဘဲ ဘယ်လိုလုပ် ဆရာဖြစ်မှာလဲကွ။ သူ များထက် သာချင်ရင် သူများထက် ပိုကြိုးစားရတယ်ကွ။ ဆရာဖြစ်ချင်ရင် ခုနစ်ရက်သားသမီးထက်ပိုပြီး ဘုန်းကံ တက်အောင် ကြိုးစားရတယ်၊ ငါးပါးသီလတောင် မလုံဘဲ ဆရာ မဖြစ်နိုင်ဘူး။ မင်းတို့က အသောက်အစားဆိုလည်း မရှောင်နိုင်ဘူး။ ပြီးတော့ ကာမေသု။ အဲဒီ ကာမေသုဖြစ် တာကိုရော ရှောင်နိုင်လို့လား။ ငါ့လိုမိန်းမတွေကို လုံးဝ စိတ်မဝင်စားဘဲ နေနိုင်လား။ ဆရာလုပ်တယ်ဆိုတာ လွယ်လွယ်နဲ့ လုပ်လို့မရဘူးကွ။ မှတ်ထား။ ဆရာဆိုတာ သူများထက်သာမှ ဆရာလုပ်လို့ရတာ"





မအောင် ဘာမှမပြောတတ်တော့။ စိတ်ထဲမှာတော့ ကျေနပ်မှုအစိုင်အခဲတွေပဲ ထပ်ထပ်တိုးလာသည်။ အဖေကြီးပြော တာတွေကို သဘောမပေါက်။ ပညာမသင်ပေးချင်လို့ ရှောင်လွှဲ တယ်ဟုပဲ ထင်နေမိသည်။

မအောင် စိတ်ထဲမှာ အမျက်ဒေါသတွေ တစ်ရစ်ပြီး တစ်ရစ် တက်နေပြီ။

မစားရရင်တော့ သဲနဲ့ပက်ဖို့ ဝန်မလေးတဲ့သဘော။ ဒါပေမဲ့ သင်းမရှိရင် မအောင်တို့လည်း ဒုက္ခရောက်မှာ။

သင်းကို တဆုံးကိစ္စတုံးလို့တော့မဖြစ်။ မသေမရှင် ဖြစ်အောင်တော့ ပညာပေးရမယ်။ အနည်းဆုံး သင်းခြေထောက် တွေကို ရိုက်ချိုးပစ်တာပဲ ဖြစ်ဖြစ်ပေါ့။

မပြည့်တဲ့အိုး ဘောင်ဘင်ခတ်ပြီ။ အဖေကြီးကတော့ ဘာမှမသိ။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



မအောင် ကားကို ဘရိတ်ကြီး ဖြတ်ထားလိုက်သည်။ ပြီးတော့ မနက်ကတည်းက ခေါင်းကိုက်ချင်ယောင်ဆောင်ကာ ဟိုလူ့နှိပ်နိုင်း၊ ဒီလူ့ဆီ ဆေးတောင်းနဲ့ လုပ်နေလိုက်သည်။

မအောင် ဒီနေ့တော့ ကားမမောင်းနိုင်။ မအောင် မမောင်းရင် အခြောက်တွေထဲက တစ်ယောက် မောင်းပို့ရလိမ့်မယ်။ သင်းက ကားမမောင်းတတ်ဘူး။ သင်းဘာသာ ဘယ်တော့မှ မောင်းလေ့မရှိဘူးလေ။ သင်းကို ကားမောင်းပို့ပေးရမယ့်သူက တော့ ကံဆိုးသူပဲ။ မဲပေါက်တာပဲ။ ဘယ်သူမဲပေါက်မလဲမသိ။

မအောင် အသာစောင့်ကြည့်နေလိုက်သည်။ ဒီနေ့ အဖေကြီး အပြင်သွားမှာ သေချာသည်။ မနေ့က ဖုန်းနဲ့ချိန်းနေသံကို သေချာကြားရသည်။





မကြာပါဘူး စောနေတော့ အပေါ်ကဆင်းလာသည်။

“အောင်အောင်ရေ ... အပြင်သွားရအောင်”

“မအောင် ခေါင်းအရမ်းကိုက်နေလို့ အဖေကြီး၊ ကားမောင်းလို့ရမယ် မထင်ဘူး။ အဖေကြီး ဘယ်သူ့ခေါ်သွားမလဲ”

“အဲဒါဆို ဖိုးဇော်ပဲ လိုက်ခဲ့တော့”

“ဇော် အပြင်သွားတယ် အဖေကြီး”

“ဒါဆို အငယ်လေးရော”

“သမီးရှိတယ်”

“အေး ... ငါနဲ့အပြင်လိုက်ခဲ့”

“ဟုတ်”

အငယ်လေး ဆံပင်လေးယမ်းကာယမ်းကာနဲ့ပါသွားသည်။ မအောင် စိတ်ထဲကနေ အငယ်လေးကို တောင်းပန်လိုက်မိသည်။

“စိတ်မကောင်းပါဘူး အငယ်လေးရယ်။ ငါ ရည်ရွယ်တာက တစ်ယောက်တည်း။ ပြီးတော့ ပရမ်းပတာလည်း မဖြစ်သွားစေချင်ဘူး။ ခြေကျိုးလက်ကျိုးလောက်ပဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... အငယ်လေး၊ ဖြည်းဖြည်းမောင်းနော်"

"အေးပါအေ။ မအောင်ကလည်း အမှတ်ကပ်ယူပြန်ပြီ"

ပြောသာ ပြောရတာ။ အငယ်လေးက သူ့ဘာသာဆို ကားမောင်းတာ ရမ်းသလားမမေးနဲ့။ ဒီလောကထဲကို ဝါသနာပါလို့ ဝင်လာတာ။ ဘာပညာမှ မတတ်။ ပိုက်ဆံရှိသားသမီး အခြောက်မစစ်စစ်။ မိန်းမလို ဝတ်စားလိုက်တာမှ ပိပြားနေတာပဲ။ တစ်ကိုယ်လုံး ပေါင်းတင်ထားတာ နုဖပ်နေတာပဲ။ ဇန်ကောထ်သွားပြီး အပိုအလိုမရှိ ခွဲစိတ်ပြုပြင်ထားသေးတာ။ ပစ်ရက်စရာမရှိ။ သာမန်မိန်းမတွေထက် ပိုလှသော အခြောက်မစစ်စစ်။ ဆံပင်တွေဆိုတာ မည်းခဲဝဲဖြာနေလိုက်သမျှ ခါးအထိရှည်သည်။

တကယ်ကို ပစ်ရက်စရာမရှိတာပါ။ အငယ်လေးကို မြှောက်ပင့်ချူဆီလုပ်ပြီး ဝိုင်းဝိုင်းလည်နေတဲ့ ပူရှိသတွေလည်းရှိသေးသည်။

အသံကိုသာ မကြားရဘူးဆို တကယ့်မိန်းမလို့ပဲ ထင်ကြတာပါ။





"အသံအိုးကြီးကို ခွဲစိတ်ပြုပြင်ချင်သေးတာ။ အိမ်ကပိုက်ဆံတောင်းမရသေးလို့။ ကိုယ်ရတာကလည်း ကိုယ်သုံးတာနဲ့တောင် မလောက်ဘူး ... ဟင်း"

အမြဲတမ်း ပြောလေ့ရှိသည်။ သူ့အသံကို ပြုပြင်လိုက်ရင် တကယ့်မိန်းမလို့ပဲ ထင်ကြမှာ။

မအောင် တွေးနေတုန်း ကားက ခြံဝင်းထဲကထွက်သွားပြီ။ အငယ်လေးအတွက် တကယ်စိတ်မကောင်း။ အငယ်လေးက အလုကြိုက်။ သူ့လက်သည်းလေး ပဲ့သွားရင်တောင် နှမြောမဆုံး။ ဝမ်းနည်းမဆုံး။ တသသနဲ့ ညည်းညူနေတတ်သူ။

ခုတော့ ကျိုးပဲ့ဖို့က သေချာသလောက်။ ထို့ထက်ပိုဆိုးဖို့ပဲရှိသည်။

ဒါပေမဲ့ ...

ထိုနေ့က ဘယ်သူမှ ဘာမှမဖြစ်ဘဲ ပြန်ရောက်လာကြသည်။

"ကားမောင်းရင်း မီးဝါဖြတ်လို့ ဘရိတ်ခ်အုပ်တာ မရတော့ဘဲ မီးဝါဖြတ်မိသွားတာ။ တော်သေးတယ်။ တစ်ဖက်မှာ



www.burmeseclassic.com

www.burmeseclassic.com



လမ်းကြောရှင်းနေလို့။ လမ်းဘေးထိုးရပ်ပြီး ကြည့်တော့မှ ဘရိတ်ခ်ကြိုး ပြတ်နေတာ တွေ့ရတာ။ ကံကောင်းလို့ သူတော်ကောင်းကို နတ်တွေစောင့်ရှောက်တယ်။ အမယ်လေး မတွေးဝံ့စရာ။ ဒီကလည်း ပွိုင့်နားနီးလို့ အရှိန်လျှော့ထားလို့သာ။ မဟုတ်လို့ကတော့ အငယ်လေးတို့ ရေဝေးနေရလောက်ပြီ။ အမယ်လေး … နတ်ကောင်း နတ်မြတ်အားလုံးကို ကျေးဇူးတင်ပါတယ်"

အငယ်လေးပြန်လာပြီး ပြောပြတာကို မအောင်တို့ ရင်ဘတ်ဖိလိုက်၊ မျက်လုံးပြူးလိုက်နဲ့ သရုပ်ဆောင်ပြနေရသည်။

"တော်သေးတာပေါ့ အငယ်လေးရယ်၊ နင်ရော အဖေကြီးပါ ဘာမှမဖြစ်လို့၊ အမယ်လေး … ကြားရတာ မထိတ်သာမလန့်သာ ရှိလိုက်တာအေ"

"ကားကတော့ ဆေးရုံရောက်သွားပြီ၊ လူတွေမရောက်လို့ တော်သေးတယ်"

ကားကို ဝပ်ရှော့ပို့ကာ တက္ကစီနဲ့ ပြန်လာကြသည်။ အဖေကြီးက မအောင်ကို စူးစိုက်ကြည့်ကာ …





"စေတနာသည် တူသောအကျိုးပေးသတဲ့။ ကိုယ်ပြုသည့်ကံ ကိုယ့်ထံပြန်လာမှာပဲ။ ဖြူသူက အသစ်၊ ဖြစ်သူအဟောင်းပဲ။ သတိထားကြ"

မအောင် လန့်သွားသည်။ အဖေကြီး သိနေတာလား။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



မအောင် တစ်မျိုးကြံပြန်သည်။ သူ့အသိဆရာမ တစ်ယောက်ဆီသွားကာ အောက်လမ်းနည်းတွေနဲ့ တိုက်ဖို့ကြံပြန်သည်။

ဆရာမက ...

"ဟဲ့ ... ညည်းအကောင် တော်တော်ကြီးသဟဲ့။ တော်တော်လုပ်ယူရမယ်"

"အမေ အပြတ်တော့ မလုပ်နဲ့နော်။ မသေမရှင်လေးပေါ့"

"အေးပါအေ၊ သင်းကို သတ်လိုက်ရင် ညည်းချေးကြောပြတ်သွားမှာပေါ့။ ကျုပ် နားလည်တယ်"

"အားကိုးပါတယ် အမေရယ်"

"ညည်းရှေ့ ဒူးထောက်ရအောင် ငါခြေသလုံးရိုက်ချိုးပေးရင် ကျေနပ်လားဟေ့"





"ကျေနပ်ပါတယ် အမေ"

"အေး ... ရိုက်ချိုးခကတော့ ဈေးကြီးတယ်နော်"

"စိတ်ချပါ အမေရယ်။ အမေသာ မအောင် လိုချင်တာကို ဖန်တီးပေး၊ ငွေရေးကြေးရေး အေးဆေးပါ"

"မလိုချင်ဘူး။ ငါတို့က အလုပ်ကို တိကျမှလုပ်တာ။ စရန်တစ်ဝက်ပေး"

"ဟုတ် ... ဒါဆို မအောင် မနက်ဖြန် လာပေးပါ့မယ် အမေ"

"ဟွန်း ... အလုပ်လာအပ်တာ ပိုက်ဆံမပါဘူး။ တော်တော်ကောင်းတဲ့ကောင်တွေ"

"စိတ်မဆိုးပါနဲ့ အမေရယ်။ မနက်ဖြန်ပို့ပေးပါမယ်"

မပို့လိုက်ရပါ။ အောက်လမ်းဆရာမဆီက အပြန် ကားအက်ဆီးဒန့်ဖြစ်ပြီး ဆေးရုံရောက်သွား၏။ ခြေထောက်နှစ်ချောင်းလုံးကျိုးတာ။

မအောင် တော်တော်လန့်သွားသည်။ မအောင် တက္ကစီငှားပြီး ပြန်လာတာပါ။ တက္ကစီမောင်းတဲ့သူက ဘာမှမဖြစ်။ နောက်ခန်းမှာထိုင်တဲ့ မအောင်တစ်ယောက်တည်း ထိတာ။



www.burmeseclassic.com

www.burmeseclassic.com



မအောင် စိတ်ထဲမှာ တူသောအကျိုးလို့ မတွေးမိဘဲ အဖေကြီး လုပ်တယ်ဟု ထင်သွားကာ အဖေကြီးကို အရမ်းကြောက်သွားသည်။ အမှန်က တူသောအကျိုးပေးတာပါ။ သူများမကောင်းကြံလို့ ကိုယ့်ကိုပြန်ထိတာ။ ဒီသဘောတရားတွေကို မအောင်မသိရှာပါ။ ဘာသာရေးနဲ့ ဝေးတာကိုး။

နတ်ပဲကိုးကွယ်နေပြီး နတ်ထက်ပို၍ ကြီးမြတ်သော ဘုရားနဲ့တရားကို မေ့နေတာကိုး။ သံဃာတော်မြင်လို့ ရှိသေရမှန်း မသိ။ တရားနာဖို့ဆိုတာဝေး။

နတ်ကိုသာ ကိုးကွယ်နေတာ။ နတ်ကောင်း နတ်မြတ်တွေက အမှန်တရားကို စောင့်ရှောက်တယ် ဆိုတာလည်း နားမလည်။ အခုလည်း အဖေကြီးလုပ်တယ်ထင်ကာ အဖေကြီးကို ကြောက်နေပြန်သည်။

အဖေကြီး ဆေးရုံကို လိုက်လာသည်။ အဖေကြီးကို တွေ့တာနဲ့ မအောင် တစ်ယောက် ပက်လက်ကနေ လက်အုပ်တချီချီနဲ့ တောင်းပန်တော့သည်။





"မအောင် တောင်းပန်ပါတယ် အဖေကြီးရယ်၊ မအောင်ကို ခွင့်လွှတ်ပါ။ မအောင် မှားပါတယ်"

"အောင်အောင် ... မင်းကို ငါ ဘာမှမလုပ်ဘူး။ မင်းပြုတဲ့ကံကို မင်းခံရတာ။ မင်းက ငါ့ကို ပြစ်မှားတယ်။ ငါက ရတနာသုံးပါးတန်ခိုးနဲ့ ဘာမှမဖြစ်ဘူး။ မင်းပဲ ပြန်ခံရတာ။ နောက်ဆို ဘုရား တရားလုပ်။ စိတ်ကောင်းမွေး။ ကဲ ... ကဲ ... မင်း အခု ဆေးကုသစရိတ် ငါပေးမယ်ဟုတ်လား။ တစ်ခုတော့ ပြောမယ်။ မင်းစိတ်ဓာတ်က ငါ့ပညာကို လက်လွှဲယူရလောက်အောင်ထိ ပါရမီ မပါသေးဘူး အောင်အောင်။ သူတစ်ပါးကို မလိုရင် မလိုသလို ဒုက္ခပေးချင်တဲ့ သူမျိုးဆီကို ငါ့ပညာတွေ ရောက်သွားရင် အဆိပ်ပင်ရေလောင်းပေးသလို ဖြစ်မှာ"

မအောင် ကြောက်တာ တဆတ်ဆတ် တုန်နေသည်။ ...ခြေထောက်တွေကလည်း နာလိုက်တာ။ ခြေထောက်တစ်ချောင်း... အခြေအနေကောင်းသည်။ နောက်တစ်ချောင်းက အရိုးကြေ...လို ဖြစ်သွားကာ အခြေအနေမကောင်းရင် ဖြတ်ပစ်ရမှာ။ ...အောင် ကြေကွဲသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အငယ်လေးတို့က ဘာမှနားမလည်။

"ဘာဖြစ်တာလဲ မအောင်၊ နင်နဲ့ အဖေကြီး ဘာဖြစ်
လဲ။ ငါတို့ကိုလည်း ရှင်းပြပါဦး"

"ငါ ... ငါ အဖေကြီးကို လုပ်ကြံမိလို့"

"**ဘုရား တရား သံဃာ** ရှိသမျှနတ်တွေ အကုန်ကယ်
အဖေကြီးကို ရှင်က လုပ်ကြံတယ်"

"အငယ်လေးရယ် ..."

ငါလုပ်ကြံတဲ့ထဲ နင်ပါ အဆစ်ပါသေးတယ်လို့
ပြောလိုက်ရင်တော့ ...။

"ရှင်မို့လို့ မကြောက်မလန့် မအောင်ရယ်။ ရှင်က ဘာ
လုပ်ကြံရတာလဲ။ ရှင့်ကို ပိုက်ဆံမပေးလို့လား။ ရှင်ဟာ
အဖေကြီးအကြောင်း မသိတာလည်း မဟုတ်ဘဲနဲ့"

"ငါမှားပါတယ်ဟယ်။ ဘယ်မျက်နှာနဲ့ အလုပ်ပြန်ဆင်
မလဲ။ ငါတော့ ဒုက္ခရောက်ပါပြီဟယ်"

"ဒါတော့ ကျွန်မလည်း မလျှောက်တတ်တော့ဘူး တော်
မိုးကို ဒူးနဲ့တိုက်တာကိုး"

❋ ❖ ❋





"ဦးအိမ်စည်ရယ် ... ဝါရှောင်မနေပါနဲ့ လုပ်ပေးပါ။ ဒီ
ဝါတွင်းပဲ လုပ်ချင်တာ။ ဒီအချိန်မှ အရောင်းအဝယ်ပါးပြီး
ကိုယ်ကလည်း အားတာလေ"

"ခြော် ... မမတင့်ရယ်။ လုပ်လို့ရရင် လုပ်ပေးမှာပေါ့။
လုပ်လို့မရတာ မမတင့်။ ဝါတွင်းသုံးလမှာ နတ်တွေမအား
ဘူး။ မြန်မာပြည်အထက်ပိုင်းက သူတို့နန်းတွေမှာ ပွဲတွေ
ရှိတယ်လေ။ ပွဲတွေမှ ဆက်နေတာ မမတင့်ရဲ့။ ဝါခေါင်လ
မှာ တောင်ပြုန်းမင်းနှစ်ပါးပွဲ။ ပြီးရင် ရတနာဂူ ပုပ္ပားမယ်
တော်ပွဲ။ တစ်လလုံးကုန်ရော။ တော်သလင်းလထဲမှာဆို
တောင်သမာန်ဘိုးတော်ပွဲရှိတယ် သခင်မလေး မနဲ့လေးပွဲ
ရှိတယ်။ နော် ... နတ်တွေမအားဘူး။ ကျွန်တော်တို့လည်း



www.burmeseclassic.com

www.burmeseclassic.com



အဲဒီကို သွားကြမှာ။ မမတင့်က ဒီကလုမ်းပင့်လည်း နတ်တွေက မကြွနိုင်ကြဘူးလေ မမတင့်ရဲ့။ အဲဒါကြောင့် ဝါတွင်းဆို အောက်ပြည်အောက်သားတွေ ကနားပွဲပေးလို့ မရဘူး။ အထမမြောက်ဘူး။ ရတယ်ဆိုပြီး လိမ်ညာကပြလို့ ရတယ်နော်။ ဒါပေမဲ့ ကျွန်တော်က ဘယ်တော့မှ အဲလို မလုပ်ဘူး။ ကိုယ့်မောင်နှမတွေကို အကျိုးရှိအောင်ပဲလုပ်ပေးချင်တာ"

"အေးပါဟယ် ... တို့ကလည်း အဲဒီအချိန်မှ အလုပ်ပေးတာ"

"မမတင့် ဆက်သချင်သပ ဆိုရင်တော့ တော်ပြန့်ပွဲသာ လိုက်ခဲ့ပေတော့"

"အဲလိုကျတော့လည်း လိုက်လို့မဖြစ်သေးဘူး၊ ရန်ကုန်မှာ အလုပ်တွေက ရှိသေးတယ် ဦးအိမ်စည်ရဲ့၊ တောင်ပြန့်ပွဲ က တစ်ရက် နှစ်ရက်နဲ့ ပြီးတာမှ မဟုတ်တာ"

"ဒါဆိုရင်တော့ ကျွန်တော်လည်း အကြံမပေးတတ်တော့ဘူး။ ဒီလိုလုပ် ဝါရှောင်ပြီး မမတင့်အားမယ့်ရက်ကကျမှ





လုပ်။ ဘယ်ရက်လုပ်ချင်လဲသာပြော။ ကျွန်တော် အားလုံး စီစဉ်ပေးမယ်။ မမတင့် ဘာမှလုပ်စရာမလိုဘူး"

"အေးပေါ့ ... အဲလိုပဲ လုပ်ရမှာပေါ့။ မနက်ဖြန်အလုပ် ကိစ္စ ချိန်းထားသေးတယ်။ အဲဒါအဆင်ပြေအောင် လုပ်ပေးဦး"

"ဒီအတွက်တော့ မပူနဲ့ စိတ်ချ။ မမတင့်ကိစ္စ အောင်မြင် စေရမယ်။ အနောက်မယ်တော်လေးဖါးမှာ ဆုတောင်းပေးမယ်။ အောင်မြင်အဆင်ပြေတယ်ဆိုရင် နန်းလာဆက်ပေး"

"ပြောဖို့တောင် မလိုပါဘူး ဦးအိမ်စည်ရယ်။ ဆက်ပေးမယ်။ ဦးအိမ်စည်ကို အားကိုးနေရတာ။ ဦးအိမ်စည်ရှိလို့ တော်သေးတယ်"

မမတင် ပြန်တော့ တစ်သိန်း ကန်တော့သွားသည်။ အနောက်မယ်တော်လေးပါးရှေ့ ဖယောင်းတိုင်လေးတိုင် ထွန်းလိုက်သည်။ ရွတ်ရ ဖတ်ရ ဆုတောင်းရပေါ့။

ခုဆို မအောင် ထွက်သွားပြီ။ သူ့အလိုလို ထွက်သွားတာလေ။ လူဆိုတာ ကိုယ်နဲ့မတန်တဲ့ နေရာမှာ၊ မနေထိုက်



www.burmeseclassic.com

www.burmeseclassic.com



တဲ့နေရာမှာ နေကိုမနေရတာပါ။ ကိုယ့်ထိုက်နဲ့ကိုယ့်ကံဆိုတဲ့စကား သိပ်မှန်ပါသည်။ သူ ဘာမှမလုပ်ပါ။ သူ့ကို မအောင်လုပ်တာ သိပေမယ့် သူ့ဘက်က မေတ္တာရှေ့ထားပြီး ခွင့်လွှတ်ခဲ့သည်။

သူက ခွင့်လွှတ်ပေမယ့် ကံတရားကတော့ တရား မျှတသည်။ ကိုယ်ပြုသည့်ကံပဲ။ ကံဆိုတာ အလုပ်တဲ့။ သိပ်ကို မှန်နေတာပေါ့။ ကိုယ့်ကံတရားဆိုတာ ကိုယ်လုပ်ခဲ့တဲ့ အပြုအမူ တွေပဲပေါ့။ ကိုယ်ကောင်းတာလုပ်ခဲ့ရင် ကောင်းကျိုးခံစားရမယ်။ မကောင်းတာလုပ်ရင် မကောင်းကျိုး ခံစားရမယ်။ အဲဒါ ကံတရား ပဲ။ သိကြားသာသနာခေတ်မှာ ဒိဋ္ဌဓမ္မ လက်တွေ့အကျိုးပေးမြန် သည်။

ကောင်းတာလုပ်ရင် ကောင်းကျိုးက ဘဝမကူး။ မကောင်းတာလုပ်ရင်လည်း မကောင်းကျိုးက ဘဝမကူး။ အကျိုး ပေးမြန်သည်။

ထို့ကြောင့် နေရာဆိုတာလည်း ထိုက်သလောက်ပဲ စံရသည်။ သူဖုန်းစားမိဘက မွေးပေမယ့် ရှင်ဘုရင်ဖြစ်မယ့်ကံပါ ရင် ဖြစ်မှာပဲ။





ဦးအိမ်စည်ကတော့ ခုနစ်ရက် သားသမီးတွေကို တ္တာအမြဲပို့သည်။ သုံးဆယ့်တစ်ဘုံသားတွေကိုလည်း ပို့ရသည်။ တ္တာပို့ပြီးတာနဲ့ အမျှဝေပေးရသည်။ အမျှပေးမှ သူကို့သာမှ ါနိုင်မှာလေ။

သူ့မှာ မကောင်းသောဆန္ဒ ဘယ်တော့မှမရှိ။ နောက် း သူ ကနားစီးလို့ရတဲ့ ပိုက်ဆံတွေကို မိဘမဲ့ကလေးတွေကို နေတာလေ။ သူ့ကို အလုပ်အပ်တဲ့သူတွေကိုလည်း တကယ် ကျိုးရှိအောင် အမှန်အကန် ပူဇော်ပသပေးသည်။ လိမ်ညာမစား ။ ငါးပါးသီလကို လုံအောင်စောင့်သည်။ ပုရွက်ဆိတ်ကလေး ာ်ကောင်သော်မှ မသတ်မိအောင် ထိန်းသည်။

သို့သော် တစ်ခါတစ်ရံ မုသာဝါဒတော့ကျူးသား။ သမဲ့ သူ့မုသားဟာ တစ်ဖက်သားကို မထိခိုက်စေသော ရောင်မဲ့မုသားသက်သက်ပါ။

ထို့ကြောင့်လည်း သူ့အပေါ်မကောင်းကြံလို့မရကြ ပါ။ စိတ်အကြံမြင့်တော့ ဘုန်းကံလည်းကြီးတာပေါ့။

www.burmeseclassic.com



ခုတော့ သူ့လက်ထောက်က အငယ်လေးဖြစ်လာပြီ။ အငယ်လေးကတော့ နဂိုတည်းက ပိုက်ဆံချမ်းသာသူ။ ဝါသနာပါလို့ လာလုပ်နေတာပါ။ သူ လှလှလေးနေရရင်ပြီးရော။ ကျန်တာတွေကို စိတ်မဝင်စားတတ်သူပါ။ စိတ်ထားဖြူစင်ပြီး စိတ်ဓာတ်အခံလေးလည်း ကောင်းရှာသူပါ။ သူနဲ့ထိုက်တဲ့နေရာ ရောက်ချင်တော့ မဆိုင်သူက အလိုလိုဖယ်ပေးရတာပေါ့။

❋ ❖ ❋

ဝေဖန်စာ၊ အကြံပေးစာနှင့် မိတ်ဆက်စာများပေးပို့ပါလျှင်
အမှတ်-၉/၁၁၊ စ-လွှာ(ဂ)၊ ဧယျာဝတီလမ်း(ဗဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။





မအောင်ကို အဖေကြီးနှင်မထုတ်ပါ။ ဒါပေမဲ့ မအောင်က သူ့အရှိန်နှင့်သူ မလာရဲတော့ဘဲ ထွက်သွားတာပါ။

ဒါပေမဲ့ အဖေကြီးကို နားလည်ပြီး ထွက်သွားတာမဟုတ်။ စိတ်နာကျင်မှုတွေနဲ့ ကြောက်ရွံ့ပြီး ထွက်သွားတာ။

သူ့ကို အဖေကြီးလုပ်လို့ သူ့ခြေထောက်တွေကျိုးတယ်ထင်ကာ နာကြည်းသွားတာ။ သူ့ခြေထောက်တစ်ဖက်ကကောင်းပေမယ့် နောက်တစ်ဖက်ကတော့ ဖြတ်ထုတ်လိုက်ရကာ ခြေတုတပ်လိုက်ရသည်။

ထို့အတွက် သူ နတ်ကဖို့လည်း မဖြစ်နိုင်တော့ဘူး။ သူတခြား ဘာမှလဲ လုပ်မစားတတ်။ သူ့အိမ်မှာ သူက လူပိုတစ်ယောက် ဖြစ်နေပြီ။ အဖေကြီးက သူ့ကို ဆေးကုပေးလို့



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထောက်ပံ့ကြေးတော့မပေး။ အိမ်ပေါင်ထားတဲ့အကြွေးကလည်း တစ်ဝက်ပဲကျေသေးတာ။ ဒုက္ခရောက်ပြီ။

ဒုက္ခရောက်လေ အဖေကြီးကို စိတ်နာလေပဲ။ အကျိုးဒုက္ခတခုဆိုတော့ အိမ်မှာပဲထိုင်ပြီး နတ်လာမေးတဲ့သူကို မျှော်ရသည်။ ရပ်ကွက်ထဲမှာ တင်တာ မြှောက်တာလေးတွေလောက်ပဲ လုပ်ရသည်။

ကိုယ်က ပညာတွေ သိပ်ပြီးတတ်စွမ်းနေတာမဟုတ်။ မတောက်တခေါက်တတ်ထားတဲ့ ဗေဒင်ပညာလေးရယ်၊ အင်္ဂါဝိဇ္ဇာကလေး တတ်သလောက် မှတ်သလောက်နဲ့ ဖမ်းဟောမှန်းဟော လုပ်နေရတာ။

မအောင်ဆီကို မအောင်မတိုင်ခင် အဖေကြီးရဲ့လက်ထောက်ဖြစ်ခဲ့ဖူးတဲ့ အခြောက်မ မီးမီး လာတွေ့သည်။

"ဘယ်လိုဖြစ်တာလဲ မအောင်ရယ်၊ မသေကောင်း မပျောက်ကောင်းဟယ်။ မီး ကနားပွဲသွားနေတာနဲ့ မသိလိုက်ဘူး၊ ပြန်ရောက်ရောက်ချင်း သတင်းကြားတာနဲ့ လာခဲ့တာ"

"မပြောချင်တော့ပါဘူး မီးရယ်"





"ဟဲ့ ... မီးကြားတဲ့သတင်းက အမှန်ပဲလား။ ရှင့်ကို ဦးအိမ်စည်ကြီး သမလိုက်တာဆို"

"ဟုတ်ပါ့ မမီးရယ်။ လူပါးဝလွန်းလို့ သူ့ကို ပုန်ကန်ဖို့ ကြိုးစားကြည့်တာ၊ ကိုယ်ပဲ ခံလိုက်ရတယ်"

"ကျုပ်လည်း အဲဒါကြောင့် သူ့ဆီကထွက်တာ။ စဉ်းစားကြည့်ဟယ်။ ပွဲတစ်ပွဲလုပ်လို့ ဘယ်ရွေ့ဘယ်မျှ ရတယ်တောင် မသိရဘူး။ ရသမျှ အကုန်သိမ်းသွားတာ။ ကိုယ်တွေလုပ်ပေးလို့ သူ နာမည်ရနေတာကို။ အမယ်လေး ... ကျုပ်တို့လည်း တတ်သလောက်နဲ့ သူ့ကိုချတာနော်၊ ဖြုတောင်မဖြုံဘူး"

"ဟုတ်တယ်။ မအောင်လည်း မုန်းတာနဲ့ ကားဘရိတ်ကြိုးကို ဖြတ်လွှတ်လိုက်တာ။ ဘာမှမဖြစ်ဘူး။ အကောင်းသားကြီး ပြန်ရောက်လာတယ်။ ဒါပေမဲ့ မအောင်လုပ်တာသိသွားတော့ မင်းအောင်နည်းနဲ့ မအောင်ကို ပြန်တိုက်တာ။ ခြေထောက်တစ်ဖက် ဖြတ်လိုက်ရတယ် မမီးရယ်"

"သင်းကို နတ်နဲ့တော့ ကိုင်လို့မရဘူး။ ခေတ်နဲ့ကိုင်မှရမယ် ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခေတ်နဲ့ကိုင်မယ်"

"ဟုတ်တယ်၊ အဲဒါ နောက်ဆုံးကျည်ဆန်ပဲ၊ အဲဒီနည်းနဲ့သာ အောင်မြင်သွားရင် သင်း ငါတို့လက်ခုပ်ထဲကရေဖြစ်ပြီ။ သွန်လိုသွန် မှောက်လိုမှောက်"

"ဟုတ်လှချည်လား မမီးရယ်။ လုပ်စမ်းပါဦး"

"ငါ ကြည့်ကျက်စီစဉ်လိုက်မယ်အေ။ ဦးအိမ်စည်ကို အမြစ်ပြတ်ချေမှုန်းပြီး အပြုတ်ကိုတိုက်ပစ်ရမယ်"

"မမီးရယ် ... ကြားရတာ အားရှိလိုက်တာ"

"ညည်းအကူအညီတော့ လိုတယ်နော်"

"မအောင် ဘာကူညီရမလဲသာပြော"

"ခုလောလောဆယ် သူ့ကိုပွဲပေးနေတဲ့ လူစာရင်း လိုချင်တယ်။ ဒါမှ ဘယ်ကျည်ဆန်နဲ့ပစ်ရမယ်ဆိုတာ ရွေးလို့ရမှာ"

"အိုခေ မမီး၊ ခုပဲ စာရင်းရေးပေးလိုက်မယ်"

❋ ❖ ❋





"အဖေကြီးနော် ... တင့်တင့်မိတ်ဆွေတွေက အဖေကြီးကိုယ်တိုင် နုတ်ချွန်ပေးမှတဲ့။ တောင်းဆိုတာပါ။ သူတို့က မိုးကုတ်က ဆင်းလာကြတာ။ သူတို့တွင်းတွေ အ,နေလို့ နည်းနည်းလောက် လုပ်ကြည့်ဦးမယ်ဆိုပြီး ဆင်းလာတာ။ တင့် လှမ်းခေါ်လိုက်တာလေ။ အဖေကြီးနဲ့ ကနားပေးကြည့်။ သိသာလာလိမ့်မယ်လို့ တင့်က အာမခံထားတာ။ တွင်းပိုင်ဆိုတော့ ရေကတော့ လျှံတယ် အဖေကြီး"

"မမတင့်ရယ်။ မျက်နှာစိမ်းတွေဆို သိပ်လက်မခံချင်တော့ဘူး။ သိတဲ့အတိုင်း ပြဿနာတွေ ရှာတတ်လွန်းလို့။ ငါးစာပဲမြင်လို့ မဖြစ်ဘူး။ မမတင့် ပြောတဲ့သူတွေကို မြင်ဖူးတာလည်း မဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... အဲလိုတော့ မလုပ်ပါနဲ့။ တင့်တင့်ကပြောထားပြီးသား ဖြစ်နေပြီ။ တင့်တင့် အာမခံပါတယ်။ ဘာပြဿနာမှ မတက်စေရဘူး။ လုပ်ပါ အဖေကြီးရယ်၊ ဆွေရိပ်မျိုးရိပ်မကင်းတဲ့ ကျေးဇူးခံ ကျေးဇူးစားတွေ ဖြစ်နေလို့ပါ။ တင့်မျက်နှာနဲ့ပဲ လူရင်းတွေလို သဘောထားပေးပါနော်"

ဒေါ်တင့်တင့် ခြေသလုံးဖက်ခမန်း တောင်းပန်မှ ခေါင်းညိတ်သည်။

"ကဲ ... မမတင့်ကို အားနာလို့ စီစဉ်ပေးလိုက်မယ်၊ ဘာမှ စိတ်မပူနဲ့တော့"

"ကျေးဇူးပါပဲ အဖေကြီးရယ်။ ဒါဆို တင့်တင့် စိတ်အေးသွားပြီ။ တင့်တင့်က အာမခံထားပြီးသား ဖြစ်နေလို့ပါ"

ဒီလိုနဲ့ မီးမီးတို့ခွင်ဆင်ထားသော နတ်ကနားပွဲကို လက်ခံဖြစ်သွားသည်။

မီးမီးတို့ပွဲကို စပွန်ဆာပေးတာက အဟုတ်ရဲ့လူတွေပါ။ အဟုတ် ဆွေမျိုးသားချင်းတွေ။ အဟုတ်နဲ့ မကင်းရာမကင်းကြောင်းတွေ။ သူတို့က နယ်စပ်မှာပဲ နေကြတာမို့ ဦးအိမ်စည်က သူတို့ကိုမသိ။ သူ့ကို ဝင်ချော့ခိုင်းထားတာမို့ သတိတော့နည်းထားသည်။ မသိတဲ့သူတွေနဲ့ လုပ်ရမှာမို့ အစစအရာရာ သတိတော့ ထားနေသည်။

ပွဲက အလှူအပယ် လိုလေသေးမရှိ စီစဉ်ထားသည်။ ပိုက်ဆံကတော့ တော်တော်ပေါလျှံပုံရသည်။

ဒါပေမဲ့ ဦးအိမ်စည် စိတ်ထဲ တစ်မျိုးကြီး ဖြစ်နေသည်။ ဘာမှန်းမသိပေမယ့် စိတ်ထဲမသိုးမသန့်ကြီး ခံစားနေရသည်။

"ဟဲလို ... ဦးအိမ်စည် လိုအပ်တာ ပြောပါနော်"

တရုတ်ကပြားလို မျက်နှာနီစပ်စပ်နဲ့လူက ပိုက်ဆံကို လိုလေသေးမရှိ ထုတ်ပေးနေသည်။

ဦးအိမ်စည်တို့ ကနားပွဲစပြီ။ အငယ်လေးတို့ကတော့ ဝတ်လဲတော်အသစ်တွေ ရှယ်ချုပ်ပေး၍ ပျော်နေကြသည်။ အားလုံး တက်ကြွနေကြသည်။ ဦးအိမ်စည် ပိုသတိထားနေရသည်။ ဘယ်တော့မှ ပွဲတွေမခေါ်တဲ့ ဦးတိုးကိုတောင် ခေါ်သွားမိသည်။

"ကျွန်တော် ဝင်ချော့ရမှာ၊ ဦးတိုး လိုက်ကြီးကြပ်ပေးဦး။ ပြီးတော့ ကျွန်တော့်စိတ်ထဲ တစ်မျိုးကြီးပဲ။ ဦးတိုး သတိထားနော်"




စောတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"အေးပါ ... လူလေးရာ၊ စိတ်ချ"

ပွဲစပါပြီ။ ဦးအိမ်စည် ကိုယ်တိုင် နတ်ပင့်တာမို့ အငယ်လေးတို့လည်း တက်ကြွနေသည်။

ခပ်ကြမ်းကြမ်းနဲ့ ဝင်လာသောနတ်က အမေဂျမ်း။ ပင့်တာက ကိုကြီးကျော်။

"ဟဲ့ ... နင်တို့ သောက်ကျင့်ကို မကောင်းဘူး၊ ဒီပွဲစီစဉ်တဲ့ ကတော်၊ နင်တို့ပွဲကို ခုဖျက်။ နင်တို့ သားတော်ကြီး အပေါ် မဟုတ်တာလုပ်ဖို့ ကြံစည်နေကြတာ။ ကျုပ်တို့ နတ်တွေက နင်တို့ကို ဒဏ်ခတ်ဖို့ လုပ်နေကြပြီ။ ငါက ဒဏ်ခတ်ရုံနဲ့ အားမရလို့ လာကိုပြောတာ။ နင်တို့ပွဲကို ခုဖျက်ဟဲ့ ပွဲစီစဉ်တဲ့ စိတ်ပုပ်တွေ။ နင်တို့အပြစ်အတွက် လျှော်ကြေးပေးရလိမ့်မယ်။ နင်တို့ ဖောက်ထိုးပြုတ်ကျဖို့ သာပြင်။ ငါ့သားတော်ကြီးကိုများ မကောင်းတဲ့ဖွာတော်တွေနဲ့ တိုက်ဖို့ပြင်တာတွေ။ အေး ... နင်တို့ သားတော်ကြီးကို အပြုတ်တိုက်သလို ငါတို့ကလည်း နင်တို့ဘဝကို ဟိုလိုဒီလို ကျွမ်းထိုးမှောက်ခုံ ဖြစ်သွားအောင် လုပ်ပစ်မှာ





ဟေ့။ ဆက်စမ်းဟေ့၊ နင်တို့ဆက်မယ်ဆိုတဲ့ ဟိုဟာဒီဟာပါတဲ့ ဖွာတော်တွေ"

အကုန်ဘာလုပ်လို့ လုပ်ရမှန်းမသိ။ ချောင်းကြည့်နေသော မီးမီးလည်း ဘာလုပ်ရမှန်းမသိ။ အဟုတ်ရဲ့အမျိုးတွေလည်း လန့်ကုန်သည်။

ကြားက စီစဉ်ပေးတဲ့ မမတင့်ကတော့ ဘာမှနားမလည်။

"ဟဲ့ ... အငယ်လေးရယ် လုပ်ပါဦး၊ ပွဲစီစဉ်တာ ဘာမှားလို့လဲ မသိဘူး။ အမေ စိတ်ဆိုးနေပြီ"

"ဟယ် ... အငယ်လေးတို့လည်း မသိဘူး။ တစ်ခါမှ ဒါမျိုးမဖြစ်ဖူးဘူး။ ခဏလေး ... အငယ်လေး မေးကြည့်မယ်"

အငယ်လေးက အမေဂျမ်းဝင်နေသော ဦးအိမ်စည်နားကပ်ကာ ...

"အမေ ဘာများ မကျေနပ်လို့လဲ အမေရယ်၊ နှုတ်တော်မြွက်ဟတော်မူပါ"



www.burmeseclassic.com

www.burmeseclassic.com



"အေး … နင်တို့အဖွဲ့ကို အပြုတ်တိုက်ဖို့ ကြံနေတာဟဲ့
ဟိုမရောက် ဒီမရောက် ကောင်ရဲ့။ နင်တို့ကိုဆက်မယ်
ဖွာတော်ထဲ ဟိုဟာဒီဟာတွေ ထည့်ပြီး နင်တို့ လူညွန့်တုံး
အောင် လုပ်မှာဟဲ့။ သူတို့ကြိုးဆွဲရာကအောင် နင်တို့ကို
မွှင်းတိုက်မှာ။ ငါမနေနိုင်လို့ ဝင်တားရတာ၊ ငါ့သားတော်
ကြီးက သူတော်ကောင်းကြီး။ မှတ်ထားဟဲ့ … သူတော်
ကောင်းကို ပြစ်မှားရင် ကျွမ်းပြန်ဓောက်ထိုးဖြစ်ဖို့သာပြင်
ထားဟဲ့။ သူများကို လူညွန့်တုံးအောင် လုပ်တဲ့ဟာတွေ
နင်တို့ကို လူညွန့်တင်မဟုတ်ဘူး။ အသက်ပါဆွဲနုတ်ပစ်
မယ် သိကြားသာသနာဟေ့"

ပြောပြီးတာနဲ့ ထွက်သွားသည်။ အငယ်လေးတို့
ဦးအိမ်စည်ကိုထိန်းရင်း ဒေါ်သတွေထွက်ကာ …

"ဒါ ရှင်တို့ ဘာအချိုးချိုးတာလဲ။ အဖေကြီး အဖေကြီး
ဝင်ယောင်သွားတယ်"

အငယ်လေးက အကျိုးအကြောင်း ပြောပြလိုက်
သည်။ ဦးအိမ်စည် ဒေါ်တင့်တင့်ကို ကြည့်လိုက်သည်။





"တင့် ဘာမှမသိပါဘူး အဖေကြီးရယ်။ တကယ်ပါ"

ပွဲရှင်တွေ ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်
ကြသည်။ ကြားထဲက ဒေါ်တင့်တင့်ပဲ မျက်နှာပျက်ကျန်ခဲ့သည်။
ဦးအိမ်စည်က စကားတစ်ခွန်းမှ မပြောပါ။ အငယ်လေးတို့လည်း
ပစ္စည်းတွေ သိမ်းရတော့သည်။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



မကြာပါ။ မီးမီးနဲ့ အဟုတ်အမျိုးတစ်သိုက် စီးလ

တဲ့ကားကို ခရီးသည်တင်လိုင်းကားကြီးက ဝင်ကျူးတာ ခံလိုက်

သည်။ ကားက မှောက်ရုံသာမက မီးပါလောင်သည်။ လူတွေ

မနည်းဆွဲထုတ်လိုက်ရသည်။

တစ်ယောက်မှမသေ။ ကျိုးကြေတဲ့သူနဲ့။ မျက်

တွေ ထိုးကြိတ်မိတဲ့သူနဲ့။ အားလုံး အကျိုးအကန်းတွေဖြစ်

တစ်ယောက်မှ အကောင်းပကတိ မရှိတော့။

မီးမီးတို့ အရမ်းကို လန့်သွားသည်။ ထိုသတင်း

လည်း သူတို့လောက တစ်ခုလုံး ပျံ့နှံ့သွားသည်။

ဦးအိမ်စည် အစွမ်းကို ပိုပြီးသတိထားမိကုန်

ကြောက်လည်း ကြောက်ကုန်ကြသည်။





တချို့တွေက မီးမီးတို့အဖွဲ့ကလွှင့်တဲ့ ကောလာဟလ

သတင်းတွေကို ယုံကြသည်။

မီးမီးတို့ ဒီလောက်ခံရတာတောင် မမှတ်ဘဲ မကောင်း

သတင်းလွှင့်ကြသေးသည်။

"ဦးအိမ်စည်နဲ့ ပွဲပေးရင် သူ့စိတ်တိုင်းကျ လုပ်ပေးမှ။ မဟုတ်လို့ သူ့စိတ်ထဲ ငြိုငြင်သွားတာနဲ့ သူ့စိတ်တိုင်းမကျ တာနဲ့ ငြိုးတာ။ အဲဒီပွဲရှင်တော့ သူငြိုးတာခံရရင် သေပြီ မှတ်။ သူက သိပ်ကြောက်ဖို့ကောင်းတာ"

နတ်ကိုးကွယ် ယုံကြည်သူတွေဆိုတာကလည်း အယူ သည်းကြသူတွေ များသည်လေ။ အယူသည်းလို့သာ နတ်ကို သဲသဲမဲမဲ ကိုးကွယ်ကြတာလေ။ တချို့များ နတ်ကို ဘုရားထက် ပြီး ကိုးကွယ်တဲ့သူ ရှိသေး။ တစ်နှစ်လုံးနေလို့ ဘုရားကို ကျကျနန ဆွမ်းမကပ်ဘူးရင် ရှိရမယ်။ နတ်တစ်ခါတင်ရင်တော့ ဖွယ်ဖွယ်ရာရာ စုံစုံလင်လင်နဲ့ ဟိုဟာမေ့မှာစိုးရ၊ ဒီမှာကျန်မှာ စိုးရနဲ့ သတိထားပြီး ပြည့်ပြည့်စုံစုံ ပူဇော်ပသလိုက်တာ။ ဘုရား ကို အဲလို ဖွယ်ဖွယ်ရာရာ ဆွမ်းပြင်ဆင်ကပ်ဖူးရဲ့လား။ စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



စရာပဲနော်။ နတ်ကို ကိုးကွယ်တဲ့သူတွေက ပိုသည်းသည်းလှုပ်သည်။ ပိုဆိုးသည်။ သာမန်နတ်မကိုးကွယ်တဲ့သူတွေထက် ပိုဆိုးသည်။

ဒီတော့ နဂိုတည်းကမှ အယူသည်းတော့ ကောလာဟလကိုလည်း ဝေဖန်ပိုင်းခြားနိုင်စွမ်း နည်းကုန်ကြသည်။ အကုန်လုံးကို မဆိုလိုပေမယ့် အများစုကတော့ အမှောင်ဖုံးကြသည်။ ဒါပေမဲ့ သူတို့တွေဟာ ပညာမတတ် ဘာမသိ ညာမသိတွေ မဟုတ်။

ပညာတတ်တွေ။ ပညာတတ်တဲ့သူတွေ အယူလွဲမှားရင် ပညာမတတ်တဲ့သူတွေ အယူလွဲမှားတာထက်ကို ပိုဆိုးသည်။ မသိလို့မတတ်လို့ မှားတာမဟုတ်။ တတ်သိနားလည်ပြီးမှ အဲဒီအသိကြီးတွေမှားတာ။ အမှန်ကိုမသိဘဲ အမှားကိုမှ အမှန်ထင်တာ။ တံလျှပ်ကို ရေထင်တော့ အပယ်လားရုံမှတစ်ပါးပေါ့။ အသိမှားတော့ ယုံကြည်မှုမှားတယ်။ ယုံကြည်မှုမှားတော့ ကိုးကွယ်မှုမှားတယ်။ ကိုးကွယ်မှုမှားမှတော့ ကောင်းရာသုဂတိ မလားနိုင်တော့။ မသိလို့ မတတ်လို့ နားမလည်လို့ မှားတာမျိုးက ပြင်ပေးလို့ရ





တယ်။ သိတတ်နားလည်မှု လွဲနေတာကကျတော့ ဘေးလူက ပြင်ပေးဖို့ မလွယ်။ ကာယကံရှင်က လိုက်နာမှု နည်းမှာပဲ။

ဒီတော့ နတ်ကိုးကွယ်တဲ့သူတွေဟာ တခြားကောလာဟလကိုသာ မကြောက် မယုံရင် ရှိရမယ်။ နတ်နဲ့ပတ်သက်တဲ့ ယုံကြည်ကိုးကွယ်မှု ကောလာဟလ ဆိုရင်တော့ ကိုးဆယ်ရာနိုင်နှုန်းလောက်က ယုံကြည်ကြတယ်။

ဒီတော့လည်း အဖေကြီးမှ အဖေကြီးဆိုတဲ့သူတွေ ဆောင် သူတို့ရဲ့ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ စီးပွားရေး သဖြင့် တစ်ခုခု ထစ်ငေါ့လိုက်တာနဲ့ အဖေကြီးလုပ်သလားဟု ထင်ကုန်ကြသည်။

လောကမှာ ကြောက်စရာအကောင်းဆုံးက သံသယ။ သံသယကြောင့် ဒုက္ခရောက်ရတာလောက် မတန်တာ မရှိပါဘူး။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတစ်ဖက်ကန်းသွားသော မီမီးကို မအောင်က သတင်းလာမေးသည်။

"ဘယ်လိုဖြစ်တာလဲ မမီးရယ်"

"မပြောချင်ပါဘူးအေ။ သူ့ကိုလုပ်တာ ကိုယ်ပဲပြန်ထိတာပဲ။ သင်း ထမင်းဝအောင် စားထားရုံပေါ့အေ"

"သူက အမေဂျမ်းဝင်လာတာဆို"

"ညည်း ယုံလို့လား မအောင်။ နတ်ကတော်လုပ်စားလာတာ အံတိုနေပါပြီ။ အခါတစ်ရာ ကရင်တောင် ကိုးဆယ့်ကိုးခါ မဝင်တဲ့ဟာအေ"

"သူကတော့ အစွမ်းရှိပုံပဲ"

"ဘာအစွမ်းလဲ။ တတ်ရင်တော့ အောက်လမ်းနည်းတွေပဲနေမှာပေါ့"





"မမီးကလည်း ပွဲမှာ လမိုင်းမကပ်ရင် အဖေကြီးဝင်ဝင့်သေးမှ ရထာ ထည့်ပြောဦး"

"ဟဲ့ ... အဲဒါ အရိုးရှင်းဆုံး တစ်ခုပါအေ။ သူလုပ်ထားမှတော့ သူ ချော့မှပဲ ရတော့မှာပေါ့"

"ဟုတ်ရဲ့လား မမီးရယ်"

"ဟဲ့ ... ပွဲမှာ တစ်ခုခုလုပ်မယ်၊ ပြီးတော့ သူပဲပြန်ဖြေပေးမယ်။ ဒါမှ သူ နာမည်ပိုကြီးတာလေ။ အဲဒါ ... အဲဒါ။ ညည်းလည်းကတော်၊ ငါလည်းကတော်ပါအေ။ နတ်အခါတစ်ရာပင့်လို့ တစ်ခါဝင်ချင်မှဝင်တာ။ သတိထား။ ဟော့... ကျုပ်ကတော့ ဦးအိမ်စည်ကို မယုံဘူး။ အားနည်းချက်မရှိတဲ့သူ မရှိပါဘူး။ သင်းမှာလည်း အားနည်းချက် တစ်ခုခုတော့ ရှိမှာပဲ။ တစ်ကွေ့မဟုတ် တစ်ကွေ့ကွေ့တော့ မိမှာပဲ"

"ကြည့်လုပ်ပါ မမီးရယ်။ သူ့မှာ တစ်ခုကောင်းရှိတာ မေသချာတယ်နော်။ မအောင်ကလေ သူ့ပညာကို လိုချင်တာ၊ အမယ်လေး ... အခြောက်မို့ မသင်ပေးဘူးတဲ့။ ပြီးတော့ ငါးပါးသီလလည်း လုံရမတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ငါးပါးသီလ ထိန်းရမယ်ဆိုရင် ဘယ်လိုလုပ် နတ်ကတော် လုပ်လို့ ရတော့မလဲအေ။ ကိုကြီးကျော် ဝင်တာနဲ့ အရက် သောက်ရပြီ။ မဝင်ဘဲ ဝင်ချင်ဟန်ဆောင်ရတာက တစ်ရာ မှာ ကိုးဆယ့်ကိုးခါ။ တော်ပါတော့အေ"

"စဉ်းစားစရာပဲ၊ သူကတော့ အဲလိုပြောတာ"

"အလကား သံကောင်းဟစ်တာပါအေ။ သူတော်ကောင်း ယောင် ဆောင်နေတာ။ ငါ့မျက်လုံး တစ်ဖက်ကန်းသလို သင်းဘဝ တစ်ဖက်ကန်းအောင် ပြန်လုပ်ရမှ ငါကျေနပ် မယ်။ ဒီတစ်နည်းမရ နောက်တစ်နည်းပေါ့အေ"

"ခက်တာက သူက မိန်းမတွေကိုလည်း စိတ်မဝင်စားဘူး။ မိန်းမဖျက်ရင် သင်းဘဝ ကြာကြာမခံဘူး။ ပြီးတော့ သူ့လျှို့ဝှက်ချက်ကိုလည်း နှိုက်လို့ရမှာ။ ခုတော့ သူက မိန်းမစိတ်မဝင်စားတော့"

"ဟဲ့ ... စိတ်မဝင်စားတာလား။ စိတ်ဝင်စားလို့ မရတာ လား။ ဒီနှစ်လမ်းက ဘယ်ဟာဖြစ်နိုင်လဲ။ စဉ်းစားကြည့် ဟာ။ မိန်းမတွေကို စိတ်မဝင်စားရင် သင်း ပုန်းနေလို့။ ဒါမှမဟုတ် စိတ်ဝင်စားလို့ မရတာလား"





"စိတ်ဝင်စားလို့ မရတာ ဆိုတာက"

"လူစဉ်မမီတာပေါ့ဟယ်"

"ဖြစ်နိုင်ပါ့မလား ဒါကြီးက"

"ပြောလို့ရမလားအေ့။ ညည်းကလည်း"

"ဒါဆို ရှင်းသွားအောင် ချောပေ့ လှပေ့ဆိုတဲ့ ကောင်မ လေးတစ်ယောက်နဲ့ ထောင်ဖမ်းကြည့်ရင် မကောင်းဘူး လား မမီး"

"ငါလည်း အဲဒါကို ပြောနေတာပေါ့အေ။ ဒါပေမဲ့ သင်း လုံးဝမရိပ်မိအောင် အကွက်ကျကျတော့ စီစဉ်ရလိမ့်မယ်။ ကောင်မလေးကလည်း မက်လောက်စရာလေး ဖြစ်ရမယ်"

"ကြည့်လုပ်ဦး မမီး။ ဒီတစ်ခါလို ဖြစ်နေဦးမယ်"

"တကွေ့ကွေ့လို့ ငါပြောပြီးပြီပဲ။ အားနည်းချက်တော့ ရှိကိုရှိရမယ်။ ဦးအိမ်စည် အမြစ်မပြတ်မချင်း ငါကတော့ တစ်နည်းမဟုတ် တစ်နည်း ကြိုးစားနေဦးမှာပဲ"

"ကျွန်မလည်း ထောက်ခံတယ် မမီး"

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



ခုတလော အလုပ်လုပ်ရတာ အဆင်မပြေ။ ကမောက်ကမတွေချည်းပဲ။ မီးမီးတို့လွှင့်တဲ့ ကောလာဟလတွေကြောင့် ယုန် ထင် ကြောင်ထင် အထင်ခံရ။ တချို့ကလည်း သူ့ကိုပွဲမအပ်ရဲကြတော့။

တော်တော်များများ ဆက်ဆံရေးတွေ ကျဲကုန်သည်။ ဒါပေမဲ့ သူကတော့ အလုပ်အကိုင်မကောင်းလို့ အားနေလေ ဘုရားတရား ပိုလုပ်လေပါပဲ။

တချို့ပွဲရှင်တွေတော့ ကျန်သေးသည်။ သူနဲ့ပွဲပေးရင် လုပ်ငန်းတွေ အဆင်ပြေတိုးတက်တာပဲရှိကာ ဆုတ်ယုတ်တာမျိုး တစ်ခါမှမရှိ။ ဒါကို နားလည်အကင်းပါးသော အမာခံပွဲရှင်တွေကတော့ ဦးအိမ်စည်မှ ဦးအိမ်စည်။





မမဝါ ရောက်လာသဖြင့် စကားပြောနေရသည်။

"ဝါတို့ကတော့ ဘာကောလာဟလကိုမှ မယုံဘူးသိလား။ စည်နဲ့ပွဲပေးရင် လုပ်ငန်းတွေအဆင်ပြေလွန်းလို့ ကျေနပ်မှ ကျေနပ်"

"မဝါရယ် ... ကျွန်တော်က လုပ်ပါ့မလားဗျာ။ ကျွန်တော် လုပ်ရင် ကျွန်တော်ပဲ ပြန်ခံရမှာ။ ဘုရားဟောတရားကိုက ကိုယ်ပြုသည့်ကံ ကိုယ့်ထံပြန်လာမယ်လို့ ဟောခဲ့တာလေဗျာ။ လူတွေက မသိကြလို့။ ကျွန်တော်တို့ပညာသည်တွေက ဘာမှနားမလည်တဲ့ သူတွေကို သွားလုပ်ရင် ကျွန်တော်တို့က နှစ်ဆပြန်ခံရတာဗျ။ ဘာလို့လုပ်ရမှာလဲဗျာ။ ပြီးတော့ အဲလိုအောက်တန်းကျရင် ဘယ်နတ်ကောင်း နတ်မြတ်မှ စောင့်ရှောက်မှာ မှုဟုတ်ဘူး။ နတ်ကောင်း နတ်မြတ်တွေ မစောင့်ရှောက်ရင် ကျွန်တော် ဒီအလုပ်ကို ဘယ်လုပ်စားလို့ ရတော့မလဲဗျာ"

"ဟုတ်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါပဲ၊ ခုတလော စနေဂြိုဟ်အဝင်ခတ်နေတာ မဝါရေ၊ ဘုရားတရားဘက် ပိုဦးစားပေးနေရတယ်"

"စည်က ကနားစီးသာဆိုတယ် ဘုရားတရားလည်း တော်တော်လုပ်တာနော်။ တချို့ ကနားစီးတွေဆို နတ်မှနတ်"

"ဩော် ... မဝါရယ်၊ နတ်တွေကိုယ်တိုင်က အယူတိမ်းလို့ နတ်စိမ်းဖြစ်နေရပေမယ့် သူတို့ကလည်း ဘုရားသာသနာကို စောင့်ရှောက်ရင်း သာသနာပြုနေကြတာပါ။ လူတွေက မသိကြလို့ပါ။ လူတွေပြုသမျှ ကုသိုလ်တွေကို အမျှဝေပေးရင်း နတ်ကောင်း နတ်မြတ်တွေ သာဓုခေါ်ကြတယ်။ အဲဒီတော့ ကုသိုလ်ကောင်းမှုနဲ့ ပျော်မွေ့တဲ့သူကို နတ်တွေ ချစ်ခင်စောင့်ရှောက်တာပေါ့ဗျာ။ သူတို့ကို ပူဇော်ပသတော့ သူတို့ကလည်း ချီးမြှောက်တာပေါ့။ ဒီသဘောပါ"

"အေးလေ ... စည့်လိုမှန်တဲ့သူကို ဘာလို့များ ဝိုင်းပုတ်ခတ်နေကြပါလိမ့်နော်"

"ဒါတော့ ကိုယ်က အညံ့ထဲ ရောက်နေလို့ပါ မဝါ။ အညံ့က လွတ်ရင် အဆင်ပြေသွားမှာပါ"





"ဩော် ... စကားကောင်းနေတာနဲ့ လာရင်းကိစ္စတောင်မေ့တယ်။ အစည်ရေ ... ဝါ့ဆွေမျိုးသားချင်းထဲကပဲ ကလေးမလေးတစ်ယောက် မော်ဒယ်လ်ဖြစ်နေတယ်၊ ဗီဒီယိုလေးလည်း တစ်ခန်းစ နှစ်ခန်းစ စနေပြီဆိုပါတော့ စည်ရယ်။ အဲဒါ သူလေးအတွက် ထိုင်ပွဲလေးအပ်ချင်လို့။ အလောင်းအစားနဲ့ပေါ့။ သူလေးသာ ဖြစ်မြောက်သွားရင် ပွဲကြီးပေါ့ စည်ရယ်"

"ရပါတယ် မမဝါ။ မဝါက တခြားသူမှ မဟုတ်တာ။ ကူညီပေးရမှာပေါ့။ ပြဿနာတော့ မရှာဘူးမို့လား"

"ဟယ် ... စည်ရယ်။ ရှင် ကျုပ်ကို အဲလိုတော့ မပြောပါနဲ့အေ။ စည့်အပေါ် ကျုပ်လောက် စေတနာထားတဲ့သူ၊ သံယောဇဉ်ရှိတဲ့သူ ရှိမှာတောင် မဟုတ်ဘူး။ စည်ကသာ ကျုပ်ကို ရက်စက်တာ"

"မရက်စက်ပါဘူး မဝါရယ်။ မဝါ အကျိုးစီးပွားတွေ တိုးတက်အောင် ကျွန်တော် အမြဲလုပ်ပေးနေတာပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါပြောတာ မဟုတ်ပါဘူး၊ ကျုပ် ပြင်သစ်က တကူးတကဝယ်လာတဲ့ ရေမွှေးကို ရှင့်တပည့်တွေအတွက် ကံစမ်းမဲလုပ်ပစ်တာ ကြားတယ်နော်၊ ဟင်း … ဒီကလည်း နားပါတယ်"

"မဝါရယ် … ကောလာဟလတွေပါ"

"ညာမနေနဲ့ မုသာဝါဒ ကျိုးသွားမယ်"

ဦးအိမ်စည် ပြုံးလိုက်သည်။

"ပွင့်ပွင့်လင်းလင်းပဲ မေးမယ်။ ရှင် ဘုန်းကြီးဝတ်မှာလား စည်"

"ဟား ဟား … ဘာလို့လဲ မမဝါရဲ့"

"ရှင့်ပုံစံက ပုန်းတာတော့ မဖြစ်နိုင်ဘူး။ မိန်းမတွေကိုလည်း စိတ်မဝင်စားဘူး။ ဘုရားတရားလည်း လိုက်စားတယ်ဆိုတော့ ရှင် ဘုန်းကြီးများ ဝတ်မလို့လားလို့"

"မနက်ဖြန် ဆိုတာတော့ ကြိုမမြင်နိုင်ဘူးလေ မဝါ"

"ဟင်း … မုန်းစရာကြီး။ ရှင်ဟာလေ မေတ္တာဝင့်ကြွေးမတင်ပါစေနဲ့၊ သံယောဇဉ်ဝင့် မလည်ပါစေနဲ့ ဆုတောင်း





တယ်သိလား။ ကဲ … ဝါ ပြန်မယ်။ မနက်ဖြန် အိမ်လာခဲ့။ ပွဲကိစ္စ စီစဉ်ရအောင်။ ကလေးနဲ့လည်း တွေ့ကြည့်ဦး"

"စိတ်ချပါ မဝါ လာခဲ့မယ်"

"သြော် … စည်"

"ဗျာ"

"ရှင်က ဘာလို့ ပိုက်ဆံတွေ သဲကြီးမဲကြီး ရှာနေတာလဲ။ ထားစရာရော ရှိသေးရဲ့လား"

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



"စည် ... လာ၊ ပိုးလေးရေ ညည့်သည်အတွက် ပြင်ထား တာတွေ ယူလာလို့ရပြီ"

ဒေါ်ဝါဝါတစ်ယောက် ခန္ဓာကိုယ်နဲ့မလိုက် သွက် လက်နေသည်။ သွက်မှာပေါ့။ အချစ်တန်ခိုးတွေကိုး။ ဒေါ်ဝါဝါက ဦးအိမ်စည်ကိုကြိုက်တာ တစ်ပိုင်းကို သေနေပြီ။ ခုလည်း တူစ ကိစ္စ ဇုန်းပြပြီး ဦးအိမ်စည်ကို အိမ်ခေါ်ထားတာ။

ဝတ်ထားလိုက်တာလည်း ဟော့ရှော့။ သူမကိုယ် သူမ နအောင် ငယ်အောင် ပြင်ထားဆင်ထားလိုက်ရတာ။ နငယ် တယ် မထင်ရဘဲ ကလက်သလို ဖြစ်နေသည်။ ဟော့တ်အ အရှော့လွန်သွားသည်။

"ထိုင် ... စည်"





သူ့တို့ ထိုင်ပြီးချိန်မှာပဲ အနားကို မိန်းမပျိုလေးတစ် ယောက် ရောက်လာသည်။

"လာ ... လာ ... ပိုးမလေး။ ထိုင်"

ကောင်မလေး ဝင်ထိုင်လိုက်တော့ ဦးအိမ်စည်က ကြည့်လိုက်သည်။ ဟင်း ...။ ရင်ထဲ ဒိန်းခနဲ ဖြစ်သွားသည်။ လှလိုက်တာ စက်စက်ယိုပါပဲ။

ဖျတ်ခနဲအမြင်နဲ့ တော်တော်လှတယ်လို့ ထင်လိုက် တာ။ သေချာ အသေးစိတ်ပြန်ကြည့်တော့လည်း ဘယ်လိုကြည့် ကြည့်လှအချက်။ အသားအရေကကို တော်တော်လှတာ။ ဖယောင်း သားလေးလို ကြည်စင်နေတာပဲ။ အကြောစိမ်းတွေ၊ သွေးကြော မျှင်နီနီတွေလည်း မတွေ့ရပါဘဲနဲ့ကိုလှတာ။

မျက်လုံး ...။ မျက်လုံးသားလေးကလည်း ကြည်စင် တောက်ပနေတာပဲ။ လှချက်။

အိမ်နေရင်း မိတ်ကပ်မလိမ်းထားတော့ သဘာဝ အလှကို အသေးစိတ် မြင်ရသည်။ ဆံပင်တွေကလည်း အရှည် ကြီးတွေ။ မည်းနက်ဖြောင့်စင်းလို့။ ဒီခေတ်မှာ ရှာမှရှားတဲ့ ရှား ပါးအလှမျိုး။ အရပ်ကလည်း မိန်းကလေးတန်မဲ့ ခပ်မြင့်မြင့်။



www.burmeseclassic.com

www.burmeseclassic.com



သင့်တင့်လိုက်ဖက်တဲ့ ခန္ဓာကိုယ် အချိုးကျလေးနဲ့။ လှချက်။ ချောချက်။ ပြီးတော့ ကျက်သရေရှိချက်။ ယဉ်မရိုင်းတဲ့ မိန်းမမျိုး

"ဘယ်လိုလဲ စည်၊ ဝါ့တူမလေး ဖြစ်နိုင်တယ်မို့လား"

ဦးအိမ်စည်က ...

"မဝါရယ် ... တူမချောလေးကို ဒီလောကထဲ မထားပါနဲ့ဗျာ။ ဒီလောက,က ကောင်းတာမဟုတ်ဘူး။ အပေါ်ယံသကာဖုံးလောက၊ ကျီးအာသီးလောကဗျ"

"ပိုးမလေးက အရမ်းဝါသနာပါနေလို့ တားမရဘူး စည်ရေ။ သူ့ စိတ်ထက်သန်လွန်းလို့ ဝါတို့က ပံ့ပိုးပေးနေရတာ။ အဲဒါကြောင့် စည်နဲ့ ပွဲအပ်ချင်တာပေါ့"

"ပွဲအပ်စရာတောင် မလိုပါဘူးဗျာ။ သူ့ရုပ်ရည် သူ့ဝါသနာနဲ့ဆို မဖြစ်စရာ အကြောင်းကို မရှိဘူး"

"ဪ ... စည်ရယ်၊ ပွဲအပ်တယ်ဆိုတာက သိတဲ့အတိုင်း။ အနောင့်အယှက် အတားအဆီးကင်းကင်းလေး ဖြစ်ချင်လို့ပါ။

"ဟုတ်ကဲ့ ... လုပ်ပေးရမှာပေါ့"

"ဪ ... တူမလေးနာမည်က ပိုးမဏိသျှန်တဲ့"





"အနုပညာ နာမည်လား"

"အိမ်နာမည်လည်း ပိုးမဏိသျှန်ပဲ။ အိမ်နာမည်နဲ့ပဲ အနုပညာလုပ်ဖြစ်တာလေ။ ဝါတို့မိသားစုတွေကတော့ ပိုးမလေးလို့ပဲ ခေါ်ကြတယ်။ မွေးကတည်းက ပိုးကောင်လေးလို ချစ်စရာကောင်းလွန်းလို့ ပိုးမလေးပဲ ခေါ်ကြတာ"

"ဟုတ်ကဲ့"

"ပိုးမလေး ... ဒါ တီလေး ပြောပြောနေတဲ့ ဦးအိမ်စည်လေ"

"သမီးလည်း ဦးစည်လို့ပဲ ခေါ်လို့ရမလား"

ဦးအိမ်စည် ဘာပြောရမှန်းမသိ။ ဒီတူအရီးနဲ့တော့ ခက်ပါ့။ အဒေါ်ကတစ်မျိုး၊ တူမကတစ်မျိုး။

"ကဲ ... စည်၊ လောလောဆယ် ပွဲပြင်ထားလို့ တူမလေးကို ပွဲအပ်ပေးပါဦး"

ဖမ်းစားတတ်သော မျက်ဝန်းတစ်စုံကို မကြည့်ရဲပါသား။ ဒုက္ခပဲ။ တစ်ခါမှ မဖြစ်ဖူးပါဘူး။

❋ ❖ ❋

www.burmeseclassic.com



ထိုနေ့က အိမ်ပြန်ရောက်တော့ ဦးအိမ်စည် ဘုရားတန်းရှိခိုးပြီး တရားမှတ်နေတော့သည်။ ဒါပေမဲ့ မှတ်သတိမရပါဘူး။ ပိုးမလေးကိုပဲ မျက်လုံးထဲ မြင်မြင်နေတယ်။

မြင်မယ့်သာ မြင်တာပါလေ။ ထိုကလေးမဟာ သူ့အိမ်ထောင်ကျပြီး ကလေးမွေးမယ် ဆိုရင်တောင် သူ့သမီးအရွယ်လေးပါ။ သူ့ထက် အများကြီးငယ်သော အပျိုဖြန်းကလေးပါ။ လှပချစ်စရာကောင်းသော ဆန့်ကျင်ဘက်အဖြစ် မမြင်သင့်ဘူးလေ။

ဦးအိမ်စည် နွမ်းချင်သောစိတ်ကို သန့်စင်အောင် တရားနှင့် ဆေးကြောနေမိသည်။





ဒါတောင် သူ ထိုမိန်းကလေးအပေါ် ဘာညာစိတ်နဲ့ စိတ်ဝင်စားသေးတာမဟုတ်။ လှတယ်ဟု သတိပြုမိရုံလောက်နဲ့ သူ့စိတ်တွေ မသန့်စင်တော့သလို ခံစားနေရတာ။ သူ့ကိုယ်သူ ကာဗာယူနေမိတာပါ။ သူ မိန်းမသားတစ်ယောက်အပေါ် ကျဆုံးလို့ မဖြစ်ဘူး။

ပြီးတော့ သူ မိန်းမတစ်ယောက်နဲ့ လက်ထပ်လို့လည်း မဖြစ်ဘူး။ သူ အိမ်ထောင်ပြုမယ်ဆိုရင် ကနှားစီးဘဝကို စွန့်လွှတ်ရလိမ့်မယ်။ သူဟာ သန့်စင်တဲ့လူတစ်ယောက် ဖြစ်နေမှ ဘနှားစီးဘဝနဲ့ ပွဲရှင်တွေကို ကူညီနိုင်မယ်။ ပြီးတော့ သူ့ကို မှီခိုအားထားနေရတဲ့ သူ့ဂေဟာက ကလေးတွေ။ ဒီကလေးတွေကို ဘနှားစီးလုပ်ပြီး ရှာကျွေးနေရတာလေ။ ပိုးမအိသျှန်။ ပိုးမလေးတဲ့။ ဒီမိန်းကလေးကြောင့် သူစိတ်တွေ ကယောင်ချောက်ချားဖြစ်လို့ မဖြစ်ဘူး။

ချွေးတွေ စေးထန်းစွာ ထွက်လာသည်။ ပင်ပန်းလွန်းလှသည်။ စိတ်အနွမ်းကို လျှော်ထုတ်ပစ်ရတာ တကယ်ပင်ပန်းလွန်းလှသည်။

တစ်ကိုယ်လုံး ချွေးတွေရွှဲနစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရား တပည့်တော်ရဲ့စိတ်တွေ ကြည်လင်ဖွာနဲ့ ဂေဟာက ကလေးတွေအတွက်ပဲ အာရုံစိုက်ချင်ပါတယ် ဘုရား"

ပိုးမဏိသျှန်၊ စကားဝဲဝဲနဲ့ ကောင်မလေး စကားဝဲတာက သူမမိခင်ဘက်က တိုင်းရင်းသားစပ်တယ် ဆိုလား။ သူမအလှကို တုန်လှုပ်ကာ စကားတွေတောင် သေချာနားမထောင်ဖြစ်ခဲ့ပါဘူး။

စိတ်တွေ မကြည်ဘဲ နတ်ပင့်မရလို့ ပွဲတောင်ဖျက်ခဲ့ရသည်။ ဒီကြားထဲ မအားဘူးဟု ငြင်းကာ နောက်ငါးရက်နေမှ ပြန်ချိန်းခဲ့ရသည်။

လှချက် ပိုးမလေး။ သရုပ်ဆောင်လုပ်မတဲ့။ သရုပ်ဆောင်တယ်ဆိုပေမယ့် တကယ် ဖက်လဲတကင်းနေရတာပဲလေ။ ဒါကိုမှ ဝါသနာပါသတဲ့လား။ နမြောစရာ။ ရွှေလိုဝင်း၍ ဖယောင်းလိုကြည်ကာ ပုလဲလို လုပ်သူလေး။

ဘုရား ... ဘုရား။ စိတ်တွေကို သန့်စင်နေပါတယ်ဆိုမှ အရောင်တွေက တစ်ထပ်ပြီး တစ်ထပ် ထပ် ထပ် ထပ်။ တစ်လွှာချင်း ပြန်ခွာချစမ်း။





စိတ်ထဲမှာ လွန်ဆွဲနေသည်။ အတိုက်အခံတွေ ဖြစ်နေသည်။ ကောင်းတဲ့စိတ်နဲ့ မကောင်းတဲ့စိတ် တိုက်ပွဲတွေဖြစ်နေသည်။

မီးနဲ့ရေ။

မီးများရင် မီးနိုင်မည်။ ရေများရင် ရေပဲနိုင်မည်။ ခုတော့ မီးနဲ့ရေ။ လွန်ဆွဲနေတုန်း။

ဘုရား ... ဘုရား။ မိန်းမ ...။ မိန်းမဆိုသော ဆန့်ကျင်ဘက်။ တော်တော်ဒုက္ခပေးနေပါလား။ အလှတရားဆိုတာ တစ်နေ့တော့ ယိုယွင်းပျက်စီးသွားမှာပါလား။ မပျက်စီးခင် အပေါ်ယံရုပ် အလှတရားကို တပ်မက်နေလို့ ဖြစ်ပါ့မလား။ အလှတရားဆိုတာ တစ်နေ့ပျက်စီးမယ့် တရားတွေပဲ။ တရားအလှ၊ ဓမ္မအလှကသာ နိဗ္ဗာန်ရောက်သည့်အလှ။ မှန်မြတ်သောအလှ။ သူမအလှက မမြဲသောအလှ။ ဒုက္ခတွေကို သယ်ဆောင်ပေးနိုင်သောအလှပါလား။

စိတ်တွေ တဖြည်းဖြည်း အနည်ထိုင်လာသည်။ ပိုးမဏိသျှန် ဘယ်လောက်လှလှ တစ်နေ့သေမှာပဲ။ တစ်နေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



မှာပဲ။ တစ်နေ့ အိမ်မှာပဲ။ တစ်နေ့ ပျက်စီးမှာပဲ။ ဘုရားကိုဦးချ ကန်တော့လိုက်သည်။

နာရီကိုကြည့်လိုက်တော့ နောက်တစ်နေ့ နေ့လယ် တောင် ရောက်နေပါရောလား။

❋ ❖ ❋





စိတ်ကြည်ရွှင်းစွာနဲ့ပဲ သူမကို ပွဲအပ်ပေးလိုက်၏။ ပွဲအပ်တာက သူမဓာတ်ပုံယူကာ သူ့နတ်ခန်းမှာ နေ့ည ဆုတောင်း ပေးရသေးသည်ကို။ သူ ထိုဓာတ်ပုံကို မကြည့်မိအောင်နေသည်။

တစ်ရက် မဝါက သူမတို့အိမ်ကို လာပေးဖို့ ပင့် ပြန်သည်။

"Miss ပွဲတစ်ပွဲ ဝင်ပြိုင်မလို့ စည်ရေ။ miss ရအောင် ပွဲဆက်ပေးပါဦး။ ပြီးတော့ ဘာဆောင်ရမလဲ အဆောင်လေး ဘာလေးလည်း လုပ်ပေးပါဦး"

"ဟာင်း ... ကျွန်တော်က ဗေဒင်မတွက်တတ်ဘူး။ အဆောင် ဘာညာတော့ မလုပ်ပေးတတ်ဘူး။ ပွဲတော့ ဆက်ပေးမယ်။ ဖေကျော် ပင့်ပေးမယ်လေ။ ဝင်လာရင် မေးလိုက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... အင်း ... ဒါဆို စည်လာခဲ့နော်"

"ဟုတ်ကဲ့"

သူဌေးတွေက သူ့နတ်ခန်းကို မလာကြပါ။ သူတို့ဆီသွားရတာပဲများသည်။ ဒီတစ်ခါတော့ အငယ်လေးကို ခေါ်သွားသည်။

အငယ်လေးက ပိုးမလေးကိုတွေ့တော့ သဘောကျနေသည်။

"ဟယ် ... လှချက်တော်။ လှရောဟုတ်ရဲ့လားဟယ်။ လှူယောင်ဖွဲ့ဆောင်ထားတဲ့ နတ်သမီးလေးလား။ အမယ်လေး ဒီလောက်ချောတာ ဒီတစ်ခါပဲ မြင်ဖူးပါတယ်တော်။ အငယ်လေးတို့နဲ့များ ကွာပါ့"

ပိုးမလေးက သဘောတွေကျပြီး ပြုံးနေသည်။

"ဟဲ့ ... ပြုံးတော့မှ ပိုပြီးပြည့်စုံတာပါလား။ အမယ်လေး_ ဒီအပြုံးနဲ့သာ ဒိုင်တွေကို ဖမ်းစားလိုက်။ ညည်း Miss ရမှာ သေချာနေပြီ။ ဟင်း ... ပွဲတောင်ဆက်စရာ မလိုဘူးဟေ့"





ဦးအိမ်စည် ကိုယ်တိုင် ကိုကြီးကျော် ပင့်သည်။

"အရက်ပုလင်းဆို ဖေကြီးက ပါကင်မှကြိုက်တာဟေ့၊ နင်တို့လူသားတွေက အကျင့်ကောင်းတာ မဟုတ်ဘူး၊ ငါ ဆက်တဲ့အရက်တောင် ဟိုလို ဒီလို လုပ်ချင်သေးတာ"

ကြက်ကြော်နဲ့အရက် ဖွာတော်တစ်ဖက်နဲ့ ကိုကြီးကျော် စီးနေပြီ။

"ဟဲ့ ... သမီးတော်လေး၊ ညည်းက ညည်းရုပ်ကလေး ချောတာကိုက ဆုတောင်းကောင်းခဲ့တာ။ ညည်းအောင်မြင်ဖို့အတွက်ကို ရုပ်ကလေးချောပေးထားတာ။ ဖေကျော်တို့ကို ဆက်စရာတောင် မလိုဘူး၊ ဟုတ်ပြီလား။ ညည်းဆက်တော့လည်း ဖေကျော်တို့က သောက်ရမှာပေါ့ဟေ့"

"ဖေကြီးကျော်ရယ် ... ဒီည သမီးတော်လေးက Miss လိုချင်တာ ရအောင်ယူပေးပါ ဖေကြီး"

"ဟဲ့ ... ဘာတဲ့ Miss ။ ညည်းတို့ အင်္ဂလိပ်စကား ငါနားမလည်ဘူး။ အေး ... ညည်းခေါင်းပေါ် ဟိုရွှေနဲ့လုပ်ထားတဲ့ဟာကြီး ဆောင်းရရင် ပြီးရောမို့လား"

www.burmeseclassic.com



"ဟုတ်ပါတယ် ဖေကြီး"

"မပူနဲ့ ငါမယူပေးလည်း ဆောင်းရမှာ။ အဲဒါကြီးက ညည်းဖို့ကို လုပ်ထားတာ ... ဟင်း ဟင်း"

"ဝမ်းသာလိုက်တာ ဖေကြီးရယ်၊ Miss သာရရင် ပွဲကြီးပေးပါ့မယ်"

"သိတယ်လေ၊ ညည်းက ပွဲကိုပေးချင်နေတာ၊ ပွဲပေးပြီး ငါ့သားတော်ကြီးနား ကပ်ချင်နေတာ ငါသိသားပဲ။ ငါ့သားတော်ကြီးရဲ့သိက္ခာကို စမ်းသပ်ချင်လို့ လွှတ်ပေးထားတာ"

မဝါတို့ ပိုးမလေးတို့ မျက်နှာတွေ ပျက်ကုန်သည်။

မဝါက အငယ်လေးကို ...

"အငယ်လေးရယ် ... ဒီအကြောင်းတွေ စည့်ကို ပြန်မပြောပါနဲ့ဟယ်။ မဝါ တောင်းပန်ပါတယ်"

"မပြောပါဘူး မမဝါ၊ စိတ်ချပါ"

"ကျေးဇူးပါပဲ အငယ်လေးရယ်"

ဇာတ်လမ်းက ထိုမျှနဲ့မပြီးသေးပါ။ နတ်ထွက်သွားပြီးတော့ ပိုးမလေးက ...





"ပိုးပွဲကို ဦးစည် လိုက်အားပေးပါ။ ပိုး အားရှိအောင် လိုက်ခဲ့ပေးပါ ဦးစည်ရယ်နော်"

"မလိုက်တော့ပါဘူး သမီးရယ်။ အဲလိုပွဲတွေ သွားလေ့လည်း မရှိလို့ပါ"

"အလိုတော့ မငြင်းပါနဲ့ ဦးစည်ရယ်။ ဒီ Miss ရရင် ပိုးက နိုင်ငံခြားမှာ သွားထပ်ပြိုင်ရမှာ။ ဒီ Miss ကိုလိုချင်လွန်းလို့ပါ။ ဦးစည်တို့ တိဝါတို့ပါတော့ ပိုးလည်း အားရှိတာပေါ့။ လိုက်ခဲ့ပေးပါ ဦးစည်ရယ် ... နော်"

"လိုက်လို့မဖြစ်လို့ပါ။ ဦးစည် အလုပ်အတွက် သမထလည်း ကျင့်ရတယ်။ ဒီလိုပွဲတွေ ကြည့်မိရင် သမထပျက်မှာစိုးလို့ပါ။ ဦးစည် သမထပျက်ရင် ဦးစည်ကို ယုံကြည်လို့ ပွဲအပ်တဲ့ ပွဲရှင်တွေ နစ်နာကုန်လိမ့်မယ်။ အဲဒါကြောင့် ဘယ်လိုမှ လိုက်လို့မဖြစ်တာ။ ကဲ ... အငယ်လေးရေ၊ ပြန်ရအောင်"

"ဟုတ်"

အငယ်လေးမျှာ လိုက်ရမလား မျှော်လင့်ထားတာ ဦးအိမ်စည် ငြင်းလိုက်တော့ ဟက်ကော့ကြီး ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ပိုးမလေးကလည်း ခေါ်မရ၍ စိတ်ထဲသိမ်မကျေနပ်။ ဒီဘဲကြီး တော်တော် သိက္ခာကြီးနေတယ်ဟု တွေးနေမိသည်။ ဒေါ်ဝါဝါကလည်း တစ်စုံတစ်ရာကို လေးနက်စွာ တွေးနေသည်။

ထိုနေ့က သူမ Miss ရခဲ့ပါသည်။ နိုင်ငံခြားမှာ သွားထပ်ပြိုင်ရမည်။ နိုင်ငံခြားမှာ ပြိုင်ရမှာက Miss Asia ပြိုင်ပွဲပါ။ နိုင်ချင်သေးပါရဲ့ကွယ်။

❋ ❖ ❋





ပိုးမလေးကို Miss ရပြီးပြီးချင်း ဗီဒီယိုထုတ်လုပ်ရေးတစ်ခုက စာချုပ်နဲ့ လာကမ်းလှမ်းသည်။ စာချုပ်ကို မကြိုက်လို့ လက်မခံဖြစ်။ တခြားထုတ်လုပ်ရေးတွေကလည်း စိတ်ဝင်စားမြုလာသည်။ ကြော်ငြာတွေလည်း ရိုက်ရသည်။ အင်တာဗျူးတွေလည်း ပလူပျံနေပြီ။

အောင်မြင်လာပြီဟုပဲ ပြောရမည်ပေါ့။

ဦးအိမ်စည်ရဲ့အစွမ်းတွေဟု ယုံကြည်လာသည်။

နိုင်ငံခြားမသွားခင် ပွဲကြီးပေးဖို့ စီစဉ်သည်။

"ဦးစည် ဒီမှာမလိုက်ရင်နေပါ ဦးစည်ရယ်။ ဒီမှာက နိုင်မှာ သေချာလို့လေ၊ နိုင်ငံခြားကပွဲကတော့ 1 to 10 ပါဖို့တောင် မနည်းလုပ်ရမှာ ဦးစည်ရဲ့။ အဲဒီပွဲ Miss "ရရင်



www.burmeseclassic.com

www.burmeseclassic.com



တော့ အတိုင်းထက် အလွန်ပေါ့။ ဒါပေမဲ့ ဦးစည်လိုက် အားပေးရင်လေ တစ်ဝက်လောက်ကို အောင်မြင်ပြီးသား ဖြစ်သွားမှာ။ လိုက်ခဲ့ပေးပါ ဦးစည်ရယ်နော်။ အားကိုး တကြီးနဲ့ကို ခေါ်တာပါ ဦးစည်ရယ်။ လိုက်ခဲ့ပေးပါ နော်"

ဒုက္ခပါလား။ ကြောက်ပါတယ်ဆိုမှ ယုန်ကမတိုးသဲ ပိုက်ကချည်း လိုက်တိုးနေပါလား။

"ဆောရီးပဲ သမီး။ သမီး ပြိုင်ပွဲမှာ အဆင်ပြေအောင် ဒီကနေ လုပ်စရာရှိတာ လုပ်ပေးရဦးမယ်လေ။ ဦးစည် လိုက်ပေးလို့မရဘူး။ ပြီးတော့ နိုင်ငံခြားလည်း တစ်ခါမှ မသွားဖူးဘူး။ သွားလည်း မသွားချင်ပါဘူးကွယ်"

"ဦးစည်ကလည်း တီဝါလည်း ပါမှာပဲ။ ဟိုမှာ ဘာအခက် အခဲမှ မရှိစေရဘူး။ အကုန်အဆင်ပြေအောင် သမီးစီစဉ် ပေးမှာပါ"

"မဖြစ်ပါဘူးကွယ်။ ဦးစည် ဒီမှာ ပွဲချိတ်ထားတာလေး တွေလည်း ရှိသေးလို့ပါ"





"ဦးစည်ကလည်း တီဝါ့ပဲခင်တာ။ ပိုးကျရင် တစ်ခါမှ မလိုက်လျောဘူး။ ပိုးကို တီဝါ့လောက် မချစ်ဘူးမို့လား"

"ဟဲ့ ... ဒီကောင်မလေး၊ ဘာတွေပြောနေတာလဲ၊ ညည်း အဒေါ်နဲ့ ဦးစည် ရိုးရိုးခင်တာပါ။ ညည်းကိုလည်း သမီး အရွယ်လေးမို့ သမီးလေးလို ခင်ပါတယ်ကွယ်။ နိုင်ငံခြား ကိုတော့ လိုက်ကိုမလိုက်ချင်၊ ဘာကြောင်းနဲ့မှကို မသွား ချင်လို့ပါ"

"အလကားပါ ... ဦးစည် ပိုးကိုမချစ်တာ။ ဦးစည်တို့ ပိုး အားကိုးတာသိသိနဲ့ အားရှိအောင် လိုက်ခဲ့ပေးတာ မဟုတ် ဘူး။ မသိဘူး။ ပိုး ပူဆာတယ် လိုက်ခဲ့ပေး"

"ဒီကလေးတော့ ဂျီကျစရာမရှိ။ ဆောရီးပဲ ထပ်ပြောရမှာ။ ဦးစည်ကို ထပ်ခေါ်ဖို့ မစဉ်းစားနဲ့။ မလိုက်ဘူး"

ပိုးက ငိုမဲ့မဲ့ ဖြစ်ရာကနေ ငိုချလိုက်သည်။

"ဟဲ့ ... မငိုနဲ့လေ"

"ငိုမှာပဲ ... ဦးစည်မှ မလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



ဦးအိမ်စည်ရဲ့ စကားဆက်မပြောတော့ဘဲ ပိုးမဏိသျှ်ကို ကျောခိုင်းလိုက်သည်။ သူမ နိုင်ငံခြားသွားတဲ့နေ့အထိ ဖုန်းမကိုင်၊ အတွေ့လည်း မခံတော့။

ပိုးမဏိတို့ ပြိုင်တာကိုတော့ အင်တာနက်ကနေ တွေ့ရပါသည်။

သူမ အဆင့်သုံးပဲရသည်။ မြန်မာတစ်ယောက်အနေနဲ့ အဆင့်သုံး 2nd runner up ရတာတောင် ဂုဏ်ယူရမလိုပါ။

သူမက ကျေးဇူးတင်စကားထဲမှာ သူ့နာမည်ထည့်ပြောသွားတော့ ရင်ထဲ ပီတိဖြစ်ရသေးသည်။

သူမကလည်း ပျော်နေရှာပါသည်။

ပွဲပြီးတော့ သူ့ဆီ ဖုန်းဆက်သည်။

"ဦးစည် ကျေးဇူးကြောင့်ရတာ သိလား။ ပိုး အရမ်းပျော်တယ်"

"အေးပါ ... သမီးရယ်၊ ဝမ်းသာပါတယ်"

"ဦးစည် ... ပိုး ပြန်လာမယ့်နေ့ လေဆိပ်မှာ လာကြိုမလားဟင်"





ဦးအိမ်စည်တောင် ခေါင်းမညိတ်လိုက်မိဘူး ဖြစ်တယ်။ မ,ဆို ခြင်မ ယင်မတွေနဲ့တောင် ဝေးဝေးနေချင်ပါသည်။ ခုန်းလို့လည်း မဟုတ်ပါဘူး။ သူ့ဘဝ သူ့ခန္ဓာကို ကမ္ဘာကြီးအတွက်ပဲ မြှုပ်နှံထားချင်လို့ပါ။ သူ ကနားစီးလုပ်နေတာလည်း သူ့ကိုယ်ကျိုးအတွက် မဟုတ်တော့ပါ။ အများအကျိုးရှိဖို့ သူတတ်တဲ့ပညာနဲ့ အကျိုးပြုချင်တာပါ။ သူ အကျိုးရှိဖို့ဆိုရင် သူ့ကို အတင်းလိုက်ကပ်နေသော ပိုးမဏိလို အမျိုးသမီးလေးကို လက်ထပ်လိုက်မှာပေါ့။

ဒါပေမဲ့ အဲဒီအိမ်ထောင်ရေးဆိုတာတွေက ဘာများအဓိပ္ပာယ်ရှိလို့လဲလေ။ မိန်းမယူ၊ ကလေးမွေး။ သားကျွေးမွေး မယားကျွေးမွေးတွေနဲ့ အပူသံယောဇဉ်တွေ လုံးချာလည်လိုက်။ အဲဒီအပူတွေ ယူဖို့အတွက် သူ့ရဲ့ယခုဘဝကို အပျက်စီးမခံနိုင်။ ရှိစေတော့ပေါ့။

သူ ပိုးမဏိကို ကြိုမှာမဟုတ်ပါ။ ဖြစ်နိုင်ရင် ပိုးမဏိနဲ့ ဝေးဝေးမှာပဲ နေချင်တာပါ။ သူ လုပ်စရာ ရှိတာကို ကွယ်ရာကပဲ အတတ်နိုင်ဆုံး လုပ်ပေးလိုက်မယ်။ သူမလေးကို



www.burmeseclassic.com

www.burmeseclassic.com



သံယောဇဉ် ဖြစ်ချင်ချင်ရယ်လေ။ ဖြစ်လုဖြစ်ဆဲ သံယောဇဉ်တွေ ဖြစ်တည်မသွားခင် ဖြတ်တောက်ရမယ်လေ။

မဝါထက် ပိုးမဏိက ပိုဆိုးနေတာ ထူးဆန်းနေ၏။ ပိုးမဏိရဲ့အရွယ်၊ ရုပ်ရည်၊ နိုင်ငံခြားမှာ ကျောင်းတက်ဖူးတဲ့ ပညာရပ်တွေနဲ့ သူ့လို လေးဆယ်ကျော် ကနားစီးကို စိတ်ဝင်စားတာဟာ စိတ်ကစားရုံလား။ ဒါမှမဟုတ် သူမရဲ့အောင်မြင်မှု အတွက် သူ့ကို ခုတုံးလုပ်ချင်တာလား။

ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ သူကတော့ ဘယ်သူ့ကိုမဆို သူတတ်တဲ့ပညာနဲ့ အကောင်းဆုံးဖြစ်အောင် ကူညီပေးမှာပါ။

❋ ❖ ❋





ပြန်လာလာချင်း ကြော်ငြာတွေ တန်းစီရိုက်ရသည်။ ဇာတ်ကားတွေလည်း ကမ်းလှမ်းသည်။ ဒါပေမဲ့ ပိုးမဏိက ဘယ်ကုမ္ပဏီနဲ့မှ စာချုပ်မချုပ်။ ဇာတ်ကားတွေကိုတောင် ဇာတ်လမ်းရွေးရိုက်သေးတာ။ အဲလို ရွေးကိုင်ရင် ပိုပြီးဈေးကွက်ရတယ်လေ။

အာရှမှာ 2nd runner up မို့လား။ ပြီးတော့ လူအထင်ကြီးအောင် ပရဟိတတွေလည်း လုပ်ပြရသေးသည်။

စိတ်ပါလို့ လုပ်တာထက် ဂုဏ်လိုချင်လို့ နာမည်ကြီးချင်လို့လုပ်တဲ့ပရဟိတ ကုသိုလ်တော့ အပြည့်အဝရမှာ မဟုတ်။

သူမဘာသာ ဘယ်လောက် အလုပ်ရှုပ်ရှုပ် ဦးအိမ်ညိုကို ညတိုင်းဖုန်းဆက်သည်။

“ဦးစည် မနက်ဖြန်ရှူတင်ရှိတယ်၊ ဆုတောင်းပေးဦးနော်”



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွယ်"

"ဦးစည် ရှုတင်ကို တစ်ခါလောက် လိုက်ကြည့်ပါလား"

"မအားပါဘူးကွယ်"

"ဦးစည်ကတော့ ငြင်းသလားမမေးနဲ့။ ငြင်းရမယ်ဆိုရင် ငြင်းတတ်လွန်းလို့ အငြင်းပါရဂူဘွဲ့ ပေးသင့်တယ် တကယ်။ ပိုးကို ဘယ်တော့မှ ဂရုမစိုက်ဘူး"

"ငါ ဂရုမစိုက်ရင် ညည်း အောင်မြင်ဖို့လုပ်ပေးမှာမဟုတ်ဘူး။ ဒါပေမဲ့ ညည်းလည်း ညည်းအလုပ်နဲ့ညည်း ရှိသလို ဦးစည်မှာလည်း အလုပ်ရှိတာပဲလေ။ အဓိက ညည်းအောင်မြင်ဖို့ပဲ လိုပါတယ်"

"ဦးစည်ရယ် ... ပိုးက ဦးစည်ကို အလုပ်အပ်ထားရတယ်လို့ မယူဆပါဘူး။ ပိုးက ဦးစည်ကို ခင်တာ။ အရင်းအနှီး တစ်ယောက်လိုခင်တာ။ ဖြစ်နိုင်ရင် ပိုးကိုပဲ အချိန်ပြည့် ပေးထားစေချင်တာ"

"တော်တော့ ပိုးမလေး။ ကလေးက ကလေးစကားပြောတာပဲ ကောင်းတယ်"





"ပိုး ကလေးမဟုတ်တော့ဘူး ဦးစည်"

"ခက်တာပဲ။ ညည်း ရည်ရွယ်ချက်က အောင်မြင်တဲ့ အနုပညာရှင်တစ်ယောက် ဖြစ်ဖို့နော်။ ညည်း ရည်ရွယ်ချက်က အဓိကပဲ။ ငါ့မှာက အလုပ်အပ်ထားတာ ညည်းတစ်ယောက်တည်း မဟုတ်ဘူး။ အများကြီး။ တခြားသူတွေအတွက်လည်း လုပ်ငန်းအဆင်ပြေအောင်ဆိုပြီး လုပ်ပေးရသေးတယ်။ ညည်းနောက် မလိုက်နိုင်သေးဘူး။ မအားသေးဘူး ပိုးမလေးရဲ့"

"ပိုးကို ဆူနေတာလား"

"နားလည်အောင် ပြောပြတာပါ"

"ပိုး နားလည်ပါတယ်၊ ဦးစည်ကို လာစေချင်လွန်းလို့ လာမလားလို့ ပြောကြည့်တာ"

ဒုက္ခပဲ။ ဒီကလေးမတော့ အိမ်ထောင်မပြုဘူးလို့ ဆုံးဖြတ်ထားတဲ့သူကိုမှ ကလူတူတူ မြူတူတူ။ ဒုက္ခပါလား။ ဒုက္ခကို ဒုက္ခမှန်းမသိတော့ ဒုက္ခကို သုခထင်ကာ အယောင်ဆောင် သုခနောက် အငမ်းမရလိုက်ရင်း ဒုက္ခပင်လယ်ထဲ နစ်ရသူတွေပဲလို့။



www.burmeseclassic.com

www.burmeseclassic.com



လုံးဝယတိပြတ် အဆက်အသွယ် ဖြတ်ရမှာ အားနာလို့ သူမအတွက် ဆက်လုပ်ပေးနေတာပါ။

ပိုးမလေးက အလုပ်တွေရှင်းသွားတာနဲ့ သူ့ဆီပြေးလာတတ်သည်။

"ဦးစည် ... ဦးစည်"နဲ့ ပါးစပ်ဖျားကမချ။ ရှောင်ချင်ကာမှ တည့်တည့်တိုးနေပါသည်။

သူမနဲ့ စကားအေးဆေး မပြောဖြစ်သေးလို့ပါ။ သူ့အကြောင်း သိသွားရင်တော့ ကပ်တော့မှာမဟုတ်။

သူ့သဘောထားကို သူမ နားလည်အောင် ပြောရတော့မည်။

သို့သော် သူက မအားတာနဲ့၊ သူမက မအားတာနဲ့။ စကားအေးဆေး မပြောဖြစ်သေး။

ဒေါ်ဝါကတောင် ပြောသည်။

"စည်ရေ ဝါတော့ ကလေးကို ဦးစားပေးရတော့မယ်ထင်တယ်။ ပိုးမလေးက ဦးစည်မှ ဦးစည် ဖြစ်နေတာ။ စည်တို့များ စွဲချက်"

❋ ❖ ❋





တစ်ရက်တော့ သူမ သူ့ဆီဖုန်းဆက်လာသည်။

"ဦးစည် ... ပိုးလေ ဦးစည်ကို ဒင်နာကျွေးချင်လို့ ကန်တော်ကြီးပဲလေ့စ်ကို လာခဲ့ပါလား"

"ပိုးမကျွေးပါနဲ့ ဦးစည်ပဲ ကျွေးမယ်။ ဦးစည်က မြန်မာထမင်းဟင်းပဲ စားချင်တယ်။ ဓနုဖြူဒေါ်စောရီကိုပဲ လာခဲ့ပါလား သမီး"

"ဟွန့် ... ဦးစည်ကလည်း ဗမာထမင်းဟင်း မစားချင်ပါဘူး။ ကန်တော်ကြီးပဲလေ့စ်ပဲ လာခဲ့ပါ ဦးစည်ရာ။ လာခဲ့နော် ... စောင့်နေမယ်၊ ဖုန်းချပြီ"

သူမပြောပြီး သူမပဲ ဖုန်းအရင်ချသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးအိမ်စည် မသွားပါ။ သွားလည်း မသွားချင်။ ကျွေးမှာက ဒင်နာ။ ဟိုတယ်မှာ။ လူဆိုတာ ယုံရတာမဟုတ်ဘူးလေ။ ခုလို ချိန်းဆိုမှုကို သာမန်ယောကျ်ားတိုင်း မက်မောမယ့် အခွင့်အရေး။ သူက သာမန်ယောကျ်ားတစ်ယောက် မဟုတ်ဘူးလေ။

ခြောက်နာရီကနေ ခုနစ်နာရီ ဖြစ်လာတော့ သူမ ဖုန်းထပ်ဆက်သည်။

"ဦးစည် မလာသေးဘူးလား။ ပိုးရောက်နေပြီ။ စောင့်ရတာတောင် ကြာနေပြီ"

"ဖြစ်ရလေ ပိုးရယ်။ မစောင့်နဲ့ကလေး။ ပြန်လိုက်တော့။ ဦးစည် မလာတော့ဘူး"

"ဘာလို့လဲ ဦးစည်"

"ဦးစည် ဟိုတယ်စာ မကြိုက်ဘူး သမီးရဲ့"

"ဦးစည်ရယ် ... မကြိုက်ရင်တောင် ဒီတစ်ခါဖြစ်ဖြစ် လာစားပါနော်။ ပိုး မှာထားပြီးသား ဖြစ်နေပြီ။ ပိုး ဗိုက်လည်း ဆာနေပြီ။ လာခဲ့ပါ ဦးစည်ရယ်။ နောက်မစားချင်ရင် မစားပါနဲ့။ ဒီတစ်ခါတော့ လာခဲ့ပါနော်"





"ဆောရီးပဲ သမီးရယ်၊ သမီး ဘာသာပဲ စားလိုက်တော့နော်"

"ဦးစည်"

"ဒီည ဖုန်းထပ်မဆက်နဲ့တော့ သမီး"

သူ ဖုန်းချပစ်လိုက်သည်။ ဘာလို့မှန်းမသိ။ စိတ်ထဲမှာ လုံးဝကို မသွားချင်။ သူမ ပြောနေတာတွေကိုလည်း မသနားဘဲ အထင်တောင် သေးချင်သလိုလို ဖြစ်သွားသည်။

မလာပါဘူး ဆိုတာကို အတင်းကို ခေါ်နေတာ။ အဲလိုခေါ်ရအောင် ကိုယ်နဲ့သူလည်း ဘာမှပတ်သက်တာမဟုတ်။

ဘာမှမပတ်သက်၊ မသက်ဆိုင်သော ယောကျ်ားတစ်ယောက်ကို ခဲယဉ် တောင်းပန်ခေါ်စရာ အကြောင်းကိုမရှိ။

ပိုးမဏိသျှန်။ ခေါ်ဝါဝါ တူမ။ ဒါကလွဲလို့ သူမ အကြောင်း ဘာမှမသိ။ သူမဟာ ဘယ်လိုမိန်းကလေးမျိုးလဲ။ သူမပုံစံလေးကတော့ ရိုးသားမှုအပြည့်။ ဒါပေမဲ့ သူမရုပ်ရည်နဲ့ သူမအပြုအမူတွေက ဘယ်လိုမှကို မလိုက်ဖက်တာ။



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ကလေး ရိုးသားသလို အမူအရာတွေက ရဲတင်း လွန်းနေသည်။

သူ တော်တော်စိတ်အနှောင့်အယှက် ဖြစ်ရသည်။ သူမနဲ့ ထိပ်တိုက်တွေ့တော့မည် ထင်ပါရဲ့။ မိန်းကလေးတစ် ယောက် ဘယ်လောက်ပဲ လှပချောမောနေပါစေ။ ဣန္ဒြေသိက္ခာ မရှိရင် ဘာမှတန်ဖိုးမရှိတော့။ မက်လောက်စရာကိုမရှိ။ တန်ဖိုး ထားချင်စိတ်ကိုမရှိ။ ရုပ်ရည်ဆိုတာ အပေါ်ယံအရေပြားတစ် ထောက်စာ။ အ စ်မဟုတ်။ တစ်ချိန်မှာ အိုမင်းယိုယွင်းလာတဲ့ အခါ ငယ်ရွယ်စဉ်က လှပချောမောမှုဟာ ဓာတ်ပုံထဲမှာပဲ ကျန်ခဲ့ တော့မှာ။

ရုပ်ရည်မလှပလည်း ဣန္ဒြေသိက္ခာရှိ တည်ကြည်တဲ့ အမျိုးကောင်းသမီးတစ်ယောက်၊ စိတ်ထားမွန်မြတ်တဲ့ မိန်းမ ကောင်းတစ်ယောက်ဆိုရင် အဖိုးတန်တာပါပဲ။

ဦးအိမ်စည် ခေါင်းယမ်းလိုက်သည်။ ရင်ထဲမှာ တစ်ခုခု နှမြောသလိုလို ခံစားနေရသည်။





သူမနဲ့ ဆက်မပတ်သက်ချင်တော့သလိုလိုတောင် ဖြစ်မိသည်။ တကယ်တော့ သူမဟာ မော်ဒယ်တစ်ယောက်ဆိုတာ သူ မေ့လျော့ထားခဲ့မိတာပါ။ သူမဟာ မင်းသမီးဖြစ်ချင်သူတစ် ယောက်။

ဒီလိုမိန်းကလေးတစ်ယောက်ဟာ အရှက်အကြောက် ကြီးဖို့ဝေးစွပေါ့ကွယ်။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



ညတွင်းချင်းပဲ အိမ်ကိုရောက်လာတော့ သူ ပိုပြီး မနှစ်သက်သလို ဖြစ်ရသည်။

"ဦးစည်နဲ့ တွေ့ချင်လို့"

ဒရိုင်ဘာမောင်းတဲ့ကားပေါ်ကနေ သူ့ဆီဖုန်းလှမ်း ဆက်တာ။ ဖုန်းပိတ်ထားလို့ ခြံတံခါးကိုခေါက်ပြီး လာမေးတာ။

"ဦးစည်နဲ့ တွေ့ချင်လို့"

"တွေ့ချင်ရင် မနက်မှ လာပါဗျ။ အဖေကြီးက ညဘက်ဆို ဧည့်သည်လက်မခံလို့ပါ"

"မရဘူး။ ပိုးလာတာလို့ ပြောပေးပါ။ ပိုးဆိုရင်တွေ့မှာပါ"

"မရဘူးခင်ဗျာ၊ ဒီအချိန်က အဖေကြီး တရားထိုင်တဲ့ အချိန်မို့ သွားခေါ်လို့လည်း မရပါဘူး။ ကိစ္စဘယ်လောက် အရေးကြီးကြီး မနက်မှလာပါ"





"ကျွတ်"

ခြံအပြင်ဘက်မှာ ကားကြီးရပ်ပြီး လုံးဝထွက်မသွားပါ။ သူ တော်တော်စိတ်တိုသည်။ သူမလုပ်နေပုံက ဘာလိုလို ညာလိုလို။ သူ့တပည့်တွေ ထင်ယောင်ထင်မှားဖြစ်အောင် လုပ်နေသည်။

မိန်းမဆိုတာ မီးလိုပါလား။ မိန်းမ မဟုတ်ဘူး။ မီးမ။ အပူတွေ ဟပ်လိုက်တာ။ သူ တရားထိုင်နေပေမယ့် ဘယ်လိုမှ အာရုံမရ။ စိတ်တွေ ပျံ့လွင့်နေသည်။ ဟိုကောင်မလေးအားကိုလည်း တွေ့နေရသည်။ သူ မဝါဆီ ဖုန်းဆက်လိုက်သည်။ အကျိုးအကြောင်း ရှင်းပြလိုက်သည်။ နာရီဝက်ခန့်ကြာတော့ မဝါ ကား ရောက်လာကာ သူမကို ပြန်ခေါ်သွားသည်။ ဆိုးလိုက်တာနော်။

နောက်နေ့ကျတော့ မဝါ ရောက်လာကာ တောင်းပန်သည်။ ပိုးမဏိသျှန်လည်း ပါလာသည်။

"စည်ရယ် ... မဝါ တောင်းပန်ပါတယ်။ ဒီကလေးမက အဲလိုပဲ ဂျစ်တိုက်တယ်။ သူလုပ်ချင်တာ လုပ်ရမှ။ စည်



www.burmeseclassic.com

www.burmeseclassic.com



ကို လာဂျစ်တိုက်တာတော့ ဘယ်ကောင်းမလဲ။ မိသားစု အပေါ် ဆိုးတာတော့ ဘာမှမဖြစ်ဘူး။ စိမ်းတဲ့သူပေါ်တော့ မကောင်းဘူးပေါ့”

“ဦးစည်က ပိုးအတွက် သူစိမ်းမှ မဟုတ်တာ။ ပိုးရင်ထဲမှာ ဦးစည်ကို ရင်းရင်းနှီးနှီးပဲ ရှိနေတာ”

“အဲဒါသာကြည့်တော့ စည်ရေ။ မနိုင်ဘူး ... ဟင်း ... ဟင်း”

“မဝါ ... ကျွန်တော် အားမနာတော့ဘူး။ နောက်ဆို မဝါရော ပိုးမဏိသျှန်ပါ ကျွနတ်တော့်ဆီ မလာကြပါနဲ့တော့”

“ဘယ်လိုပြောလိုက်တာလဲ စည်”

“ကျွန်တော်တို့ လုပ်ငန်းသဘောအရပဲ ပတ်သက်ကြတာပါ။ ဒါပေမဲ့ ကျွန်တော့် Image ကို ထိခိုက်တာတော့ လက်မခံနိုင်ဘူး။ ကျွန်တော့်အပေါ် ပိုးမဏိသျှန် ခုလိုလုပ်ပိုင်ခွင့်လည်း မရှိဘူး။ ကျွန်တော့်တပည့်တွေရှေ့မှာ ခုလိုလာလုပ်တာ ရုပ်ပျက်လွန်းတယ်။ အဲဒီတော့ မဝါရော ဒီကလေးမပါ ကျွန်တော့်ဆီ မလာနဲ့”





“ဒီမှာ ဦးအိမ်စည်၊ ရှင်ပြောတာ လွန်နေပြီနော်။ ရှင် အခုလိုပြောရအောင် ဝါဝါတို့က ပေါက်လွှတ်ပဲစားတွေ မဟုတ်ဘူး။ သိပ်လည်း မာန်တက်မနေနဲ့။ ရှင့်ကို လိုက်လိုက်လျှောလျှော ဆက်ဆံလို့ အဟုတ်မှတ်မနေနဲ့။ ခွေးလေး အရောဝင် ပါးလျက် နားလျက်ဆိုတာ ဒါမျိုးပေါ့။ လာ ပိုးမလေး ပြန်မယ်။ ကောင်းကောင်းမွန်မွန် လာတောင်းပန်တာကို လာပြီး မာန်တက်နေတယ်”

“ဦးစည် ... ပိုးမှားပါတယ် ဦးစည်ရယ်၊ ပိုး နောက်မလုပ်တော့ပါဘူး”

“ဟဲ့ ... မိပိုး၊ နင် ဘာလုပ်တာလဲ၊ နင် ဘာဖြစ်နေတာလဲ။ လာစမ်း ... သွားမယ်”

“ဒီပြဿနာတွေက ပိုး စိတ်လိုက်မာန်ပါ လုပ်မိလို့ ဖြစ်ရတာပါ။ ပိုး တောင်းပန်ပါတယ်။ ပိုး နောက်မဆိုးတော့ပါဘူး ဦးစည်ရယ် ... နော်။ ပိုးကို မလာနဲ့လို့တော့မပြောပါနဲ့၊ ပိုးလေ ... ပိုး ဦးစည်နဲ့မတွေ့ရရင် သေမှာ”

“ဟာ ... ဘာစကားတွေ လာပြောနေတာလဲ၊ မဝါ ပြန်ခေါ်သွားစမ်းပါဗျာ”



www.burmeseclassic.com

www.burmeseclassic.com



"ပိုးကို နှင်မထုတ်ပါနဲ့ ဦးစည်ရယ်"

"မိပိုးရယ် ... ငါတော့ ရှက်လို့ သေချင်တာပဲ၊ ညည်း ဘာလို့ အရှက်မရှိ ဒီလောက် တောင်းပန်နေတာလဲ"

"မိုး ... ပိုး ... ဦးစည်ကို ချစ်လို့"

"ဘာ"

"ဘာ ... ဘာ ... ဘာ ... ညည်း ... ညည်း ပြောရဲလိုက်တာအေ ဒုက္ခပါပဲ၊ ငါ့မျက်နှာကြီးသာ လိုးထုတ်လိုက်ချင်တယ်နော် ... မိပိုး"

"ပိုးမဏိသျှန် ... ပိုးမဏိ နားလည်အောင် ပြောရမယ်ဆိုရင် ဦးက ဘယ်တော့မှ အိမ်ထောင်ပြုမှာ မဟုတ်ဘူး။ အိမ်ထောင်ပြုလိုက်ရင် ကနားစီးအလုပ်ကို စွန့်လွှတ်ရမှာ။ ကိုယ့်ရဲ့ခန္ဓာကိုယ် သန့်စင်နေမှ နတ်တွေလည်း ကိုယ့်ကို ချစ်ခင်မှာ။ ဝင်စီးချင်မှာ။ အိမ်ထောင်ပြုရင် ဒီအလုပ်ကို စွန့်လွှတ်ရမှာ။ ဦး မစွန့်လွှတ်ချင်ဘူး။ ဒီအလုပ်နဲ့ လူတွေရဲ့အခက်အခဲတွေကို ဝိုင်းဝန်းဖြေရှင်းပေးလို့ရတယ်။ ဦးက ကနားစီးပဲ ဖြစ်ချင်တယ်၊ အိမ်ထောင်သည် မဖြစ်ချင်ဘူး။ နားလည်လား"





"ဦးစည် ပိုးကိုချစ်လား"

"မိန်းမဆို ဘယ်မိန်းမမှ မချစ်ဘူး"

"သေချာလား"

"သိပ်သေချာတာပေါ့"

"အိုခေ ... ဦးစည်။ နောက်တစ်ခေါက်မှ အေးအေးဆေးဆေး ထပ်ဆွေးနွေးကြတာပေါ့။ ပြန်မယ် အန်တီဝါ"

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



ကြောက်စရာကောင်းလိုက်တဲ့ ပိုးမထိသျှန်။

ဦးတိုးလည်း တော်တော်စိတ်တိုနေသည်။ အငယ်လေးတို့လည်း ဒေါသတွေ ထွက်နေသည်။

"ဟဲ့ ... ရုပ်ကလေး လှသလောက် အရှက်မရှိချက်နော်"

"အဲဒါကြောင့် ပြောတာ အစစ်မတွေ အရှက်မရှိရင် တို့တွေထက် သာတယ်ဆို"

"အံ့သြပါ့။ သူ့ကိုယ်သူ soul ရောက်နေတယ်များ ထင်နေလားမသိဘူး"

"အငယ်လေးရယ် ... နင့်လောက်တောင် အဆင့်မရှိပါဘူးဟယ်။ ငါတို့ အငယ်လေးတောင် အဲလောက်မဝုန်းရဲဘူး။ တစ်လုံးချိုင့်မ။ သူကများ အဖေကြီးကို။ သူ့ရုပ်ကလေးအားကိုးနေတာယ်ထင်ပါ့ ရွဲစရာ"





"အေးလေ ... အန်ချင်စရာ"

အခြောက်တွေ အတင်းဝိုင်းတုပ်နေကြသည်။ ဦးတိုး သက်ပြင်းချလိုက်သည်။

"ဟော့ ... တို့အဖေကြီးက အပုန်းကြီးလား"

"ညည်းတို့ကလည်းအေ ဘယ်သိမလဲလို့"

"အဖေကြီး ပြောတာတော့ ကတော်လုပ်ချင်ရင် သန့်အောင်နေရတယ်တဲ့။ ငါတို့တော့ သန့်ပါဘူး။ ကြုံရာကစ်လိုက်တာပဲ။ အစင်လေးများ တွေ့လိုကတော့တော် စိတ်ထဲမှာ မရိုးမရွနဲ့ နှလုံးသားတွေ ဆိုးဆိုးဆတ်ဆတ်ကို တုန်လာတာ ... ဟိ ဟိ ခွိ"

"ပြောရင်း သွားရည်ကျနေပြန်ပြီ"

"ထားပါအေ၊ အဖေကြီး အကြောင်းကနေ လိုင်းချော်ကုန်ကြပြီ။ ဟဲ့ ... တို့ပါးပါးကြီးက ပုန်းနေလား ပွင့်နေလား သိချင်စမ်းဘိ။ ပုံစံကလေ တစ်စက်မှကို မနွဲ့တာ ကျားကျားလျားလျားကြီးနော်။ ဒါပေမဲ့ ဆန့်ကျင်ဘက် မ,ဆိုတဲ့ သတ္တဝါကိုလည်း လုံးဝကို စိတ်မဝင်စားတာ။ မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



စိတ်မဝင်စားလို့ ယောက်ျားစိတ်ဝင်စားသလား ဆိုတော့လည်း အရိပ်အယောင်တောင် မပြ"

"သူပြောသလို သူတော်စင်ပဲလား"

"ဘုရား တရားတော့ တကယ်လုပ်တာဟ"

"မထင်တတ်တော့ပါဘူးအေ"

"ဟဲ့ ... ဟိုပိုးကောင်မတော့ လက်မလျှော့ဘူးနော်၊ ဘာခွင်တွေ ဆင်ဦးမလဲ မသိဘူး"

"အဖေကြီးရဲ့အစွမ်းကို စောင့်ကြည့်တာပေါ့အေ"

"စွတ်ပြောမနေနဲ့။ ဟိုမှာ ဦးတိုးကြီး နားစွင့်နေတယ်"

"ဟုတ်တယ်နော်။ ဦးတိုးက တကယ့်သစ္စာရှိလူယုံကြီးပဲ"

"အေး ... ဘယ်သူတွေ ဘယ်လိုပြောပြော ဦးတိုးက ခေတ်အဆက်ဆက် သစ္စာရှိ လူယုံကြီးတဲ့။ ဦးတိုးကိုပဲ အဖေကြီးက အကုန်လွှဲထားတာတဲ့။ ဦးတိုးကလည်း အဖေကြီးကိုထိရင် မခံဘူးတဲ့"

"ဦးတိုးကြီးကတော့ အဖေကြီးအကြောင်း ပိုသိမှာပေါ့နော်"





"ဟော့ ... တော့ပစ်မပြောင်းနဲ့။ လတ်တလော အရေးကြီးတာက ဦးတိုး မဟုတ်ဘူး။ ဟိုအမျိုးသမီး ဘာတွေဆက်ဖြစ်ကြမလဲ မသိဘူး"

"အေးလေ။ အခန်းဆက်ဇာတ်လမ်းတွဲ စောင့်ကြည့်နေရသလိုပဲ။ ဆန့်ငင် ဆန့်ငင်နဲ့"

"ဟဲ့ ... အစစ်မကလည်း ဂုန်းတယ်နော်"

"ဟုတ်ပါ့တော်၊ ကြောက်စရာ"

ပိုးမဏိသျှန်က သတင်းခေါင်းစဉ် ဖြစ်နေသည်။ ဘာများဆက်ဖြစ်မလဲနဲ့ စိတ်ဝင်တစား ဖြစ်နေကြသည်။

ပိုးမဏိသျှန်ဘက်က ငြိမ်နေသည်။ ဘာမှမထူးခြားသေး။ ဒေါ်ဝါဝါကလည်း နှလုံးရောဂါထပြီး ဆေးကုဖို့ ဗန်ကောက်ထွက်သွားသတဲ့။

မုန်တိုင်းတိုက်ကာနီး အရှိန်ခဏသပ်ကာ အားယူနေသော အခြေအနေ ဖြစ်နေသည်။

အချိန်တစ်ပတ်ခန့်သာ ကြာသွားသည်။ အားလုံးအေးဆေးငြိမ်သက်နေဆဲ။



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေတွေ မကောင်းသဖြင့် ပွဲတွေကလည်း ကျဲနေသည်။

ထို့ကြောင့် ဦးအိမ်စည်လည်း အပြင်သိပ်မထွက်ဖြစ်။

လောကကြီးက ခဏတော့ သာယာနေသေး၏။

❋ ❖ ❋





ဦးအိမ်စည် အပြင်ထွက်တဲ့တစ်ရက် ဦးအိမ်စည်ကားကို ကားသုံးစီးလောက်က ရည်ရွယ်ချက်ရှိရှိ အတင်းကိုလိုက်တိုက်သည်။

မောင်းတာက အငယ်လေး။ အငယ်လေးလည်း လန့်ဖျပ်ပြီး အတင်းမောင်းပြေး။ ဒါပေမဲ့ မလွတ်ပါ။ သူတို့က ညှပ်ပူးညှပ်ပိတ်ကို တိုက်တာ။ အငယ်လေးလည်း ကြောက်လန့်ပြီး လီဗာကိုဖိနင်းလိုက်မိတော့ ...

"ဝုန်း ... ဂျိန်း"

"ဟာ ... ကားမှောက်ပြီ"

"မှောက်တာ မဟုတ်ဘူးဟေ့။ တိုက်တာဟ"

ကားက ပက်လက်လန်ကာ မီးတွေပါ ထလောင်ကုန်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



နောက်က လိုက်တိုက်တဲ့ ကားတွေလည်း ထွက်ပြေးကုန်ပြီ။ သူတို့ကားကတော့ လမ်းလယ်ဘလောက်တုံးတွေကို အရှိန်နဲ့ဝင်တိုက်မိကာ တစ်ဖက်လမ်းကြောကို ထပ်ကျော်ပြီး လမ်းတစ်ဖက်ခြမ်းမှာ ပက်လက်လန်ပြီး မီးထတောက်။

"ဟာ ... ကားထဲမှာ လူတွေရှိလား မသိဘူး၊ ဆွဲထုတ်ကြပါဦးဟ"

အနားကလူတွေက အတင်းတံခါးဆွဲဖွင့်ကာ ဦးအိမ်စည်နဲ့ အငယ်လေးကို ကယ်ထုတ်ပေးကြသည်။ ကံတော်တော်ကောင်းပါသည်။ အပေါ်ယံ ထိခိုက်ပွန်းပဲ့တာကလွဲပြီး သိပ်ကြီးကြီးမားမား မထိခိုက်။ ကားကတော့ တစ်စီးလုံး ပျက်စီးသွားသည်။

ပတ်ဝန်းကျင်က လူတွေက သူတို့ကို ဆေးရုံပို့ပေးချင်သော်လည်း ယာဉ်ထိန်းရဲ ရစ်နေတာနဲ့ နာနာကျင်ကျင် အစစ်ဆေးခံနေရသည်။ တော်တော်နဲ့ ဆေးရုံမရောက်။

"အငယ်လေး သက်သာရဲ့လား"

"သမီး ဘာမှမဖြစ်ဘူး အဖေကြီး။ အဖေကြီးရော"





"ငါ ဘာမှမဖြစ်ဘူး ရတယ်။ နည်းနည်းပါးပါး နာတာကျင်တာလောက်ပဲ"

"အဖေကြီးရယ် ... သမီးလန့်လိုက်တာ၊ ဘယ်သူတွေလဲ မသိဘူးနော်"

"အင်း ... အခုတလော ငါ့မှာ ရန်သူတွေ များနေတယ်ထားပါ။ မကျေနပ်တဲ့ထဲက တစ်ယောက်ယောက်ပေါ့။ အား ... ကျွတ် ကျွတ်။ အသေကို လိုက်တိုက်တာ။ ကံကောင်းတယ်။ ကားပက်လက်လန်တာတောင် လူဘာမှမဖြစ်လို့၊ နတ်ကောင်းမ,တာပဲ။ အငယ်လေး မင်းကတော့ ငါနဲ့လိုက်ပြီး အချောင်ခံရတာ"

"ဒါပေမဲ့ သမီး ဘာမှမဖြစ်ပါဘူး အဖေကြီးရယ်။ အဆင်ပြေပါတယ်"

ဒီလိုနဲ့ ဆေးခန်းရောက်သွားသည်။ ကားလည်းဆုံး။ အားကိစ္စလည်း စခန်းမှာ တော်တော် ရှင်းလိုက်ရသေးသည်။ အမှုရင်ဆိုင်ရတာပဲ တော်တော်ကြာသည်။

"အဖေကြီး ကားလိုက်တိုက်တာကို ဘာလို့မပြောတာလဲ။ ပြောတော့လည်း ဘယ်သူတွေမှန်းမှ မသိတာ။ ပြီးနော်။



www.burmeseclassic.com

www.burmeseclassic.com



ကားနံပါတ်လည်း မပါ။ စတစ်ကာတွေ ကပ်ထားတော့ ဘယ်သူမှန်းတောင် မမြင်ရဘူး။ အကုန်လုံးက မျက်မှန် အနက်ကြီးတွေတပ်ပြီး ရုပ်ဖျက်ထားတာ။ ကိုယ်တိုင်ရင် လည်း ရဲကို ရေထယ်လောင်းရတာပဲ အဖတ်တင်မှာလေ။ အမှုပိုရှုပ်ထွေးသွားရုံပဲ ရှိတာ။ ထည့်တိုင်မနေတော့ဘူး။ ကြာနေမှာစိုးလို့"

အငယ်လေးတို့မှာ ငြိမ်သာနေလိုက်ရတာ မကျေ နပ်။

အရေးထဲ အစစ်မ ရောက်လာသေးတယ်။

"ဦးစည် ... ကားမှောက်တယ်ဆို စိတ်ပူလို့ သတင်းလာ မေးတာပါ"

ဦးတိုးက သူမကို ...

"ဘာလဲ ... ဦးအိမ်စည် သေ,မသေ လာကြည့်တာလား။ မင်းစနက်ဆိုတာ သိတယ်။ ပြီးတော့ မင်းက အဟုတ်ရဲ့ လူဆိုတာလည်း သိပြီးပြီ။ မင်းက အဟုတ်ရဲ့ တတိယ မြောက်မွေးတဲ့ သမီးဆိုတာလည်း သိပြီးပြီ။ ဒီမှာ ကလေးမ ရုပ်ကလေး ချောသားနဲ့ စိတ်ကောင်းမွေးပါ။ မင်းအဖေက





သုံ့ပြုတဲ့ကံကို ခံရတာ။ သူ မကောင်းတာ လုပ်ခဲ့လို့ အပြစ်ကြွေးကျေအောင် ပြန်ခံရတာပါ။ မင်းလည်း သူများ အပေါ် မကောင်းရင် ပြန်ခံရလိမ့်မယ်။ ခုပဲ မင်းနိုင်းတဲ့ ကားတွေ အမြန်လမ်းမှာ မှောက်နေပြီ။ မီးလောင်နေပြီ၊ ပြီးတော့ ဒေါ်ဝါဝါလည်း နှလုံးဖောက်ပြီး ဗန်ကောက်မှာ ဆုံးတယ်။ မှတ်ထား ကလေးမ။ ကိုယ်ပြုသည့်ကံပဲ"

"ဒီအဘိုးကြီး တော်တော်စကားများတာပဲ။ ပေါက်ကရတွေ လာပြောနေတယ်။ ဦးစည်ကို ခေါ်ပေးစမ်းပါ"

"မင်းလို တန်ဖိုးမဲ့မအတွက် ဦးအိမ်စည်ရဲ့တန်ဖိုးရှိတဲ့ နာရီတွေကို မကုန်ဆုံးစေရဘူး။ မင်း သွားလိုက်တော့ မိန်းကလေး။ တစ်ခု စွဲမြဲစွာမှတ်ထား မိန်းကလေး။ ကိုယ် ပြုသည့်ကံ ကိုယ့်ထံပြန်လာတယ်။ ဘေးလူက ကိုယ့်ကံ တရားကို ပြောင်းလဲဖန်တီးလို့ မရဘူး၊ ဘေးလူဘယ် လောက်တွန်းချပါစေ ကိုယ့်ကံတရားက လက်မခံဘူး။ ဟုတ်ပြီနော်"

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



ဦးအိမ်စည် ကနားကနေတုန်း ရဲတွေ လာဖမ်းကြသည်။

"ဘာအတွက် ဖမ်းတာလဲ"

"လူသတ်မှုနဲ့ ဖမ်းပါတယ်"

"ဟင်"

"ဟာ"

"ဟယ်"

"အို"

"ဘယ်လူသတ်မှုလဲ"

"ပဲခူးကနားပွဲမှာ နတ်ကတော်တစ်ယောက်ကို သတ်တဲ့အမှုပါ"





"ကျုပ်မသတ်ဘူး"

"စခန်းရောက်မှ ရှင်းပါ ဦးအိမ်စည်။ ခင်ဗျားပြောသလိုပေါ့။ တရားကို နတ်စောင့်တယ်လေ"

ဦးအိမ်စည် ရဲကားပေါ် ပါသွားတော့ လက်ခုပ်သံတဖြောက်ဖြောက် ကြားလိုက်ရသည်။

လက်ခုပ်တီးနေတာက မအောင်၊ မီးမီးနဲ့ပိုးမဏိသျှန်။

စခန်းရောက်တော့ အငယ်လေးက ဒုရဲအုပ်အငယ်လေး ဖြစ်နေသည်။

"ဟင် ... အငယ်လေး"

"ဝမ်းနည်းပါတယ် ဦးအိမ်စည်၊ တာဝန်အရ ဦးအိမ်စည့်နား ရောက်ခဲ့တာပါ။ ခင်ဗျားအမှု စုံစမ်းရတာ တော်တော်အန္တရာယ်ကြီးတယ်ဗျာ"

"ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ အခြောက်တစ်ယောက်ထက်စာရင် ခုပုံနဲ့က ပိုလိုက်ဖက်ပါတယ်။ တွေ့ရတာ ဝမ်းသာတယ်"

"ခုချိန်မှာ ခင်ဗျား ဝမ်းသာနိုင်သေးလား"

"ဝမ်းသာပါတယ်။ အခု ခင်ဗျားတို့ စွပ်စွဲတဲ့ လူသတ်မှုကို ကျုပ်မသတ်ခဲ့ဘူး။ တရားကို နတ်စောင့်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဦးအိမ်စည်ကို လူကောင်းတစ်ယောက်လို့ ယုံကြည်ပါတယ်။ ဒါပေမဲ့ လူကောင်းတစ်ယောက်မှာလည်း မတော်တဆ အမှားသေးသေးလေးတွေ ရှိနိုင်တာပဲလေ"

"အဟွန်း"

"ဦးအိမ်စည်မှာ ကြင်နာတတ်တဲ့ နှလုံးသားရှိလို့လည်း ရှသမျှကို မိဘမဲ့ကလေးတွေကို ထောက်ပံ့ပေးနေတာပေါ့"

"အင်းပေါ့။ အနီးကပ်ထောက်လှမ်းနေမှတော့ ဒီကိစ္စလည်း သိပြီးရောပေါ့။ တော်ပါတယ်"

"အမှုမှာ တိကျတဲ့ အထောက်အထားတော့ မရသေးပါဘူး။ ဒါပေမဲ့ စွဲချက်တင်ပြီး ဖမ်းတာက တိုင်တဲ့သူရှိလို့။ မျက်မြင်သက်သေတွေလည်းရှိလို့"

"အဟင်း ... အဲဒီမျက်မြင်သက်သေတွေက ဘာလို့များ နှစ်ပေါင်းများစွာကြာမှ လာပြီးစွဲချက်တင်ရပါလိမ့်နော်။ စဉ်းစားစရာပဲ"

"ဒါကတော့ ခင်ဗျားကို အတိုက်အခံလုပ်နေတဲ့အုပ်စုရဲ့ ကြိုးစားမှုကြောင့်ပေါ့ဗျာ"





"တော်ပါတယ်။ ဒါပေမဲ့ တရားခံကိုမိအောင်တော့ မဖမ်းနိုင်ဘူး။ ကျုပ် တရားခံမဟုတ်ဘူး"

"ဒါဆို ဘယ်သူလဲ"

"မသိဘူး။ ကျုပ်မဟုတ်တာတော့ သေချာတယ်။ ဟား ဟား ဟား ... တော်လိုက်တဲ့ရဲတွေ"

"လက်ရှိ ခင်ဗျားက သံသယစက်ကွင်းထဲမှာ ရှိနေတယ်ဆိုတာ မမေ့ပါနဲ့ ဦးအိမ်စည်"

"ဒီမှာ ... ကျုပ်က ဘယ်သူ့ကိုမှ မဟုတ်တာ မလုပ်ခဲ့ဘူး။ အခု ကျုပ်ကို လက်ထိတ်ခတ်ခံရတာ အရင်ဘဝ ဝဋ်ကြွေးကြောင့်လို့ မှတ်တယ်"

"ယုံချင်ပါတယ်ဗျာ။ ဒါပေမဲ့ အခု ခင်ဗျားကို တရားခံဖြစ်ကြောင်း သက်သေတွေကလည်း ပြနေတယ်"

"လုပ်လိုက်ပေါ့ဗျာ"

"ဦးအိမ်စည် ... ဒါကတော့ ကိုယ်ရေးကိုယ်တာမေးခွန်းပါ။ ခင်ဗျား အဟုတ်တုန်းက စားတော်တိုက်ပြီး ဖမ်းပေးခဲ့



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အခုရော ခင်ဗျား တကယ်အစွမ်းအစရှိရင် တရားခံအစစ်ကို ဖော်ထုတ်ပေးပါလား။ ဒါဆို မဆိုင်တဲ့ခင်ဗျားလည်း ဒုက္ခမရောက်တော့ဘူးပေါ့။ ခင်ဗျား တရားခံအစစ်မဖော်ထုတ်ပေးနိုင်ဘူးဆိုရင် တရားခံက ခင်ဗျားလို့ပဲ မှတ်ရမှာပေါ့၊ ဘယ်လိုလဲ"

"ခြိမ်းခြောက်လှချည်လား ဒုရဲအုပ်ကြီးရဲ့။ ခင်ဗျားတို့က လူသတ်တရားခံဖမ်းချင်လို့ တမင် ကျုပ်ကို အကွက်ချပြီး လူသတ်တရားခံ ဖော်ထုတ်ချင်တာဆို ဘယ်လိုလုပ်မလဲ။ ဟား ဟား ဟား။ ဒီလောက် နှစ်ပေါင်းများစွာကြာနေမှ အတိအကျ မဖမ်းနိုင်သေးဘူးလား။ ခုထိလူသတ်တရားခံ သံသယအဆင့်ပဲလား"

"ဦးအိမ်စည်ကို လေးစားတဲ့အနေနဲ့ ကျွန်တော်အေးအေးဆေးစစ်မေးတာပါ။ ဦးအိမ်စည် တရားခံမဟုတ်ဘူးဆိုရင်လည်း ကျွန်တော်တို့ကို ကူညီတဲ့အနေနဲ့ မေးခွန်းတွေကို ကောင်းကောင်း ဖြေပေးပါလား"





"ဖြေပါတယ်ဗျာ။ ကဲ ... မေးချင်တာသာမေး"

"အဲဒီအမှုတုန်းက သေဆုံးသူ အထိုးခံရတဲ့ဓားရဲ့လက်ဗွေရာကို စစ်ကြည့်တော့ လက်ဗွေရာက သေဆုံးသူရဲ့လက်ဗွေရာပဲ။ ဖြစ်နိုင်တာကတော့ သူ့ဓားနဲ့သူ ပြန်စိုက်မိတဲ့သဘော။ ဒါပေမဲ့ ဘေးပတ်ဝန်းကျင်မှာ ရုန်းရင်းဆန်ခတ်ဖြစ်ထားတဲ့ လက္ခဏာတွေအရသာ ကျွန်တော်တို့က လူသတ်မှုလို့ သံသယဖြစ်တာ ...

အခင်းဖြစ်တဲ့ဓားကလည်း သေဆုံးသူရဲ့ဆောင်ဓားပဲ။ တစ်ခုပဲရှိတာ။ သေဆုံးသူ အခြောက်မကာ အသန့်ကြိုက်တယ်။ သူကလို့ရှိရင် သူ့ပဝါတွေပဲ သုံးတယ်။ သူများပဝါကို မသုံးဘူး။ အဲဒီမှာ သူ အဲဒီနေ့က သူ့လက်ထဲကိုင်ထားတာ သူ့ပဝါမဟုတ်ဘဲ ဦးအိမ်စည်ရဲ့ပဝါ ဖြစ်နေတယ် ...

ပြီးတော့ ဦးအိမ်စည်နဲ့သူ စကားများပြီး သူက ဦးအိမ်စည်ကို ဓားနဲ့ထိုးတယ်။ ဦးအိမ်စည်က ပြန်ခုခံလို့ သူ့ဓားနဲ့သူ ထိုးမိတယ်။ သူက ဦးအိမ်စည်ရဲ့ပဝါကိုလှမ်းဆွဲထားလိုက်တာ ဦးအိမ်စည် မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



“ဓာတ်လမ်းက တိကျလိုက်တာဗျာ”

“တိကျဆို မျက်မြင်သက်သေ ရှိလို့ပါ”

“အဟင်း … ကျုပ်ကို ချောက်နက်နက်ထဲ ချချင်တဲ့သူ ထင်ပါ့ဗျာ။ သေချာတာ ကျုပ်မလုပ်ဘူး”

“ဒါပေမဲ့ သေသူလက်ထဲကပဝါက ဦးအိမ်စည်ပဝါပဲလေ”

“ကျုပ်တောင် မမှတ်မိဘူး။ ဘာပဝါလဲ”

“ချွေးသုတ်တဲ့ ပဝါပန်းရောင်လေး”

ဦးအိမ်စည် စဉ်းစားနေသည်။ မျက်မှောင်လည်း ကြုတ်လို့။ ပြီးတော့ ခေါင်းယမ်းသည်။

❋ ❖ ❋





ဦးတိုး အချုပ်ခန်းကို လိုက်လာသည်။

“လူလေးရာ ဘယ်လိုဖြစ်တာလဲ”

“ကျွန်တော်လည်း မသိပါဘူး ဦးတိုးရာ”

“လူလေး ဂါထာရွတ်ပြီး မမေးဘူးလား”

“မမေးတော့ပါဘူး။ ဒီကိစ္စက ကျွန်တော့်ကိုပဲ တိုက်ခိုက်တဲ့ကိစ္စ ဖြစ်နေလို့။ ကျွန်တော့်ကို ဒုက္ခပေးချင်လို့ ဒီလူသတ်မှုကို ပြန်ဖော်တာ။ ပြီးတော့ လူသတ်တရားခံကို မိချင်တာထက် ကျွန်တော့်ကိုပဲ ဒုက္ခပေးချင်တာ။ ကျွန်တော် ဖော်လိုက်ရင် တကယ်သတ်တဲ့လူ ဒုက္ခရောက်မှာပေါ့။ သူ့ဘာသာ လွတ်မြောက်နေပါစေ။ ထားလိုက်။ ကျွန်တော်မှ မသတ်တာ။ ကျွန်တော်လည်း မခံရပါဘူး။ အခုက သံသယနဲ့ဖမ်းတဲ့ အဆင့်ပါ”

www.burmeseclassic.com



"ဖြစ်ရလေ လူလေးရာ"

"စိတ်မကောင်း မဖြစ်ပါနဲ့ ဦးတိုးရာ။ အခုက သံသယပဲ။ ကျွန်တော် မသတ်ရင် လွတ်မှာပါ။ ကျွန်တော်မှ တကယ် မသတ်တာ။ သူတို့ ကျွန်တော့်ကို ထောင်ချလို့ မရပါဘူး"

"သက်သေတွေက လိမ်ညာပြီး ထွက်ဆိုတယ်ဆို"

"အင်း ... ဒါလည်း ဘေးပယောဂကြောင့်ပါ။ အဟုတ်တို့ လူစုနဲ့ မကင်းတာပဲ နေမှာပေါ့"

"နှစ်တွေပဲ ကြာနေပြီ။ တရားခံက ပေါ်ပါ့မလား လူလေး"

"ဒါကတော့ ဦးတိုးရယ်၊ အမှုဆိုတာ ဆွေးတယ်မရှိသလို အမှန်တရားဆိုတာလည်း ရှိတယ်၊ ဒါပေမဲ့ တရားခံကိုမိတာ မမိတာ ကျွန်တော်နဲ့ မဆိုင်ပါဘူး။ ကျွန်တော်မသတ်ရင် ကျွန်တော်လွတ်မှာ။ ပြီးတော့ အဲဒီတုန်းက ကျွန်တော် တစ်ညလုံး ကနားကနေတာ။ အဝတ်လဲခန်းထဲလည်းမဝင်ဘူး။ အဲဒါကို ကနားစီးလည်း သိတာပဲ"

"အဲဒီကနားစီးလည်း သေသွားပြီကြားတယ်"





"ဟုတ်လား။ ဒါပေမဲ့ ဦးတိုး စိတ်မပူပါနဲ့။ ဘယ်သူသတ်လဲဆိုတာ တစ်နေ့ အဖြေပေါ်မှာပါ။ တရားကို နတ်စောင့်တယ်။ သေချာတာက ကျွန်တော် တစ်ညလုံး နတ်ကနေတာ။ ဘာမှမသိဘူး။ ဪ ... ဦးတိုး။ ကျွန်တော့်မီးခံသေတ္တာထဲက ပိုက်ဆံဆယ်သိန်းထုတ်ပြီး မိဘမဲ့ဂေဟာလေးကို သွားပို့ပေးပါဦး"

"လူလေး ဂေဟာလှူထားတာလည်း အကုန်သိကုန်ပြီ။ လူလေးဟာ သိပ်ကို စိတ်ထားမြင့်မြတ်တာပဲကွယ်"

"ကျွန်တော်က ဒီဘဝကလာတာလေ ဦးတိုးရယ်။ အတိတ်ဘဝက ကုသိုလ်ကံမကောင်းလို့ ကျွန်တော် အမိမဲ့သားဖြစ်ခဲ့ရတယ်။ ဒီဘဝမှာ ထပ်ပြီးမကောင်းမှု မပြုရဲပါဘူးဗျာ။ ပြုလည်း မပြုခဲ့ပါဘူး။ အဲဒါ ဘုရားသိပါတယ်"

"ဟုတ်ပါတယ်။ လူလေးဟာ ဘဝတစ်လျှောက်လုံး ဖြူစင်ခဲ့ပါတယ်ကွာ။ အဲဒါ ဦးတိုး အသိဆုံးပါ၊ ဦးတိုး အသိဆုံး။ လူလေးလိုလူမျိုးက လူသတ်တယ်ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဦးတိုး ပြန်ပါ။ အိမ်မှာ အားလုံး သေချာစီမံခန့်ခွဲထားပါဦး။ ကလေးတွေကိုလည်း လောလောဆယ် သူတို့ဆန္ဒရှိသလို လုပ်ပေးလိုက်ပါ။ ပြန်ချင်တဲ့သူ ပြန်ပါစေ။ နေချင်တဲ့သူ ဆက်ခေါ်ထား။ ပြီးတော့ ပွဲစာရင်းစာအုပ်ရှိတယ်။ ပွဲငွေအကုန်လုန်ပစ်ပါ"

"အေးပါ လူလေးရယ်"

"ဘုရားခန်း သန့်ရှင်းရေးတော့ ပုံမှန်လေးလုပ်ပေးပါနော်"

"စိတ်ချပါ လူလေး"

"ဒါဆို ဦးတိုး သွားတော့လေ"

"လူလေး ဒုက္ခခံနေရတော့မယ်ကွာ"

"ရပါတယ် ဦးတိုး၊ ကျွန်တော် ဘာမှမဖြစ်နိုင်ပါဘူး"

ဦးတိုး မျက်ရည်ဝဲကြီးနဲ့ ပြန်သွားသည်။ ဦးအိမ်စည်ကတော့ ဘုရားဂုဏ်တော်တွေ အာရုံပြုရင်း ...။

❋ ❖ ❋





"ဦးအိမ်စည် ညှော်တွေ့"

ခုပဲ ဦးတိုး ပြန်သွားတာ။ ဘယ်သူ ထပ်လာပြန်ပါလိမ့်။

ပိုးမဏိသျှန်ပါလား။

"ဦးစည်"

အသံသာသလောက် ဥချင့်တဲ့မိန်းမ။ သူအဖမ်းခံရတုန်းက လက်ခုပ်လက်ဝါးတီးပြီး ဟားတိုက်နေခဲ့တဲ့မိန်းမ။

"မင်း ဘာလာလုပ်တာလဲ"

"သံတိုင်ကြားထဲက ဦးစည်ရဲ့မျက်နှာလေးကို မြင်ဖူးချင်လို့ပေါ့"

"ဒါလည်း မင်းစနက်ပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"တစ်စိတ်တစ်ပိုင်းတော့ ပါတယ်ထင်တယ်"

"မင်း အဟုတ်တို့နဲ့ပတ်သက်လား"

"အဟုတ် ...။ အဟင်း ဟင်း ... ဦးစည်ကြောင့် သံတိုင်နောက်ရောက်နေတဲ့ ဦးအဟုတ်ကို ပြောတာလား"

"ဟုတ်သလား။ မင်းကို သူတို့ခိုင်းတာလား"

"မခိုင်းပါဘူး။ ကျွန်မဘာသာလုပ်တာ။ ကျွန်မက ဦးစည်ကို သဘောကျလို့"

"တော်စမ်းပါကွာ။ မင်းရည်ရွယ်ချက်က ဘာလဲ။ ပြတ်ပြတ်သားသား ပြောစမ်းပါ။ မင်းက သွေးကြောင်တဲ့ ခပ်နနမိန်းကလေး မဟုတ်ပါဘူး၊ မင်း ဘာဖြစ်ချင်တာလဲ ပြော"

"ဘာမှ မဖြစ်ချင်ပါဘူး။ လူသတ်တရားခံ ဖြစ်နေတဲ့ လူတစ်ယောက်ကို ဗိုးက ဘာထပ်လုပ်လို့ ရဦးမှာလဲ။ အဟင်း ... ဒီတစ်ခါရော ဘယ်လိုလဲ။ ကိုယ့်ကိုယ်ကိုယ် သံတိုင်ကြားက လွတ်မြောက်အောင် လုပ်နိုင်ပါ့မလား"





"တရားကို နတ်စောင့်တယ်။ ငါ တရားခံမဟုတ်ဘူး။ ငါ မသတ်တဲ့အတွက် ငါ အချုပ်ကျရုံပဲ။ ထောင်တော့မကျဘူး"

"သေချာလို့လား"

"နေပါဦး၊ မင်း ငါမေးတာ မဖြေရသေးဘူး။ မင်း အဟုတ်နဲ့ ဘယ်လိုပတ်သက်လဲ"

"ကျွန်မက ဦးအဟုတ်ရဲ့တတိယမြောက်ဇနီးပဲ"

"ဘာ"

"ဟင်း ဟင်း ... မထင်ဘူးမို့လား။ ကျွန်မယောက်ျား ထောင်ကျသလို ရှင့်ကို အခုလိုမြင်ရတာ အရသာရှိလိုက်တာ"

"ရှိပါ။ ဒါပေမဲ့ ငါက ခဏပဲ အချုပ်ခံရမှာ။ မင်း အိမ်ထောင်သည်ဖြစ်ပြီး Miss ပြိုင်ပွဲတွေ ဝင်ပြိုင်လို့ရတယ်နော်။ အံ့သြစရာပဲ"

"ဒါကတော့ရှင် Money ပဲပေါ့။ ပြီးတော့ ကျွန်မက ရှပ်ရှိတယ်။ အဟုတ်ကလည်း ကျွန်မကို အချစ်ဆုံး။ ဒေါ်ယ

www.burmeseclassic.com



မြောက်ပေမယ့် ကျွန်မက မိဖုရားခေါင်လို နေရတာ။ အခု အဟုတ် ထောင်ထဲမှာဆိုတော့ ကျွန်မလည်း ဒုက္ခ ရောက်တယ်၊ လုပ်ငန်းတွေလည်း အားလုံး ကမောက်ကမ။ အဟုတ် မရှိတုန်း သူ့မယားကြီးက လုပ်ငန်းတွေကို လွှဲ ယူပစ်တော့ ကျွန်မတို့ နစ်နာတာပေါ့။ အဲဒါကြောင့် ရှင် ကြီးကို လက်စားချေတာပဲ။ အခုတော့ အဟုတ်လိုပဲ ရှင် လည်း ထောင်နန်းစံလိုက်ဦးပေါ့”

“အဲဟင်း … ဒါဆို ငါသတ်ပါတယ်ဆိုတဲ့ မျက်မြင်သက် သေကရော မင်းရဲ့လုပ်ကြံမှုပဲပေါ့”

“ရဲတွေက ဒီအမှုကို အစပျောက်နေတာ။ ဒါပေမဲ့ အစ လေးတစ်စကို သိမ်းထားတဲ့သူ ရှိတယ်။ အဲဒီအစလေးကို ခြေရာခံပြီး ရှင်လို့ ကောက်ချက်ချနိုင်တာပေါ့။ အဟင်း… ရာဇဝတ်ဘေး ပြေးမလွတ်ဘူးလို့ ကြုံးဝါးခဲ့တဲ့ လူကြီးရေ ခံလိုက်ပါဦး။ တာ့တာ … ကျွန်မ နယ်စပ်ကို ပြန်တော့ မယ်။ ယူစရာရှိတာ ယူပြီးရင် အချစ်သစ်နဲ့ ဟာဝိုင်အီ ဒိုးမယ်။ အဟင်း”





ပြောပြီးတာနဲ့ လှည့်ထွက်သွားသော ကျော့ပြင်ကို ကြည့်ကာ ဦးအိမ်စည် တော်တော်လန့်သွားသည်။ အမျိုးယောင် ဆောင်သော မာယာရှင်။ တော်တော်ကြောက်ဖို့ ကောင်းပါသည်။

✱ ❖ ✱



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတုန်းက သေဆုံးသူရဲ့လက်ထဲမှာ ဒီပဝါလေးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားတယ်။ ဒါ ဦးအိမ်စည်ပဝါ ဆိုတာ ဟုတ်ပါသလား"

"ကျွန်တော့်မှာ ဒီလိုပဝါမျိုးတွေ ရှိခဲ့ဖူးပါတယ်။ ဒါပေမဲ့ ဒါ ကျွန်တော့်ပဝါ ဟုတ်,မဟုတ်တော့ ကျွန်တော်မသိတော့ဘူး"

"မျက်မြင်သက်သေတွေက ဦးအိမ်စည် သတ်တယ်တဲ့"

"ဒါကတော့ ပါးစပ်နဲ့ပြောတာ။ ဘယ်လိုပဲဖြစ်ဖြစ် ပြောလို့ရပါတယ်။ လက်တွေ့ လက်ဆုပ်လက်ကိုင် သက်သေမှ မရှိတာ"





ဦးအိမ်စည်ကိုစစ်ပြီး သက်သေတွေကို ထပ်စစ်သည်။ သက်သေတွေက သူသတ်တယ်ပဲ ပြောနေကြသည်။ ထိရောက်တဲ့ သက်ရောက်မှုမျိုးတော့ မပြောနိုင်။

"အဲဒီသေဆုံးသူဟာ ဦးအိမ်စည်နဲ့ မတည့်ဘူးဆို"

"ဟုတ်တယ်၊ ဒါပေမဲ့ လူတစ်ယောက်ကို သတ်ပစ်ရလောက်အောင်အထိတော့ မမုန်း"

တရားခွင်မှာ စစ်နေတုန်း သက်သေလိုက်တဲ့မိန်းမနှစ်ယောက် တစ်ယောက်က ဗိုက်အောင့်တာ ကြမ်းပြင်ပေါ်လူးလိမ့်နေသည်။ နောက်တစ်ယောက်ကလည်း ချွေးစေးတွေကျကာ မူးတယ် မူးတယ်နဲ့ ချာချာလည်နေပါတယ်။

အားလုံး ရုတ်ရုတ်သဲသဲ ဖြစ်ကုန်တာနဲ့ တရားခွင်ကို ရုပ်ပစ်ရသည်။

ထိုနေ့ကစပြီး သက်သေတွေဖျားတာ နောက်ဆုံးအပြင်းဖျားပြီး ဆုံးတော့သည်။ သူလည်း အချုပ်က ပြန်လွတ်သွားသည်။

ဦးတိုးက သူ့ကိုလာကြိုရင်း ဝမ်းသာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"လူလေးရယ် ... လွတ်လာတာ တော်သေးတယ်"

"တရားသေလွတ်တာ မဟုတ်သေးဘူး ဦးတိုးရဲ့၊ အာမခံနဲ့ လွှတ်ပေးတာ"

"ဘယ်လိုပဲလွတ်လွတ်ကွာ။ အပြင်မှာ ရင်ဆိုင်ရတာ တော်သေးတာပေါ့။ အငယ်လေးဆိုတဲ့ကောင် အချုပ်သပ်ပြီး အနီးကပ် ဒုက္ခပေးတာ"

"ဩော် ... ဒါကတော့ ကိုယ့်မှာ အားနည်းချက်ရှိလို့ ဒုက္ခပေးတာပါ။ ကိုယ့်မှာ ဒုက္ခပေးလို့ရတဲ့ အားနည်းချက်ရှိမနေရင် ဘာမှမဖြစ်ဘူး။ ထားလိုက်ပါတော့"

တကယ်တော့ ဦးအိမ်စည် လူသတ်တရားခံကို ဟိုတုန်းတည်းက သိခဲ့တာပါ။ မပြောဘဲ ရင်ငုံနှုတ်ပိတ် နေခဲ့တာ။ အပြစ်ရှိတဲ့သူကို ကာကွယ်ပေးသလို ဖြစ်နေခဲ့တယ်။ ဒါပေမဲ့ သူ့နှုတ်က ဖွင့်မပြောဖြစ်ခဲ့တာ။ သူ မျိုသိပ်ထားခဲ့တာ။ အဲဒီလို လုပ်မိတာ ကောင်းတဲ့လုပ်ရပ်လား။ ဆိုးတဲ့လုပ်ရပ်လားဆိုတာ သူ မသိ။ သူသိတာကိုတော့ ဘယ်နည်းနဲ့မှ မပြောချင်ခဲ့တာပါ။





သူ့ကို ချွေးသုတ်ပေးတာ ဦးတိုးလေ။ ထိုပုဝါလေးကို သူ့ပဝါမှန်းလည်း သိကြသည်။ ပြီးတော့ သူကလည်း နတ်ဖာနေတာ တစ်ညလုံး အထဲမဝင်။ သူ့အပါးတော်မြဲ ဦးတိုးကလည်း ထိုနေ့က ကုက္ကိုစုရွာက ဆရာတော် ပျံလွန်တော်မူလို့ သွားနေတာကို အလီဘိုင် ပြနိုင်ခဲ့သဖြင့် သူတို့နှစ်ယောက်လုံး သံသယစက်ကွင်းက လွတ်ခဲ့တာ။ အခုလည်း အဟုတ်တို့က တမင်သက်သေအတုတွေနဲ့ ဒုက္ခပေးတာပါ။

အခုတော့ လိမ်ညာထွက်ဆိုသော သက်သေတွေလည်း သေကုန်ပြီ။ ပြီးတော့ တကယ့်တရားခံကလည်း ဘယ်ရောက်လို့ ရောက်နေမှန်းမသိ။

အမှုကိုလည်း ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းထားလိုက်သည်။

ပြဿနာများ မွေချင်ရင် စီးရီးစ်အလိုက် အခန်းဆက်နဲ့ကိုလာတာ။ တကယ်တော့ လူ့လောကကြီးဟာ အငိုအပြုံး ဝမ်းသာဝမ်းနည်း ဒုက္ခသုခစတဲ့ ဆင်းရဲချမ်းသာနှစ်ခုတည်းနဲ့ ဖွဲ့စည်းထားတာပါ။ ဒုက္ခများတဲ့ဘဝနဲ့ သုခများတဲ့ဘဝရယ်လို့ပဲ



www.burmeseclassic.com

www.burmeseclassic.com



ရှိတာ။ ဒါပေမဲ့ အဲဒီဒုက္ခနဲ့သုခတွေကို သေတဲ့အခါ ထားခဲ့ရမှာ။ ချန်ထားရစ်ခဲ့ရမှာ။ ဒါပေမဲ့ အဲဒီ ဒုက္ခသုခတွေသာ ကျန်နေခဲ့တာ။ ကိုယ်ပြုခဲ့တဲ့ ကောင်းမှု မကောင်းမှုတွေက ကိုယ်နဲ့မကွာ ထက်ကြပ်လိုက်ပါနေမှာ။ ဘဝအဆက်ဆက် သံသရာအထပ်ထပ် ကျင်လည်နေရမှာ။ အဲဒါကြောင့် ကောင်းကောင်းနေထိုင်ပြုမူဖို့ အရေးကြီးတာ။ အတိုးအရမ်းကြီးတော့ ပိုသတိထားရသည်။ ကိုယ် ကောင်းမှုလုပ်ရင်လည်း ကောင်းတဲ့အကျိုး ဆတိုးများစွာနဲ့ ခံစားရမှာ။

မကောင်းမှုပြုမိရင်လည်း မကောင်းတဲ့အကျိုးကို ဆတိုးများစွာနဲ့ ခံစားရမှာ။

ဦးအိမ်စည်ကတော့ တရားသဘောတွေ မှတ်ပြီးရင်း မှတ်၊ ဆင်ခြင်ပြီးရင်း ဆင်ခြင်နေမိသည်။

တရားသဘော ဆင်ခြင်တတ်သူမို့ တရားခံဘယ်သူပါလို့ လက်ညှိုးမထိုးဝံ့တာပါ။

ကနားပွဲတွေလည်း လာမထပ်တော့။ အလုပ်မရှိတော့ တပည့်တွေလည်း မနေနိုင်ကြတော့ဘဲ ပြန်လစ်ကုန်ပြီ။





ဦးတိုးနဲ့ သူရယ် အလုပ်သမားအချို့ရယ်ပဲ ရှိတော့သည်။ သူ နေ့စဉ် တရားထိုင်ပြီးတာနဲ့ ဂေဟာမှာ ကလေးတွေသွားထိန်းပေးနေ၏။ သူက သာသနာ့ဘောင်ဝင်ချင်တာ။ ဒါပေမဲ့ အမှုတစ်ဖက်နဲ့မို့ ဝင်မရ။ စိတ်နောက် ကိုယ်မလိုက်နိုင်တဲ့ဘဝ။

သို့သော် သူတော်ကောင်းကို နတ်ကောင်းမ,ပါသည်။

အမှုက တရားခံက သူ့အလိုလိုလာပြီး အဖမ်းခံသွားသည်။ သူတို့နဲ့အတူ ပွဲကတဲ့တစ်ယောက်ပဲ။ အခြောက်အချင်းချင်း သူငယ်လုရင်း အချင်းများရာကနေ သေသူက သူ့ဆောင်မားနဲ့ ခုတ်လိုက်တာ။ ဒါကို တစ်ဖက်က ရှောင်ရင်းတွန်းထုတ်လိုက်တော့ လည်ပြီး သူ့ဓားနဲ့သူ ပြန်စိုက်မိတာ။

ထိုညက တရားခံက ဦးတိုး မရှိလို့ အိမ်စည်ကို ချွေးသုတ်ပေးနေတာ။ သူ့လက်ထဲက အိမ်စည့်ပဝါ သေသူက ဆွဲလိုက်တာကို သူ အမှတ်တမဲ့။

ထိုပဝါကြောင့် အဲဒီညကတည်းက အိမ်စည် တရားခံကို ရိပ်မိခဲ့တာ။ အိမ်စည့်လိုပဲ ကနားစီးရော တချို့တလေပါ ရိပ်မိခဲ့ပေမယ့် သက်သေလိုက်ရရင် အလုပ်ပျက် အကိုင်ပျက်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မှာ စိုးလို့ရော၊ တရားခံဘက်ကမှန်းမှာ စိုးတာရော ဘယ်သူမှ မပြောကြ။ ရဲတွေ ဘယ်လိုစစ်စစ် ဘူးခံငြင်းကြသည်။

အခု တရားခံက HIV နောက်ဆုံးအဆင့်ရောက်ပြီး သေကာနီးမှ လာဝန်ခံတာ။ ဒါတောင် ဦးအိမ်စည်ကို ဒီအမှုအတွက် ဖမ်းထားတယ်ဆိုလို့ လာဝန်ခံတာပါ။ ကဲ … ဘဝဆိုတာ မရှုပ်ထွေးဘူးလားကွယ်။

❋ ❖ ❋



ဦးအိမ်စည် တစ်ယောက် လူ့ဘောင်ကို စွန့်ခွာပါပြီ။ ဦးတိုးလည်း သာသနာ့ဘောင် လိုက်ဝင်သည်။

မစွန့်ခင် ပိုင်ဆိုင်သမျှအားလုံးနဲ့ ဂေဟာကို လူမှုဝန်ထမ်းဦးစီးဌာနကို လှူသွားသည်။

ထိုသတင်းကြားတော့ ဒုရဲအုပ်အငယ်လေး လာတွေ့သည်။

“အဖေကြီး”

“အဲဒီလိုခေါ်စရာမလိုတော့ဘူးလေ အငယ်လေး”

“လေးစားလို့ ခေါ်တာပါ။ အဖေကြီး သာသနာ့ဘောင်ဝင်တော့မယ်ဆို”

“ဟုတ်တယ်”



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဒီအမှုကို ထောက်လှမ်းနေတာ ကြာပါပြီ။ အဖေကြီး မသတ်ဘူးဆိုတာ သိပါတယ်၊ ဒါပေမဲ့ တိုင်တဲ့သူရှိလို့ လုပ်ရိုးလုပ်စဉ်အရ လုပ်ရတာပါ"

"သဘောပေါက်ပါတယ်။ မင်းတောင် ငါနဲ့အတူ အသက်ဘေးနီးခဲ့သေးတာပဲ"

"ကျွန်တော် တစ်ခုမေးချင်လို့ပါ။ နတ်ကတော် တော်တော်များများက တစ်ရာမှာ ကိုးဆယ့်ငါးခါလောက် မဝင်ဘူးလို့ ပြောကြတယ်။ အဖေကြီးကတော့ အမြဲဝင်တယ်နော်။ အဖေကြီးမှာ နည်းလမ်းတစ်ခုခုတော့ ရှိသလိုပဲ"

"ဟင်း ... ရှိတာပေါ့၊ ဂါထာသုံးပုဒ်ရှိတာ။ နတ်ပင့်ဂါထာ၊ နတ်ချော့ဂါထာ၊ နတ်ပို့ဂါထာဆိုပြီး သုံးပုဒ်ရှိတယ်။ တကယ်ထိရောက်တဲ့ ဂါထာတွေပေါ့။ နတ်တွေကို တကယ်ပင့်နိုင်ပို့နိုင်၊ နတ်တွေသဘောကျ ချော့နိုင်တဲ့ ဂါထာတွေ။ အဲဒီဂါထာရွတ်ရင် နတ်တွေ ကြားတယ်။ ဒါပေမဲ့ ရွတ်တဲ့သူက အကျင့်သီလ ပြည့်စုံစင်ကြယ်ရတယ်။ အနေအထိုင်မှန်ရတယ်။ အိမ်ထောင်တောင် မပြုရဘူး။ ဘုရားရဲ့တရားတော်တွေကို လိုက်နာကျင့်သုံးရတယ်။ အဲဒါမှ အဲဒီဂါထာ





တွေက အစွမ်းထက်တာ။ အဲဒီဂါထာတွေသုံးပြီး နတ်တွေပင့်။ သူတစ်ပါးအပေါ် မကောင်းကြံဖို့ ကြိုးစားရင်လည်း အဲဒီလူပဲ အဆပေါင်းများစွာ ပြန်ခံစားရလိမ့်မယ်။ အဲဒီဂါထာတွေသုံးပြီး လူသားတွေကို ကူညီလို့ပဲ ရတယ်။ ချောက်ချလို့ မရဘူး"

"ကောင်းလိုက်တာ အဖေကြီးရယ်။ အဖေကြီး သာသနာ့ဘောင် အပြီးဝင်တော့မှာဆိုရင် အဲဒီဂါထာကို အမွေမပေးခဲ့တော့ဘူးလား"

"အဲဒီဂါထာကို ပထမတန်းစားလူတွေပဲ အသုံးတည့်မှာလေ။ လက်ဆင့်ကမ်းပေးလောက်တဲ့ ပထမတန်းစားလူ ငါမတွေ့သေးဘူး။ ပြီးတော့ မတော်တဆ မသမာသူလက်ထဲရောက်ပြီး မသုံးတတ်ရင် လူတွေ ဒုက္ခရောက်ကြမှာ။ ငါကလေ ဂါထာလေးသုံးပုဒ်ပဲရတာ။ ကျန်တာ ငါမတတ်ဘူး။ အဲဒီဂါထာလေးရွတ်ပြီး ကနားစီးလုပ်ခဲ့တာ။ မတော်တဆ ဒီဂါထာတွေ မကောင်းတဲ့သူတွေဆီ ရောက်သွားမှာစိုးလို့ ငါ လက်ဆင့်မကမ်းဘူးလို့ ဆုံးဖြတ်ထားတယ်။ နတ်တွေကလည်း နောင် ဘုရားမပွင့်ခင် သာသနာပြုနေ



www.burmeseclassic.com

www.burmeseclassic.com



ကြတာပါ။ အဓိက ဘုရားဟော တရားဒေသနာတော်တွေကို ယုံကြည်စွာ လေ့လာလိုက်နာရင် အပူငြိမ်းပြီး ကောင်းတာပဲ ဖြစ်မှာပါကွယ်။ နတ်ကို ပူဇော်ပသတယ် ဆိုတာက ဆေးမြီးတိုနဲ့လက်ပူတိုက်ရသလိုပဲ။ အခန့်မသင့်ရင် ဒုက္ခရောက်တတ်တယ်ကွယ့်"

"ဟုတ်ကဲ့ပါ အဖေကြီး"

"အေး ... အငယ်လေး၊ လောကမှာ ပထမတန်းစားလူဖြစ်အောင် မနေနိုင်ရင်တောင် အောက်တန်းစားတော့ မဖြစ်စေနဲ့ကွယ်။ ကဲ ... ငါနဲ့ဦးတိုးလည်း အချိန်ရှိတုန်းလေး လုပ်စရာရှိတာ လုပ်လိုက်ဦးမယ်"

"အဖေကြီး ကျွန်တော် ရဟန်းဒါယကာ လုပ်ပါရစေ။ ကျွန်တော့်ကို ကုသိုလ်မျှပါ"

အဲဒီလိုနဲ့ ဦးအိမ်စည်နဲ့ ဦးတိုးကို အငယ်လေးက ရဟန်းဒါယကာ ခံလိုက်သည်။ ကောလာဟလတွေလည်း ပျောက်သွားသည်။

ဦးအိမ်စည်အပေါ် လူတိုင်း နားလည်သွားကြ၏။ အငယ်လေးဆီက တစ်ဆင့်စကား တစ်ဆင့်နားနဲ့ပဲ ပျံ့သွားတာပါ။





ဒါပေမဲ့ ဦးအိမ်စည် တဖြစ်လဲ ဦးပဥ္စင်းတစ်ပါး ဖြစ်သွားပေမယ့် အကျိုးမျှော်သူတွေက လာရောက်ကိုးကွယ်ကာ လူ့ဘဝလောက အပူတွေအတွက် အကူအညီ လာတောင်းကြပြန်သည်။

ဦးပဥ္စင်းကျောင်းထဲမှာ နောက်ဆုံးပေါ်ကားတွေ တန်းစီနေပြန်သည်။ တန်ခိုးကြီးဆရာတော်ကြီးတစ်ပါးလို လာကိုးကွယ်ကြပြန်သည်။

ဒါပေမဲ့ ဦးပဥ္စင်းက ဘာမှလဲ မလုပ်ပေး။ ပရိသတ်ကိုလည်း လက်မခံ။ နောက်ဆုံးတော့ ဦးပဥ္စင်း ကျောင်းပြောင်းသွားခဲ့သည်။

ဘယ်ကိုပြောင်းသွားလဲဆိုတာ ဦးတိုး တဖြစ်လဲ ဦးပဥ္စင်းကြီးတောင် မသိတော့၊

အားလုံးစိတ်ထဲမှာ ပထမတန်းစား လူတစ်ယောက် အကြောင်း တသသ ကျန်ခဲ့သည်။

အမိမဲ့သား ရေနည်းငါပေမယ့်လည်း ပထမတန်းစား လူ ဖြစ်နိုင်ပါတယ်။ ရွှေလင်ပန်းနဲ့ အချင်းဆေးပြီး အောက်တန်းစားဖြစ်သွားတာတွေလည်း တစ်ပုံကြီးမို့ လူတစ်ယောက်ရဲ့အဆင့်



www.burmeseclassic.com

www.burmeseclassic.com



အတန်းဆိုတာ အဲဒီလူရဲ့ ပြုမူဆောင်ရွက်ချက်တွေနဲ့ပဲ သက်ဆိုင်ပါတယ်လို့။

PS ။ စာရေးသူ၏ စိတ်ကူးယဉ်သက်သက်မျှသာ ဖြစ်ပါကြောင်း။

မွေးမြူလန်းဆန်း ဘာဝပန်းကို

ထာဝရ ပန်ဆင်နိုင်ကြပါစေ

**ရွှန်းရမီမိုး**

ဝေဖန်စာ၊ အကြံပေးစာနှင့် မိတ်ဆက်စာများ ပေးပို့ပါလျှင်
အမှတ်-၉/၁၁၊ ၈-လွှာ(ဝ)၊ ဧယျာဝတီလမ်း(ဗဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။

www.burmeseclassic.com